www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၆၅၉၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၉၈၁၀၀၉

အကြိမ် – ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)–

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြဲ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တြိစက္က

ယက္ခလိုဏ်ဂူမာယာ/ တြိစက္က၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၀၉။

၂၉၉ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ယက္ခလိုဏ်ဂူမာယာ


BURMESE CLASSIC

## ဒဿနလင်္ကာဆောင်

✶ အချစ်ဆိုတာ အပြင်ပန်းကကြည့်ရင် ကမာကောင်ရဲ့ အခွံလို ကြမ်းတမ်းလှပေမယ့် အထဲမှာတော့ နူးညံ့လှစွာတဲ့ပုလဲလုံးလို နှစ်သက်ဖွယ်ရာတွေရှိတတ်ပါတယ်။

✶ အနိမ့်မှာမပျော်တဲ့ သိန်းငှက်တစ်ကောင်ဟာ သူ့ဘဝရဲ့အချိန်အတော်များများမှာ လေထဲမှာစံနေတယ်ဆိုပေမယ့် ရေသောက်ဖို့အတွက်တော့ မြေပြင်ပေါ်ကို မလွှဲမသွေ ဆင်းရလေ့ရှိပါတယ်။

✶ ရွှေဟာ တန်ဖိုးရှိတယ်ဆိုပေမယ့် သူ့ထက်တန်ဖိုးရှိတဲ့ ပတ္တမြားနဲ့တွဲလိုက်ရင်တော့ သူ့ရဲ့ မူလတန်ဖိုး ပျောက်သွားတတ်ပါတယ်၊ လူတွေက ရွှေလက်စွပ်လို့ခေါ်တာထက် ပတ္တမြားလက်စွပ်လို့ခေါ်တာကို ပိုပြီးနှစ်သက်ကြတယ်။

✶ အရင်တုန်းက မိန်းမနဲ့ယောကျ်ား လက်တွဲတော့မယ်ဆိုရင် 'အချစ်'က အရေးအကြီးဆုံးပါပဲ။ အခုအခါမှာတော့ အချစ်ထက်ပိုပြီး အရေးကြီးတာတွေ ရှိနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

* ငြိမ်သက်နေတဲ့လေဟာ ခုန်ကိုင်းကို ခေါ်လာတတ်ပါတယ်။ အိမ်ထောင်ဖက်နှစ်ယောက် ဒါမှမဟုတ် ချစ်သူနှစ်ဦးတို့ ငြိမ်သက်နေခြင်း(မပွင့်လင်းမှု)ဟာ ပြိုကွဲခြင်းကို ဖြစ်စေတတ်ပါတယ်။

* တောထဲမှာ သူတစ်ပါးဖောက်ထားတဲ့လမ်းဟောင်းကို သက်သက်သာသာနဲ့သွားရင် အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ အသီးအပွင့်ဆိုလို့ ဘာတစ်ခုမှရမှာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာအပင်ပန်းခံပြီး လမ်းသစ်ဖောက်မှ သင် လိုချင်တာတွေ ရမှာပါ။

* ရေများရုံနဲ့ ငါးမပျော် ...
လေများရုံနဲ့ ငှက်တွေမပျော် ...
ငွေများနေရုံနဲ့ စိတ်မပျော်နိုင်သော ဘဝအတွက် ...
အရေးကြီးတဲ့အချက်တစ်ခုကို ရှာကြည့်ပါ။

* သင့်ဘဝအတွက် တစ်ဆင့်ပြီးတစ်ဆင့်တက်သော လှေကားများတွင်
ပထမ ... မိခင်နို့ရည်သော အကောင်းဆုံး
ဒုတိယ ... ပညာရှာခြင်းသော အကောင်းဆုံး
တတိယ ... အချစ်စစ်ရှာခြြင်းသာ အကောင်းဆုံး
စတုတ္ထ ... စီးပွားဥစ္စာရှာခြင်းသာ အကောင်းဆုံးနှင့်
နောက်ဆုံး တရားရှာဖို့တော့ မမေ့ပါလေနှင့် ...

* ဆူးရှိတဲ့ပန်းပွင့်တိုင်း အဖူးဒဏ်ခံနိုင်ကြပါတယ်၊ အဖူးဒဏ်အခံရဆုံး လူတွေရဲ့ရင်ထဲမှာလည်း ဆူးတွေ ရှိနိုင်ပါတယ်။

* လူတစ်ယောက်က သင့်ကို အထင်အမြင်သေးတဲ့ မျက်လုံးနဲ့
ကြည့်လာရင် သင် သူ့ကို ခွင့်လွှတ်လိုက်ပါ ...၊
ဘာကြောင့်လဲဆိုတော့ အဲဒီလူကို အတ္တ၊ မာနီမာန၊ မစ္ဆရိယ တစ်မျိုးမျိုးက နှိပ်စက်နေလို့ပါပဲ ...။

* ပန်းတစ်ပွင့်ရဲ့တန်ဖိုးဟာ မကြွေခင်အထိပဲ ရှိပါတယ်။ မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးကတော့ ဆုံးဖြတ်ချက် မမှားမချင်းရှိပါတယ်။

* အလွန်မြင့်တဲ့တောင်ထိပ်တစ်ခုကို သင်မှလွဲပြီး အခြားသူများ မရောက်နိုင်ဘူးလို့ ထင်နေတဲ့အချိန်မှာ ... တောင်ထိပ်ပေါ်မှာ သင့်အရင် ရောက်နှင့်နေသူတွေက သင့်ကို ငုံ့ကြည့်နေကြလိမ့်မည်ကို သတိရပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) ကဝေမြောင်ရွာမှ ကာလသားကလေး

အခန်း (၂) အန္တရာယ်ခရီး အစ

အခန်း (၃) အမှောင်တွင်းမှ လူသတ်ကောင်

အခန်း (၄) ရန်ငြိုးရန်စပေလော

အခန်း (၅) ဘီလူးလွှား လူဝံနီလား

အခန်း (၆) ခရီးထွက်ရန်ပြင်ကြလေပြီ

အခန်း (၇) ဆင်တောင်ရွာမှ သဲလွန်စ

အခန်း (၈) မြိုတောအတွင်းမှ အန္တရာယ်

အခန်း (၉) ကဝေမြောင်မှ ထူးဆန်းသောနတ်ကွန်း

အခန်း (၁၀) ကဝေမြောင်မှ အတ္တမီးတောက်များ

အခန်း (၁၁) တောနက်ထဲမှ လျှို့ဝှက်ရန်သူ

အခန်း (၁၂) ပွဲဦးထွက်ပစ်မှတ်

အခန်း (၁၃) ရင်ဆိုင်တိုက်ပွဲ

အခန်း (၁၄) လောဘသားတို့၏နိဂုံး

အခန်း (၁၅) လူဝံနီတို့ရဲ့ လျှို့ဝှက်သချိုင်း

အခန်း (၁၆) ရန်ငြိုးရန်ချေ ကျေပါစေတော့




အခန်း (၁)

## ကဝေမြောင်ရွာမှ ကာလသားကလေး

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က ပဲခူးရိုးမဟုခေါ်တွင်ကြသော အလယ်ရိုးမတောကြီး၏ တောနက်ထဲတစ်နေရာတွင် ရွာကြီးတစ်ရွာ ရှိခဲ့ပေသည်။

ထိုရွာကြီး၏အမည်မှာ ကညင်မြောင်ရွာ ဟူ၍ ဖြစ်သည်။ တကယ်တော့ အလယ်ရိုးမဟု အမည်ပေးထားသည့်အတိုင်း ပဲခူးရိုးမကြီးမှာ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထင်ရှားသောရိုးမကြီးတစ်ခု ဖြစ်ရုံမက အခြား တိုင်းနှင့်ပြည်နယ်အရှေ့ဘက်စူးစူးတွင် ကရင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် ကယားပြည်နယ်၊ အနောက်တောင်ဘက်တွင် ဧရာဝတီတိုင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ယွန်းယွန်းတွင် ယောနယ်တို့နှင့် ဆက်နွယ်လျက်ရှိပေသည်။

၎င်းနှင့်ဆက်နွယ်နေသောနေရာများမှာလည်း သဘာဝတော



www.burmeseclassic.com

www.burmeseclassic.com



တောင်ထူထပ်သောနေရာများဖြစ်သည်။ တောင်ဘက်မှ ရန်ကုန်တိုင်းနှင့် မြောက်ဘက်မှ မကွေးတိုင်းတို့ကတော့ တောတောင်ထူထပ်မှု သိပ်မရှိလှသော်လည်း ရခိုင်ပြည်နယ်ဘက်မှ ရခိုင်ရိုးမနှင့် ကရင်ပြည်နယ်ဘက်မှ တောင်စဉ်တောင်တန်းများကတော့ လူသူအရောက်အပေါက်နည်းပြီး သဘာဝတိရစ္ဆာန်ကြီးများ ပေါများလှပေသည်။

ယခု အလယ်ရိုးမတောတွင်းတစ်နေရာတွင်ရှိသော ကညင်ပြောင်ရွာမှာ ကညင်ပြောင်ကို အစွဲပြုပြီး ထိုအမည်ဖြစ်ပေါ် နေခြင်းဖြစ်ကာ ထိုရွာမှာနေကြသူများမှာ ကရင်လူမျိုးလည်းမဟုတ်၊ ရခိုင်လူမျိုး၊ ဗမာလူမျိုးလည်းမဟုတ်ဘဲ ယောနယ်ဘက်မှဆင်းလာသူများနှင့်လည်း မတူပေ။

ထိုရွာတွင်နေကြသူများကတော့ အများအားဖြင့် ကရင်စကားကို တတ်ကျွမ်းကြလေသည်။

ကညင်ပြောင်ရွာတွင်နေကြသူများမှာ တောနက်ထဲနေကြသူများပီပီ မည်သည့်ရွာ၊ မည်သည့်လူမျိုးနှင့်မှလည်း အဆက်အသွယ်မလုပ်ကြချေ။

မြို့ ဆိုတာ ဝေလာဝေး။

အနီးဝန်းကျင်ရှိ အခြားရွာများသို့လည်း သွားလာဆက်ဆံခြင်း မပြုကြပေ။

၎င်းတို့က အခြားနေရာသို့ မသွားသလို အခြားမှလူများ လာ





လျှင်လည်း မကြိုဆိုကြပေ။

တစ်ခါတစ်ရံ သစ်ခုတ်ဝန်ထမ်းများ၊ အမဲလိုက်သူများ ရောက်လာလျှင်သော်မှ ရွာထဲသို့ လုံးဝ အဝင်မခံကြပေ။

၎င်းတို့သည် ဘေးပတ်လည်တွင် ကျောက်ဆောင်နံရံနှင့် သစ်တောကြီးများ ကာရံထားသော လျှိုမြောင်တစ်ခုကြားတွင် ရွာတည်ထားခြင်းဖြစ်ပြီး ဘေးဘက်များမှ တောင်မြင့်နံရံများခံနေသောကြောင့် ဝင်လို့မရဘဲ အရှေ့နှင့်အနောက်မှသာ အတွင်းသို့ဝင်ထွက်မှု ပြုလုပ်ကြသည်။

ရွာအဝင်အထွက်တံခါးမှာ အရှေ့နှင့်အနောက် နှစ်ပေါက်ရှိပြီး လုပ်ငန်းများအတွက် အဝင်အထွက်ပြုလုပ်ရာတွင် အရှေ့ဘက်တံခါးပေါက်ကို အသုံးပြုပြီး သာရေးနာရေးကိစ္စများရှိမှ အနောက်ဘက်တံခါးကို အသုံးပြုကြလေသည်။ ကညင်ပြောင်ရွာသား ကိုင်ဆောင်သော လက်နက်များမှာ ဓားရှည်၊ လှံနှင့် လေးမြား စသည်တို့ဖြစ်သည်။

၎င်းတို့သည် ဒူးလေး၊ လင်းလေးသာမက မှုတ်ပြောင်းများကိုပင် အသုံးပြုလေ့ရှိပြီး ၎င်းတို့ကိုယ်တိုင် ဖော်စပ်အသုံးပြုသော အဆိပ်မှာ အစွမ်းထက်လှသည်။

အထက်နယ်ဘက်များတွင် အသုံးပြုသော တစ်ချွေခုန်နှင့် ချွေခုန်အဆိပ်များကဲ့သို့ အစွမ်းထက်လှသော 'ဆင်တောင်' အဆိပ်ဟု အမည်ပေးထားသောအဆိပ်တစ်မျိုးကို အသုံးပြုလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကညင်မြောင်ရွာသူရွာသားများမှာ တောနက်ထဲမှာ သီးသန့်နေကြသည်ဆိုသော်လည်း သစ္စာရှိကြသူများဖြစ်သည်။

၎င်းတို့ကို အန္တရာယ်မပေးလျှင် သူတို့ကလည်း အကြောင်းမဲ့မည်သူ့ကိုမျှ အန္တရာယ်ပေးလေ့မရှိပေ။

အချို့ ...၊

၎င်းတို့နှင့်ဆက်ဆံဖူးသူများ၏ပြောပြချက်အရ ၎င်းတို့သည် မျက်ရည်ပေါက်ကြီးငယ် သုံးခါကျသည်အထိ ပြုလုပ်လျှင်သော်လည်းကောင်း၊ ခွေမျိုးမိသားစုများ ပြိုကွဲပျက်စီးအောင် ပြုလုပ်လျှင်သော်လည်းကောင်း

သည်းခံခွင့်မလွှတ်နိုင်အောင် နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ကာမှ တုံ့ပြန်လေ့ရှိကြသည်။

ထိုသို့တုံ့ပြန်ရာမှာလည်း အခြားနည်းလမ်း မရှိကြပေ။ အသက်ကို သေအောင်သတ်နိုင်သော တစ်ချက်လွှတ်နည်းများကိုသာ အသုံးပြုလေ့ရှိသည်။

ကညင်မြောင်ရွာမှာ နေထိုင်ကြသူအများစုမှာ အမဲလိုက်ခြင်းဖြင့်သာ အသက်မွေးလေ့ရှိသည်။

အချို့လည်း ရေရရှိနိုင်သောလွင်ပြင်များ၊ ကမ်းစပ်နေရာများတွင် ရာသီထွက် သီးပင်စားပင်များကို စိုက်ပျိုးကြသည်။

၎င်းတို့အချင်းချင်း ပစ္စည်းဖြင့် လဲလှယ်စားသောက်ကြသည်မှလွဲ၍ ငွေကြေးဖြင့်ရောင်းချခြင်းမျိုး မရှိကြပေ။





သူတို့အတွက် အစားအသောက်မှလွဲ၍ ငွေကြေးအပါအဝင် အခြားပစ္စည်းများမှာ အသုံးမဝင်လှပေ။

တစ်နေ့တွင် ရိုးမသစ်တောစခန်းတစ်ခုမှ သစ်တောဝန်ထမ်းသုံးယောက်တို့ ကညင်မြောင်စခန်းသို့ ရောက်လာကြသည်။ ၎င်းတို့သည် သစ်ကွက်အခြေအနေများ လှည့်လည်ကြည့်ရှုရင်းနှင့် အမဲပစ်ထွက်လာကြခြင်းဖြစ်၏။ ရွာတံခါးဝရောက်သောအခါ တံခါးပိတ်ထားသောကြောင့် ရွာအတွင်းသို့ ဝင်ခွင့်မရပေ။

ထိုအခါ စခန်းတာဝန်ခံ ဂျူပန်က ...

"ဒါ ဘာရွာလဲ"

"ကျွန်တော်တို့လဲမသိဘူး မာစတာ၊ ဒီကို တစ်ခေါက်မှ မရောက်ဖူးဘူး"

"ကျုပ် ကြားဖူးတာတော့ တောနက်ထဲမှာ ကညင်မြောင် ဆိုတဲ့ရွာတစ်ရွာ ရှိတယ်လို့ ကြားဖူးတယ်၊ ဒီရွာများဖြစ်မလားမသိဘူး"

စခန်းတာဝန်ခံ၏အမေးကို ကျန်နှစ်ယောက်က ဇဝေဇဝါဖြင့်သာ အဖြေပေးနိုင်[illegible]သည်။

"သူတို့က ဘာ[illegible] ဒီတံခါးကို ပိတ်ထားတာလဲ"

"ကျွန်တော် ကြားဖူးတာကတော့ ဒီရွာလူတွေက သူတို့ရွာကို တခြားလူတွေ လာတာ မကြိုက်လို့ အဲဒီလို တံခါးပိတ်ထားတာ[illegible]"

"ကျုပ်တို့က မြန်မာပြည်ကိုတောင် အုပ်ချုပ်နေတာ[illegible]ရွာကိုလဲ ကျုပ်တို့မာစတာတွေပိုင်တဲ့ သစ်တောထဲမှာ[illegible]ဘာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ပိုင်တာပဲပေါ့ အခုချက်ချင်း တံခါးဖွင့်ပေးပါ ကျုပ် ရွာထဲဝင်ကြည့်မယ်၊ သူတို့ရွာထဲမှာ သစ်တွေခိုးပြီး ဖုက်ချင်ဖုက်ထားနိုင်တယ်"

ဟု ရှုတ်ပြောနေသောကြောင့် ကျန်နှစ်ယောက်က မတတ်သာတော့သဖြင့် ရွာထဲမှလူများကို ခေါ်ပေးရလေသည်။

ခဏကြာတော့ ရွာသားအချို့နှင့် ရွာလူကြီး ထွက်လာသည်။

သို့သော် ...

ရွာတံခါးကိုဖွင့်မပေးဘဲ သူတို့ချည်း အပြင်သို့ထွက်လာခြင်းဖြစ်၏။ အားလုံး ဆယ်ယောက်ခန့်ရှိပြီး လက်ထဲမှာလည်း ဒူးလေး၊ လင်းလေးနှင့် ဓားလှံများ အသီးသီးကိုင်ထားကြသည်။

"ဘာကိစ္စရှိလဲ"

ကရင်ဘာသာစကားဖြင့် မေးလိုက်ခြင်းဖြစ်သည်။ သူတို့အထဲမှာ ကရင်အမျိုးသားတစ်ယောက် ပါသဖြင့် သူကပင် ပြန်ပြောလေသည်။

"ကျုပ်တို့က အလယ်ရိုးမသစ်တောစခန်းက တာဝန်ရှိသူတွေပဲ၊ ဒီမှာ မာစတာလဲပါလာတယ်၊ သူက ဒီရွာထဲကို ခဏဝင်ကြည့်မို့ ပြောနေတယ်"

"တို့ရွာထဲမှာ ဘာမှမရှိဘူး"

"ဒါပေမယ့် သူ ဝင်ကြည့်မယ်ဆိုရင် တံခါးဖွင့်ပေးလိုက်ပါ"

"တို့ရွာထဲကို တခြားလူ အဝင်မခံဘူး၊ ဝင်တာကိုလဲ မကြိုက်





ဘူး"

ရွာလူကြီးက လေသံမာမာဖြင့် ပြောသည်။

"မာစတာတွေကို ဒီလိုပြောလို့မရဘူး၊ သူတို့ စိတ်ဆိုးသွားရင် တစ်ရွာလုံး မီးလောင်ပြာကျသွားလိမ့်မယ်"

ထိုသို့ပြောလိုက်သောအခါ ရွာလူကြီးနှင့်ပါလာသူများက ၎င်းတို့တွင်ပါလာသောလက်နက်များကို ပြင်လိုက်သည်နှင့် ရှေ့မှ စကားပြောနေသော တောခေါင်းက ၎င်းလက်ထဲမှသေနတ်ကို မောင်းတင်ကာ ရှေ့ဆုံးမှတစ်ယောက်ကို ပစ်ချလိုက်သည်။

"ဒိုင်း ..."

"အား ..."

ကျယ်လောင်သောသေနတ်သံများနှင့်အတူ ထိုလူမှာ နောက်သို့ 'ဒိုင်း' ခနဲ လဲကျသွားသောအခါမှ ကျန်လူများက နောက်သို့ဆုတ်ပေးလိုက်ကြသည်။

"တို့ကို မခန့်လေးစားလုပ်ငံ့တဲ့လူတွေ နင်တို့တစ်ရွာလုံးကို မီးနဲ့တိုက်ပစ်မယ်"

ဟု ကြိမ်းမောင်းပြောဆိုသောအခါမှ ရွာလူကြီးမှာအချိုးပြောင်းသွားလေတော့သည်။

"စိတ်မရှိပါနဲ့ ကျုပ်လူတွေအတွက် တောင်းပန်ပါတယ်၊ ရွာထဲဝင်ကြည့်မယ်ဆိုရင် စိတ်တိုင်းကျကြည့်နိုင်ပါတယ်"

ဟု ပြောရင်း သူ့လူများဘက်သို့လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဒီအလောင်းကို ဘီလူးစားသွားကျွေးလိုက်"

ဟု ပြောလိုက်ရာ လူစိမ်းသုံးယောက်မှာ အံ့ဩသွားကြလေသည်။

"ဟင်... ဒီမှာ ဘီလူးရှိတယ် ဟုတ်လား"

"ရွာထဲမှာမရှိဘူး။ ဟိုးတောနက်ထဲမှာရှိတယ်၊ ကျုပ်တို့ရွာက လူတွေသေရင် ဘီလူးစားသွားကျွေးပစ်လိုက်တယ်"

"ဟင် ..."

ထိုစကားကြောင့် လူသုံးယောက်မှာ အနည်းငယ် ကြောက်စိတ်ဝင်လာမိတော့သည်။

"ဟော့ ... ဧည့်သည်တွေကို တို့ရွာက အကောင်းဆုံးအရက်နဲ့ အစားအသောက်တွေနဲ့ ဧည့်ခံဖို့စီစဉ်ထားလိုက်ကြ"

ဟု ရွာလူကြီးက လှမ်းပြောလိုက်သောအခါ ရွာသူရွာသားများက သေနတ်ဒဏ်ရာဖြင့်သေဆုံးနေသောအလောင်းကို ယူဆောင်ကာ ရွာထဲသို့ ပြန်ဝင်သွားကြသည်။

"ရွာထဲလိုက်ခဲ့ပါ"

ရွာလူကြီးက ဦးဆောင်ခေါ်သွားသဖြင့် သုံးယောက်သား ရွာတွင်းသို့ဝင်လိုက်သွားကြသည်။

ထိုသို့ဝင်လိုက်သွားရင်းမှပင် သေနတ်များကို အဆင်သင့်ကိုင်ကာ သတိမလစ်အောင် ဂရုစိုက်နေကြရသည်။

အထဲသို့ရောက်သောအခါ လမ်း ဟူ၍ မည်မည်ရရမရှိဘဲ အိမ်





တို့အိမ်ကြား သစ်ပင်ကြိုသစ်ပင်ကြားမှ သွားကြရသဖြင့် တစ်နေရာရာမှ ချောင်းမြောင်းလုပ်ကြံမည်ကို စိုးရိမ်နေရသည်။

သို့သော် ...

သူတို့အနားမှာ ရွာလူကြီးတစ်ယောက်လုံး ရှိနေသောကြောင့် အနည်းငယ် စိတ်အေးဖွယ်ရာတော့ရှိနေပြီ။

"ဒါ ဘာရွာလဲ"

"ရှေးကတော့ ကဝေမြောင်ရွာလို့ခေါ်တယ်၊ အခုတော့ ကညင်မြောင်ရွာလို့ ခေါ်ကြတယ်"

"ခင်ဗျားနာမည်က ဘယ်သူလဲ"

"ဒဿ"

ရွာလူကြီး တိုတိုတုတ်တုတ်ပင် အဖြေပေးသည်။

ကညင်မြောင်ရွာမှာ ဆောက်ထားသောအိမ်များမှာ အများအားဖြင့်တော့ ခြေတံရှည်အိမ်များဖြစ်သည်။

သစ်ဝါးများကိုအသုံးပြု၍ဆောက်ထားကြပြီး စလူဖက်၊ ဓနိဖက်များကို အမိုးမိုးထားသည်။

အိမ်တိုင်းလိုလိုပင် အိမ်အောက်မှာ ဆန်ဖွပ်သောဓမောင်းတံများ ဆင်ထားသည်ကိုတွေ့ရသည်။

ထူးခြားချက်မှာ သူတို့ရွာတွင်းသို့ဝင်သွားသောအချိန်တွင် ရွာထဲမှာ လူတစ်ယောက်မှမမြင်ရခြင်းပင်။

အချို့အိမ်များအောက်မှာ အမဲလိုက်ခွေးကြီးများကို ကြိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချည်ထားသည်ကိုတွေ့ရပြီး ခွေးများက လူစိမ်းများကိုမြင်သောအခါ စူးစူးဝါးဝါးထိုးဟောင်နေကြသည်။

ကြိုးချည်ထား၍သာ တော်ရေသည်၊ မဟုတ်ပါက တရကြမ်း ပြေးဝင်လာပြီး ကိုက်တော့မည့်ပုံမျိုးပင်။

စောစောက သူတို့အိမ်ရင်ဝင်သွားသူများကိုပင် မတွေ့ရဘဲ ရွာသူရွာသားဆိုလို့ ကလေးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် ...

"ဒီရွာမှာ လူတွေမရှိကြဘူးလား"

ဟု မေးလိုက်သည်။

"ရှိပါတယ်"

"တစ်ယောက်မှမမြင်ပါလား"

"သူတို့က လူစိမ်းဆိုရင် အတွေ့မခံကြပါဘူး"

"ဘာကြောင့်လဲ"

"ရှာခလေ့မို့ပါ"

ရွာလူကြီးအသက ပြန်ပြောရင်း သူ့အိမ်ကို ခေါ်သွားသည်။ သူ့အိမ်မှာ ရွာလယ်ပိုင်းလောက်မှာရှိသည်။ ကျွန်းတိုင်များနှင့် ဆောက်လုပ်ထားပြီး ဝါးထရံကာ၍ ဝါးများကိုအလယ်မှခြမ်းကာ အမိုးအဖြစ်မိုးထားသည်။

ထိုအိမ်ရောက်ကာမှ စောစောကလူများကို ပြန်တွေ့ရသည်။ ရွာသားများသည် သူတို့အတွက် စားသောက်စရာများ ပြင်ဆင်ပေးကြသည်။





အစားအသောက်ကတော့ အင ဘွအထူးမဟုတ်ပေ။

သူတို့ရွာမှာပင် စိမ်ရက်လုပ်ထားသော မီးတောက်ချက်အရက်နှင့် အသားဟင်းများပင်ဖြစ်၏။

ဂျစန်တစ်ယောက်နှင့် တောအုပ်တောခေါင်း နှစ်ယောက်မှာ အာနက်ထဲမှာ မျက်စိလည်ကာ မောပန်းလာသောကြောင့် ကညင်ခြောင်ရွာသားများကျွေးသော အစားအသောက်များကို အားရပါးရ စားသောက်ကြသည်။

"ဒီချက်အရက်က တယ်ကောင်းပါလား။ နိုင်ငံခြားဖြစ်အရက် ဆိုပါပဲလား"

ဟု ပြောဆိုချီးမွမ်းကာ တစ်ယောက်တစ်ခွက်စီ သောက်ကြသည်။ ထိုသို့သောက်နေရင်းမှပင် တစ်စုံတစ်ခုကို သတိရသဖြင့် ...

"မင်းတို့ ဒီအစားအစာတွေထဲမှာ အဆိပ်တွေဘာတွေများ ထည့်ထားကြသလား"

ဟု မေးလိုက်သည်။

"ကျုပ်တို့သာ အဆိပ်ထည့်ရင် ထမင်းတစ်လုတ် ပါးစပ်ထဲ ခပ်တာနဲ့ ဘိုင်းမဲ့လဲသေတာ ကြာရောပေါ့"

ဟု ပြောတော့မှ စိတ်ချလက်ချ စားသောက်ကြလေသည်။ သောအခါမှ ...

"ကျုပ်တို့ရွာထဲ လိုက်စစ်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးကမေးသည်။

"မစစ်တော့ပါဘူး။ စောစောက ရွာသားတစ်ယောက်ကို ဖ

သတ်ရတာ စိတ်မကောင်းပါဘူး၊ ကျုပ်တို့ ပြန်တော့မယ်"

ဟု ပြောဆိုကာ ကညင်ခြောင်ရွာမှ ပြန်ထွက်ခဲ့ကြသည်။

သူတို့ပြန်ထွက်တော့ ရွာလူကြီးက ရွာတံခါးပေါက်ဝအထိ လိုက်ပို့

ပေးသည်။

အရက်ကလေးတတွေ့တွေ့နှင့်ပြန်လာကြသော ဂျပန် တ

ယောက်နှင့် တောအုပ်တောခေါင်းနှစ်ယောက်တို့မှာ လမ်းရော

သောအခါမှ အန္တရာယ်ဆိုးများနှင့် ကြုံရလေတော့သည်။

သူတို့ကြုံတွေ့ရသောအန္တရာယ်မှာ လွန်စွာကြောက်မက်ဖွယ

ကောင်းလှပေတော့သည်။

တောနက်အတွင်းသို့ရောက်သောအခါ သူတို့နောက်သို့ တော

နင်းလိုက်လာသောခြေသံကြီးကို စတင် ကြားရတော့သည်။

"နောက်ဘက်က တောတိုးလာတဲ့ခြေသံတွေ ကြားနေ

တယ်"

"ဟုတ်တယ် မာစတာ"

"တောကောင်တွေပဲဖြစ်မလား။ ဟိုရွာသားတွေများ နော

က လိုက်ချောင်းနေသလား"

စခန်းတာဝန်ခံ၏စကားကြောင့် ကျန်နှစ်ယောက်မှာ စဝေဝေ

ဖြစ်သွားကြသည်။





"လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် လက်မနှေးကြစေနဲ့ သေနတ်

ခံခွင့်ကို ကျုပ် ခွင့်ပေးတယ်"

"စိတ်ချပါ မာစတာ"

ဂျပန်အရာရှိစကားကြောင့် ကျန်နှစ်ယောက်မှာ စိတ်ဓာတ်

တက်ကြွမှုဖြစ်ကာ သေနတ်တပြင်ပြင်ဖြစ်နေကြသည်။

သို့သော် ...

သူတို့သည် နောက်ထပ် တောင်ကုန်းတစ်ကုန်းလောက်

ကျော်လိုက်ကြသောအခါ ကိုယ့်ခြေထောက်ကို မသယ်ချင်လောက်

အောင်ဖြစ်ကာ နုံးခွေလာကြတော့သည်။

ခေါင်းထဲမှာလည်း တရိပ်ရိပ်မူးတက်လာကာ မျက်လုံးများပင်

ပြာတက်လာလေတော့သည်။

ပထမတော့ ကညင်ခြောင်ရွာမှသောက်လာသော အရက်

ကြောင့် ထိုသို့ဖြစ်သည်ဟုထင်မိကြသော်လည်း ကြာလာသည်နှင့်

အမျှ အရက်မူးတာနှင့်မတူဘဲ တစ်ကိုယ်လုံးရှိအားအင်များကို နုတ်

ယူလိုက်သကဲ့သို့ဖြစ်ကာ နောက်ဆုံး မတတ်သာတော့ဘဲ သစ်ချုံ

များအနီးတွင် အသီးသီးလဲကျသွားလေတော့သည်။

၎င်းတို့အချင်းချင်းမှာပင် ကြည့်နေရင်းနှင့် ဝေဝေဝါးဝါးဖြစ်လာ

ပြီး မိမိကို အန္တရာယ်ပြုမည့်အန္တရာယ်ကောင်များသဖွယ် မြင်ယောင်

လာလေရာ အနီးတွင်လွတ်ကျနေသောသေနတ်များကို အသီးသီး

ကောက်ယူရန်ကြိုးစားကြသော်လည်း လက်များက ဆုံးဝလှုပ်မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

ထိုအချိန်မှာပင် တောစပ်မှ တစ်လှမ်းချင်းနင်းလာသောခြေသံကြီးများကို ကြားလိုက်ရသည်။

"ဟင် ..."

သူတို့သုံးယောက်မှာ ရှေ့ ဘွကသဘလှုပ်မရတော့သော်လည်း မျက်လုံးများကတော့ ပတ်ဝန်းကျင်ကို မြင်နေရသေးသည်။ တောနက်ထဲမှ တစ်လှမ်းချင်းလှမ်းလာသောခြေသံကြီးများမှာ တဖြည်းဖြည်းနှင့်နီးလာပြီး မကြာမီ သစ်ပင်များကြားမှ ကြောက်မက်ဖွယ်ရာ မျက်နှာခဲ့အသွင်အပြင်နှင့် အရုပ်အမောင်းမြင့်မားလှသော လူလိုလို တိရစ္ဆာန်လိုလို သတ္တဝါကြီးများဖြစ်သည်။ မကြာမီ ...

သတ္တဝါကြီးသုံးယောက်မှာ သူတို့သုံးယောက်အနီးသို့ ရောက်လာလေတော့သည်။

မရှေးမနှောင်းမှာပင် ကြောက်မက်ဖွယ်ရာအော်သံကြီးများ ပေါ်ထွက်လာလေတော့သည်။

လူသားသုံးဦး၏ ကံကြမ္မာကား ...။

✳✳✳✳✳





အခန်း (၂)

## အန္တရာယ်ခရီး ဒ၀

ဆင်မတောင်ရွာသည် ရိုးမတောအစပ်တွင် တန်းထားသောရွာကြီးတစ်ရွာဖြစ်သည်။

ထိုရွာမှ ယခုရက်ပိုင်း၌ လပိုင်းအတွင်းမှာမှ သတင်းအရေးအဆန်းတစ်ခု ပေါ်နေလေသည်။

ထိုသတင်းမှာ အခြားမဟုတ်ပေ။

မြစိမ်းတောင်ပေါ်သို့ တက်ကြသူတိုင်း လူ့ဘီလူးကြီးများနှင့်တွေ့ကာ အသက်ဆုံးရှုံးရသည်ဟူသော သတင်းပင်ဖြစ်၏။ သေဆုံးကြသူများမှာ မနည်းတော့ပေ။

ဆင်မတောင်ရွာသာမက အခြားအနီးဝန်းကျင်ရွာမှ တောတက်သူများမှာလည်း ထိုကဲ့သို့ အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ကာ အသက်ဆုံးကြသူများရှိနေသည်။

www.burmeseclassic.com



ရွာသားများက လိုက်လံရှာဖွေကြသောအခါ သေဆုံးသူများမှာ ခြေ တခြား၊ လက် တခြား၊ လက်ကြွင်းလက်ပြတ်နှင့် စက်ကျိုးရှိသေနေသည်ကိုသာ တွေ့ကြရသည်။

ကျား၊ ကျားသစ်များ ကိုက်ချီသွားသကဲ့သို့ အသားများကို စားသောက်ထားခြင်းမျိုးတော့ မတွေ့ရပေ။

တစ်ခါတစ်ရံ ဘီလူးနှင့်သဏ္ဌာန်တူသော သတ္တဝါကြီးများမှာ လူနေသောရွာများအနီးသို့ပင် ဆင်းလာတတ်သည်ဟု သတင်းများ ရရှိနေသောကြောင့် တောင်ခြေနှင့်နီးသောရွာများမှာ နေ့တထိတ်ထိတ် ညတထိတ်ထိတ် ရှိနေကြလေသည်။

ဝမ်းစာအတွက် တောင်ပေါ်တက်ကြသူများမှာလည်း ယခင်ကလို တစ်ယောက်ချင်း ၊ နှစ်ယောက်ချင်း အရဲစွန့်၍မသွားဝံ့ကြတော့ဘဲ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အ ုန်းအချက်ပြကာ အုပ်စုဖွဲ့၍သွားကြလေသည်။ ထိုသတင်းများကြောင့် ရွာအသီးသီးမှ သူကြီးများတို့သည် မိမိတို့ရွာများကို ခါတိုင်းလို ပေါ့ပေါ့တန်တန်မထားကြတော့ဘဲ ရွာပတ်လည်ကို ခြံစည်းရိုးများကာရံခြင်း၊ အစောင့်များထားခြင်းစသော အကာအကွယ်များကို ဂရုတစိုက်ပြုလုပ်ကြလေသည်။ ရွာသူရွာသား အတော်များများမှာ မိမိတို့မျက်စိဖြင့်မမြင်ရစေကာမူ သတင်းကြားရုံနှင့် ကြောက်ရွံ့နေကြသော်လည်း အချို့က တော့ ယုံကြည်မှုမရှိကြပေ။

တမင်တကာ ပုံကြီးချဲ့၍ မကြောက်ကြောက်အောင်ပြောနေ





ကြသည်ဟုထင်နေသည်။

ထိုအထဲတွင် ဆင်မတောင်ရွာမှ ရွာသားများဖြစ်ကြသော မြင့်ဆောင်၊ စိုးဝင်းနှင့် ဗိုက်ကြီး တို့သုံးယောက်လည်း အပါအဝင်ဖြစ်သည်။ ၎င်းတို့သုံးယောက်သည် တောလိုက်ခြင်း၊ အမဲပစ်ခြင်းနှင့် တစ်ခါတစ်ရံ လမ်းပြဂွားရမ်းသူလာပါက လိုက်လှေ့ရှိသော တစ်ယူသန် တစ်ဖွတ်ထိုးများဖြစ်ကြသည်။

သူတို့သည် စိတ်တူကိုယ်တူ သုံးယောက်တစ်ဖွဲ့ဖြစ်သည်။ ၎င်းတို့အဖွဲ့၏ခေါင်းဆောင်မှာ မြင့်ဖဆောင် ဖြစ်ပြီး သူ့ဆီမှာ တောထဲတွင် သေဆုံးနေသူတစ်ဦးထံမှ အမှတ်မထင်ရရှိထားသော သေနတ်တစ်လက်နှင့်ကျည်ဆန်အချို့ရှိသဖြင့် နေရာတကာ မြောက်ကြွမြောက်ကြွဖြစ်နေသည်။

ထိုခေတ်အခါက သူကြီးများပင် နှစ်လုံးပြူးသေနတ်တစ်လက် ကိုင်နိုင်ဖို့ခဲယဉ်းပေရာ အမဲပစ်သေနတ်တစ်လက်ရှိသော သူ့အဖို့ကတော့ ကြွားချင်စရာပင်။

သို့သော် …

တောအုပ် ၊ တောခေါင်းများ ရွာသို့ရောက်လာလျှင်တော့ သူ့သေနတ်ကို လုံခြုံအောင်ဝှက်ထားရပေသည်။

ရွာသူရွာသားများကလည်း မိမိတို့ရွာတွင် သေနတ်တစ်လက် ရှိနေခြင်းက အားကိုးစရာတစ်ခုဟု ထင်နေသည်က တစ်ကြောင်း၊ မြင့်ဆောင်ကိုကြောက်ကြသည်ကတစ်ကြောင်းကြောင့် ဘယ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မှ ဖွင့်မပြောကြသောကြောင့် ထိုသေနတ်မှာ မြင့်ဆောင်ထံမှာ ရှိမြဲရှိနေခြင်းဖြစ်၏။

မြင့်ဆောင်ကလည်း ထိုသေနတ်ရှိနေခြင်းကြောင့် ခြောက်ခြားခြောက်ကြွဖြစ်နေခြင်းဖြစ်၏။

"ကျွန်ုပ်က ရွာသူရွာသားတွေဟာ အကောင်ကို မဟုတ်မဟုတ် ပြောတတ်ကြတယ်"

"ဘာပြောလို့လဲ"

"မင်းတို့ မကြားမိဘူးလား။ မြစ်မင်းဗောင်ညိုတောထဲတက်ကြသူတွေ ဘီလူးသတ်လို့သေတာတဲ့၊ နည်းမှောဘတာမှမဟုတ်တာ၊ ဘီလူးဆိုတာ ဒီအချိန်ကျမှ ဘယ်ကနေဘယ်လို ပေါ်လာတယ်မသိပါဘူး"

မြင့်ဆောင် က အရက်တစ်ခွက်ကို မော့သောက်ရင်း ပြောလိုက်သည်။

"ဒါထက် မေးပါရစေဦး ကိုမြင့်ဆောင်ရဲ့"

"ဘာမေးမှာလဲ"

"ဘီလူးဆိုတာ တကယ်ရောရှိလို့လား"

"ရှေးကတော့ ရှိမှာပေါ့ကွာ။ အဘွားဝကဘီလူးတို့ တာနော ယက္ခဘီလူးတို့ဆိုတာ စာတ်တော်တွေထဲမှာ ရှိနေတာပဲ၊ အခု ကာလမှာတော့ ဘီလူးလက်ကျန်ရှိနေတယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"





"ဒါဖြင့် တောထဲမှာ လူတွေကိုလိုက်သတ်နေတာ ဘယ်လိုသတ္တဝါမျိုးဖြစ်မလဲ"

"တောထဲမှာ လူတွေကိုသတ်နိုင်တဲ့ သတ္တဝါတွေ အများကြီးရှိတာပဲ၊ တစ်ကောင်မဟုတ် တစ်ကောင်တော့ဖြစ်မှာပေါ့"

"တစ်စွန်းတစ်စတွေ့ဖူးတဲ့ ရွာသားတွေပြောပြတာကတော့ အကောင်ကိုကြောက်စရာကောင်းတယ်လို့ပြောကြတယ်"

"ငါတော့ မကြောက်ပါဘူးကွာ။ ဒီသေနတ်နဲ့တွေ့လို့ကတော့ ဘယ်လိုသတ္တဝါမျိုးဖြစ်ဖြစ် မလွယ်ဘူးမှတ်ပေတော့"

မြင့်ဆောင်သည် အရက်ကလေးတစေ့စေ့နှင့် အာပေါင် အာရင်းသန်သန်နှင့် ပြောဆိုနေလေသည်။

တစ်နေ့သောအခါ ၎င်းတို့ ဆင်မတောင်ရွာ လူကြီး ဦးဘိုးရဲ့ နေအိမ်သို့ တစ်ရပ်တစ်ကျေးမှလာကြဟန်ရှိသော လူသုံးယောက် ရောက်လာကြသည်။

ဦးဘိုးရဲ ကတော့ ခရီးဝေးမှရောက်လာဟန်ရှိသော ဧည့်သည်များကို ရွာခံတို့၏ဝတ္တရားအတိုင်း ကောင်းမွန်စွာ ကြိုဆိုဧည့်ခံလေသည်။

"ဘယ်ကရွှားလာကြတာပါလဲ"

ထိုသို့မေးသောအခါ အရပ်မြင့်မြင့်နှင့် သျှောင်တစောင်းထုံးထားသောလူကြီးက ...

"ကျုပ်တို့က အောက်ဘက်နယ်ကလာကြတဲ့ဧည့်သည်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနယ်ဘက်ကို ကိစ္စကလေးတစ်ခုနှင့် လာကြတာပါ"

ဟု ပြန်ပြောသည်။

"ကျုပ်က ရွာလူကြီး ဦးဘိုးရုပ်ပါ။ မိတ်ဆွေကြီးတို့အတွက် တတ်နိုင်တဲ့အကူအညီမျိုးဆိုရင် ပေးပါမယ်"

ဦးဘိုးရုံ က အိမ်ရှင်ဝတ္တရားပီပီ ပြောလိုက်သည်။

ထိုအခါ ဦးသည်ကြီးက ...

"ဒီလိုပါ။ ဒီရိုးမထဲမှာရှိတဲ့ မြစိမ်းတောင်ညိုတောင်တန်းပေါ်မှာ ကျောက်လက်ဖဲ့တောင်ဆိုတာ ရှိတယ်လို့ သတင်းကြားရပါတယ်၊ အဲဒါ ဟုတ်ပါသလား"

ဟု မေးလိုက်သောအခါ ရွာလူကြီးဦးဘိုးရုံ သာမက အနားမှာထိုင်နေသော ရွာသူရွာသားအချို့ပင် မျက်စိမျက်နှာပျက်သွားကြသည်။

"ရှိ ...ရှိပါတယ်"

"ကျုပ်တို့က အဲဒီတောင်ကိုသွားချင်လို့ ဒီကိုလာကြတာပါ"

"ဘာ.. ဘာသွားလုပ်ကြမှာလဲဟင်"

"ကျုပ်က ဆေးပင် ဆေးမြစ် ဆေးဥတွေလိုက်ရှာနေတဲ့ ဆေးဆရာပါ။ အဲဒီတောင်ပေါ်မှာ ဂမုန်းနက်ဥတွေ သွားရှာဖို့ပါ။ အဲဒါ ဒီရွာမှာ လမ်းပြလိုက်ပေးမယ့်လူရှိရင် ငှားချင်ပါတယ်"

ထိုစကား ကြားသောအခါ ဦးဘိုးရုံ က ...

"ဒီ... ဒီလိုရှိပါတယ်၊ တခြားဘက်တွေသွားမယ်ဆိုရင် လမ်းပြ





လိုက်မယ့်လူတွေရှိပါတယ်၊ အဲ... အဲဒီ မြစိမ်းတောင်ညိုတောင်တန်းဘက် သွားမယ်ဆိုရင်တော့ လမ်းပြလိုက်မယ့်လူ မရနိုင်ပါဘူး ဆရာကြီး"

ဟု ရှင်းပြလိုက်သည်။

"ဘာကြောင့်လဲဗျ"

"အဲဒီဘက် တောရှည်းနည်းကြမ်းလို့ တချို့လူတွေက မလိုက်ငုံကြပါဘူး"

ဦးဘိုးရုံကတော့ လူကြီးပီပီ စကားကို အုပ်အုပ်ဆိုင်းဆိုင်း ပြောလေသည်။

ထိုအခါ ဆေးဆရာ သာဂရ ဆိုသူကလည်း အလျှော့ပေးလိုက်ဟန်မရှိဘဲ ...

"ဒီလိုပါ ဆရာကြီး။ ကျုပ်တို့လိုချင်တဲ့ ဂမုန်းမျိုးတွေကလဲ အဲဒီနေရာမှာပဲရှိလို့ တခြားနေရာကိုသွားရှာလို့မရနိုင်ပါဘူး။ ဂမုန်းဆိုတာ သိပ္ပံရှိတဲ့အပင်မျိုးဆိုတော့ နေရာတိုင်းမှာမရှိသလို တစ်နေရာတည်းမှာလဲ အချိန်အကြာကြီးမနေတတ်ဘူး။ ဒီလ, ဒီရာသီ, ဒီနေ့တွေတော့ စိုးမိုးတဲ့အချိန်မှာ အဲဒီတောင်ပေါ်မှာ သွားရှာမှ ရနိုင်မှာမို့ မဖြစ်မနေသွားရှာရမှာပါ"

ဟု ရှင်းပြလေရာ ဦးဘိုးရုံမှာ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်လေသည်။

"ကျုပ်... ကျုပ်က အန္တရာယ်ဖြစ်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်မပူပါနဲ့ ကျုပ်တို့မှာ ဘယ်လို အန္တရာယ်မဆို ကာကွယ်နိုင်တဲ့ ဆေးကောင်း၊ အဆောင်ကောင်းတွေ ပါလာပါတယ်၊ ဘယ်လိုအန္တရာယ်နဲ့တွေ့တွေ့ ကြောက်ဖို့မလိုပါဘူး"

ဆေးဆရာက ထိုသို့ပြောလိုက်သောအခါ ဦးဘိုးရံအနီးတွင် ထိုင်နေကြသော ရွာသားတစ်ယောက်က ဦးဘိုးရံနားအနီးသို့ကပ်၍ တစ်စုံတစ်ခုပြောလိုက်လေသည်။

ထိုအခါမှ ဦးဘိုးရံ က ...

"ဒီလိုဆိုရင် ဆရာကြီးတို့ ခရေနွေးကြမ်းသောက်ရင်း ဒီမှာ စောလေးစောင့်ကြပါ၊ ရွာထဲမှာ လမ်းပြလိုက်တဲ့လူတွေတော့ရှိပါတယ်၊ လိုက်နိုင်၊ မလိုက်နိုင် သွားမေးခိုင်းလိုက်ပါမယ်"

ဟု ပြောကာ ရွာသားတစ်ယောက်ကို ရွာထဲလွှတ်လိုက်လေသည်။ ထိုရွာသားထွက်သွားသောအခါ ဦးဘိုးရံ က ဧည့်သည်များကို လက်ဖက်ရည်ကြမ်း၊ အသားခြောက်မီးဖုတ်များဖြင့် ဧည့်ခံထားလေသည်။

"ကျုပ်က ဆရာကြီးတို့ကို အဲဒီတောတွေဘက်ကို မသွားစေချင်တာက အန္တရာယ်နဲ့တွေ့မှာစိုးလို့ စေတနာနဲ့ တားရတာပါ။ ဒါထက် တစ်ဆိတ်လောက်မေးပါရစေ ..."

"မေးပါဗျာ"

"ဆရာကြီးတို့ ဒီလောက်အရေးတကြီးရှာတဲ့ ဂမုန်းနက်ဆိုတာ အဝေါ်အစွမ်းထက်တာမျိုးလားဗျ"





ထိုအခါ ဆေးဆရာကြီးက ငှင်းလွယ်အိတ်အတွင်းမှ ကွမ်းဘူးကို ထုတ်ပြီး အထဲမှ ကွမ်းတစ်ယာကိုယူကာ ပါးစပ်ထဲသို့ ထည့်လိုက်ပြီးမှ ရှင်းပြလေသည်။

"ဂမုန်းမျိုးပေါင်းတစ်ထောင်ကျော်ရှိတယ်ဗျ။ ဂမုန်းနွယ်မှန်သမျှ တန်ခိုးရှိတယ်၊ သိဒ္ဓိရှိတယ်၊ ကောင်းကျိုး ဆိုးကျိုးတွေကို ပေးနိုင်တယ်၊ အဲဒီအထဲမှာမှ ဂမုန်းနတ်၊ ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းခွေးသွား၊ ဂမုန်းခွေးသွားဖြူ၊ ဂမုန်းခွေးသွားကြောင်၊ ဂမုန်းလိပ်မတွား၊ ဂမုန်းရှန်သွား၊ ဂမုန်းတကို၊ ဂမုန်းခါးစင်း ဆိုတဲ့ ဆယ်မျိုးက သိဒ္ဓိပြီးပါတယ်"

"ဆက်ပြောပြပါဦး"

"ဂမုန်းနက်ကိုသာတွေ့အောင်ရှာနိုင်ရင် ဘယ်လိုအန္တရာယ်မျိုးကိုမဆို နိုင်နင်းနိုင်ပါတယ်"

"အဲဒါ ဘာကြောင့်လဲဟင်"

"အဲဒါကတော့ သာမန်တွေထက်ထူးလို့ တန်ခိုးထက်တယ် ဆိုရင် ပိုပြီးမှန်နိုင်ပါတယ်၊ ဆေးကျော်ဝင်အလို့ငှာ ရှင်မေဓနိယာရေးသော ကျမ်းထားခဲ့တဲ့ ဆေးဝင်နက်ပေါင်း(၂၄)မျိုးရှိပါတယ်"

"ဘာတွေပါလိမ့်"

ဆေးဆရာကြီးက ပါးစပ်တွင်းမှကွမ်းတံတွေးကို ကြမ်းပေါက်အောက်သို့ထွေးချလိုက်ပြီး စကားဆက်သည်။

"ဆေးမင်နက်ပေါင်း(၂၄)ဝင်က ...(၁) ဗဟန်းနက် (၂) ဇလဲ ပဲကျောက်ချဥ်နက် (၃) ကန့်ကူခံနက် (၄) ပယင်းနက် (၅)



www.burmeseclassic.com

www.burmeseclassic.com



စယင်းနက် (၆) လကြီးနက် (၇) အကြိုက်နက် (၈) မဟူရာနက် (၉) သန္တာနက် (၁၀) ကန့်ကျွတ်နက် (၁၁) နနွင်းနက် (၁၂) တမ်းနက် (၁၃) ဆပ်ချိုနက် (၁၄) ဒေါ်ရင်းနက် (၁၅) ဗေလင်နက် (၁၆) သက်ရင်းနက် (၁၇) ကျွန်းနက် (၁၈) နေဇာနက် (၁၉) နေကြာနက် (၂၀) ပြိန်းနက် (၂၁) စကားနက် (၂၂) သနင်နက် (၂၃) ဒန့်ဒကူးနက် (၂၄) ဂမုန်းနက် ဆိုပြီး (၂၄)မျိုးရှိတယ်"

"ကျုပ်တော့ ဒီအသက်အရွယ်ရောက်နေပြီ ဒီအပင်တွေကို မြင်ဖူးဖို့ဝေးရော နာမည်တွေမပေးဘဲ အခုပြောမှ ကြားဖူးတော့တယ်"

ဦးဘိုးရုံ က ဝန်ခံပြောဆိုလေသည်။

"ဒီအပင်တွေက သိဒ္ဓိရှိတော့ အကျင့်စရဏာမရှိရင် မတွေ့နိုင်၊ မမြင်နိုင်ဘူးဗျ"

"ဒါဖြင့် ဆရာကြီးတို့ကရော ဘယ်လိုရအောင်လုပ်မှာလဲဗျာ"

ဦးဘိုးရုံ က အရိုးခံအတိုင်းပင်မေးလိုက်သည်။

ထိုအခါ ဆေးဆရာကြီး က ...

"ခင်ဗျားကလဲ လူကဲခတ်အတော်ညံ့တာပဲပေါ့။ ဒီလိုသိဒ္ဓိရှိတဲ့အပင်မျိုးဆိုတာ သာမန်လူတွေ မရှာနိုင်ဘူး။ မရှာဝံ့ဘူး။ အစောင့်အရှောက်ကြီးတော့ ကိုယ့်မှာ အကျင့်စရဏ မကောင်းရင် ခံရတတ်တယ်၊ ဒီလိုဆေးပင်တွေကိုရှာတော့မယ်ဆိုရင် အဓိဋ္ဌာန်ဝင်ရတယ်၊ ကိုယ်ကျင့်သီလကောင်းအောင် ကျင့်ကြံအားထုတ်ရတယ်၊ ပြီးမှ





အရှင်မေနိယာရသေ့ကို ပင့်ခေါ်ခွင့်ပန်ပြီးမှ ရှာရတာမျိုးဗျ"

ဟု ပြောဆိုရှင်းပြသောအခါ ဦးဘိုးရုံမှာ ဆေးဆရာ သာဂရဆိုသူကို များစွာအထင်ကြီးမှုဖြစ်မိလေသည်။

အတန်ကြာသောအခါ ဈေးဘက်ထွက်သွားသောရွာသားနှင့်အတူ လူသုံးယောက်ပါလာသည်။

အခြားသူများမဟုတ်ပေ။

မြင့်ဆောင် တို့သုံးယောက်ပင်ဖြစ်၏။

"သူကြီးက အခေါ်ခိုင်းတယ်ဆိုလို့ ဘာကိစ္စရှိလို့လဲ"

မြင့်ဆောင် က မေးသည်။

"တခြားတော့မဟုတ်ပါဘူးကွာ၊ ဟောဒီကဆေးသည်တွေက အမ်းမြို့သွားချင်တယ်ဆိုလို့ မင်းတို့များ လိုက်နိုင်မလားလို့ ခေါ်မေးကြည့်တာပါ"

"လိုက်တာတော့လိုက်နိုင်ပါတယ်၊ ဆရာကြီးတို့က ဘယ်နေရာကိုသွားချင်တာလဲ"

"ကျုပ်တို့က မြစ်မီးတောင်ညိုတန်းက ကျောက်လက်ဝါးတောင်ကို သွားချင်တာပါ"

"ကိစ္စက အရေးကြီးလို့လား"

"ကျုပ်က ဆေးဆရာဆိုတော့ ဆေးမြစ်ဆေးဥရှာဖို့အတွက်ဆိုပါတော့ ..."

"လိုက်ပို့တာကတော့ ပို့ပေးနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



တွေက အန္တရာယ်သိပ်များလို့ တခြားလူတွေခေါ်ရင်လဲ လိုက်ခဲ့ပြ
မယ်မထင်ဘူး၊ ကျုပ်တို့ လိုက်ပို့ပေးရမယ်ဆိုရင်လဲ လမ်းပြခ၊ ကတော
ထိုက်ထိုက်တန်တန် ရမှဖြစ်မှာ"

"လိုက်ပို့ပေးမယ်ဆိုတာနဲ့တင် ကျေးဇူးတင်လှပါပြီ၊ စားစရိတ်
ငြိမ်း တစ်ယောက်ကို ငွေငါးဆယ်စီပေးပါ့မယ်"

"ဒီလောက်တော့ နည်းပါတယ်၊ အသက်စွန့်ပြီးလိုက်ပို့ပေးရ
ဆိုတော့ တစ်ယောက်ကို လမ်းပြခ တစ်ရာစီရရင် လိုက်ပို့ပေးမယ်"

မြင့်ဆောင် က သူတို့အဖွဲ့မှလွဲ၍ အခြားလူ မပို့နိုင်မှန်း ကြိုးသေ
ပေါက်သိနေသဖြင့် ဈေးကိုင်နေလေသည်။

"ကျုပ်တို့က ကုန်သည်တွေလဲမဟုတ်တော့ ငွေကြေး မတော
တင်းလှပါဘူး၊ မောင်ရင်တို့ဘက်ကလဲ နည်းနည်းလျှော့၊ ကျုပ်တ
ကလဲ တိုးပေးပါ့မယ်၊ ဒီတော့ တစ်ယောက်ကို (၇၅)ကျပ်ပေးပါ့မယ်
သဘောတူကြရဲ့လား"

ဆေးဆရာပေးသောငွေမှာ သူတို့လို တောထဲမှာနေသူများအ
လေး၊ ငါးလနေလို့ တစ်ခါမမြင်ဘူးသောငွေပမာဏဖြစ်သဖြင့် လမ်းပြ
ပေးရန် သဘောတူကြသည်။

"ဒီလိုဆိုရင်လဲ လိုက်ပို့ပေးဖို့ သဘောတူပါတယ်၊ ဆရာကြီးတို့
က ဘယ်တော့လောက် ခရီးထွက်ကြဖို့စိတ်ကူးထားပါသလဲ"

"မောင်ရင်တို့ ပို့ပေးတဲ့အချိန် သွားကြရုံပါပဲ"

"တောင်ပေါ်ရောက်ရင် စောင့်ပေးရဦးမှာလား"





"မလိုပါဘူးကွယ်၊ ကျုပ်တို့က ကျောက်လက်ဝါးတောင်ပေါ်
ရောက်ရင် ဆေးပင်ဆေးဥတွေ လိုက်ရှာရင် ကြာဦးမှာဆိုတော့
ကျောက်လက်ဝါးတောင်ပေါ် လိုက်ပို့ပေးပြီးတာနဲ့ မောင်ရင်တို့
ပြန်လာလို့ရပါတယ်"

"ကောင်းပြီ၊ ဒီလိုဖြင့် ကျွန်တော်တို့ ခရီးထွက်ဖို့ လိုအပ်တဲ့
ပစ္စည်းတွေ သွားယူပြီး ချက်ချင်း ပြန်လာခဲ့ပါ့မယ်၊ ဆရာကြီးတို့
ဒီတာပဲ စောင့်နေကြပေါ့"

"ကောင်းပါပြီကွယ်"

ထို့နောက် မြင့်ဆောင်တို့သုံးယောက်သား တက်ကြွသော
အမူအရာဖြင့် ရွာထဲသို့ ပြန်သွားကြလေသည်။

တကယ်တော့ ...

ထိုခရီးသည် သူတို့အတွက် အန္တရာယ်ကြီးလှသောခရီးဖြစ်မှန်း
ထိုစဉ်က သူတို့တစ်တွေ ကြိုတင်မသိနိုင်ခဲ့ကြပေ။

✳ ✳ ✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## အမှောင်တွင်းမှ လူသတ်ကောင်

ခရီးထွက်ကြရာတွင် ဆေးဆရာအဖွဲ့က သုံးယောက်၊ လမ်းပြအဖွဲ့က သုံးယောက်ဖြင့် အားလုံးခြောက်ယောက်ဖြစ်သည်။

လက်နက်ကတော့ မြင့်ဆောင်ထံမှာ သေနတ်တစ်လက်ပါပြီး ကျန်နှစ်ယောက်စီမှာ ဒူးလေးတစ်လက်၊ လင်းလေးတစ်လက်ပါပြီး အဆိပ်လူးမြားဘူးများ ပါလာကြသည်။

ဆေးဆရာသုံးယောက်မှာတော့ လွယ်အိတ်တစ်လုံးစီနှင့် ဓားနှင့်ဆေးမြစ်တူးရန် တူးရွင်းတစ်လက်သာပါလာသည်။

သူတို့သည် ရွာမှ ရိက္ခာများ ထည့်ယူခဲ့ပြီး ၊နက်စောစောမှာ ခရီးစ,ထွက်ကြသည်။

ထို့နောက် ...

တောင်ခြေကိုပတ်စီးနေသောချောင်းရိုးအတိုင်း တစ်နေရာသို့





ရောက်သောအခါ သောင်ပြင်တစ်နေရာတွင် ချောင်းစပ်သို့ဆင်းသွားသောခြေရာကြီးများကို အံ့ဩဖွယ်ရာတွေ့ကြရသည်။ ခြေရာကြီးများမှာ အလျားတစ်တောင်ကျော်ခန့်ရှိပြီး အနံနှစ်ထွာကျော်ကျော်ခန့်ကျယ်လေသည်။

ခြေလှမ်းတစ်လှမ်း၏အကျယ်မှာပင် တစ်လံကျော်ကျော်ခန့် ကျယ်ဝန်းသည်ကိုတွေ့ကြရသည်။

"ခြေရာတွေက ကြီးလှချည်လား"

"ဟုတ်တယ်၊ လူဝံတွေများဖြစ်လေမလား"

"အခုတလော ဒီဘက်နယ်တွေမှာ ဘီလူးတွေ ရောက်နေတယ်လို့ သတင်းကြားရတာ ဟုတ်များဟုတ်နေရော့မလား"

"ဘာကောင်ပဲဖြစ်ဖြစ်ကွာတွေ့လို့ကတော့ သေနင်္ဂါးအမိပဲ"

ဟု တစ်ယောက်တစ်မျိုးပြောဆိုနေကြသော်လည်း ထိုခြေရာကြီးများကို မြင်လိုက်ရသဖြင့် လူခြောက်ယောက်၏စိတ်ထဲမှာတော့ နိမိတ်မကောင်းစိတ်များ အသီးသီးဝင်သွားကြလေသည်။

ခြေရာကြီးများမှာ ချောင်းစပ်ဘက်သို့ဆင်းသွားတာတွေ့ရပြီး ရေစပ်ရောက်တော့ ပျောက်သွားလေသည်။

ချောင်းမှာ သိပ်မကျယ်လှသဖြင့် တစ်ဖက်ကမ်းသို့လှမ်းကြည့်လိုက်တော့ သောင်ပြင်ပေါ်မှ တောစပ်ဘက်သို့တက်သွားသော ခြေရာစွတ်ကြောင်းကြီးကို အတိုင်းသား လှမ်းမြင်ရလေသည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချောင်းရိုးအတိုင်း ချောင်းများဘက်သို့ ဓရီးဆက်ခဲ့ကြပြီး ထိုချောင်းများဆုံးသောအခါ ရေတံခွန်တစ်ခုအနီးမှ လှိုဏ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ထိုလှိုဏ်ကြီးထဲရောက်သွားသောအခါ အပုပ်နံ့များရသဖြင့် ပါလာသောလက်နက်များကို အဆင်သင့်ပြင်ပြီး သတိနှင့် ရှေ့သို့ တိုးဝင်သွားသောအခါ လှိုဏ်ကြီး၏အောက်ဘက် ကျောက်တုံးများပေါ်တွင် လူသေအလောင်းနှစ်လောင်းတင်နေသည်ကိုတွေ့ရသည်။

လူသေများမှာ ဖျက်နာများက ကျောဘက်သို့ ရောက်နေသဖြင့် ဇက်ကျိုးသေဆုံးနေခြင်းဖြစ်မည်ဟု ခန့်မှန်းကြသည်။

ထိုနေရာတစ်ဝိုက်တွင် အပုပ်နံ့များက လှိုင်နေပြီး ယင်မည်းရိုင်းများက တဝေါဝေါနှင့် ဝိုင်းအုံနေသည်။

သို့ကြောင့် ...

ထိုနေရာမှ အမြန်ဆုံးခွာခဲ့ကြပြီး လှိုဏ်အတိုင်း တောင်ပေါ်သို့ တက်လာကြသည်။

လှိုဏ်သည် အတန်ငယ်မတ်စောက်သဖြင့် ခက်ခက်ခဲခဲတက်ကြရပြီးမှ တောင်ပေါ်သို့ရောက်ကြသည်။

တောင်ပေါ်ရောက်သောအခါ မြင့်ဆောင် က ...

"ဒါ မြစိမ်းတောင်ညိုတောင်ကြောပဲ၊ ဒီကနေ အနောက်ဘက်စူးစူးကို နေ့ဝက်ခရီးလောက်သွားရင် ဆရာကြီးတို့ သွားချင်တဲ့ကျောက်လက်ဝါးတောင်ကို ရောက်မှာပါ"





ဟု ပြောသည်။

"ဒါပေမယ့် အခု မွန်းတည့်တော့မှာဆိုတော့ အရိပ်ကောင်းတဲ့သစ်ပင်တစ်ပင်အောက်မှာ ခဏနားရင်း မနက်စာလေး ဘာလေးစားကြရအောင်"

ဟု ဆေးဆရာကြီးက ပြောသဖြင့် တောင်စောင်းတစ်နေရာတွင်ရှိသော ညောင်လန်းပင်ကြီးတစ်ပင်အရိပ်အောက်သို့ ဝင်နားကြရင်း ပါလာသောအစားအသောက်များကို စားသောက်ကြသည်။

ထိုသို့စားသောက်နေစဉ် တောနက်ထဲမှ ထူးခြားသော အသံအချို့ကို ကြားလိုက်ရသည်။

"အူ ... ဝူ ... ဝူး ..."

"အူ ... ဝူ ... ဝူး ..."

အသံများမှာ အသည်းနှလုံးကို လက်အေးကြီးဖြင့် ဆုပ်ကိုင်ဆိတ်သလို ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆွဲဆွဲငင်ငင်ဆဲ ထွက်လာခြင်းဖြစ်၏။

ထို့ပြင် ...

တစ်နေရာတည်းမှကြားနေရခြင်းမဟုတ်ဘဲ နှစ်နေရာ၊ သုံးနေရာမှ ခွဲပြီးကြားနေရခြင်းပင်ဖြစ်သည်။

"အူ ... ဝူ ... ဝူး ..."

"ဘာကောင်တွေအော်တဲ့အသံတွေလဲ"

"မှတ်ပါရဲ့၊ အသံတွေကလဲ ကြောက်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးတွေအော်သံများလား"

"ဈေးတော့မဟုတ်နိုင်ဘူး။ အခုအော်သံတွေက အသံ အတော်ကျယ်တယ်၊ လူဝံတွေများဖြစ်လေမလား"

ဟု တစ်ယောက်တစ်မျိုး ထင်ကြေးပေးကာ ပြောဆိုနေကြလေသည်။

"ဒါထက် ဆရာကြီးတို့က ကျောက်လက်ဝါးတောင်ကိုသွားမှာ ဖြစ်မှာလား။ တခြားနေရာတွေမှာ ဆေးမြစ်ဆေးဥရှာရင်ကော မရနိုင်ဘူးလား"

ဟု စိုးဝင်း က မေးလိုက်သည်။

သူ့အမူအရာမှာ ရှေ့သို့ ခရီးမဆက်ချင်တော့ဘဲ နောက်ကြောင်းပြန်လှည့်ချင်နေသောအမူအရာမျိုးပေါ်နေသည်။

"ကျုပ်တို့အလုပ်က အဲဒီလိုမျိုး အဆင်ပြေတဲ့နေရာမျိုးမှာ လိုက်ရှာလို့ မဖြစ်လို့ပါကွယ်၊ သိန္ဒိရှိတဲ့ဆေးမြစ်ဆေးဥတွေဆိုတာ နေရာတိုင်းမှ မရှိနိုင်ပါဘူး။ ဘာလဲ … မောင်ရင်တို့က အဲဒီဘက် လိုက်ရမှာ ကြောက်နေလို့လားဟင်"

ဆေးဆရာသာဂရက ဖွင့်ဖွင့်လင်းလင်းမေးလိုက်သည်။

"မကြောက်ပါဘူး။ ကျုပ်တို့က ကြောက်လို့ပြောနေတာမဟုတ်ပါဘူး။ အန္တရာယ်များတဲ့နေရာမို့လို့ စေတနာနဲ့ပြောတာပါ"

ဟု စိုးဝင်းက ပျာပျာသလဲ ပြန်ပြောလေသည်။

"ကျုပ်တို့နဲ့လိုက်လာမှတော့ ဘယ်လိုအန္တရာယ်မျိုးမှ ကြောက်စရာမလိုပါဘူးကွယ်၊ ကျုပ်ဆီမှာ ဘယ်လိုအန္တရာယ်မျိုးမဆို နိုင်တဲ့ဆေးစွမ်းကောင်းတွေ ပါလာပါတယ်"





"ဟင် …၊ ဘယ်လိုဆေးမျိုးတွေလဲ ဆရာကြီး"

"သေနတ်ပြီးတဲ့ဆေး တဲ့ဗြီး၊ ဓားပြီးဆေးတွေလဲ ပါတယ်"

"ဟင် …၊ သေနတ်ပြီးတဲ့ဆေး ဟုတ်လား။ ကျုပ်မှာ သေနတ်ပါတယ်၊ အခု စမ်းကြည့်လို့ရမလားဟင်"

မြင့်ဆောင် က သေနတ်တပြင်ပြင်နှင့် စိတ်အားတက်ကြွစွာ ပြောနေလေသည်။

"ရပါတယ်ကွယ်၊ အခုနေစမ်းရင် ကျုပ်တို့လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ အပြန်ကျမှ အေးအေးဆေးဆေးစမ်းကြည့်ကြတာပေါ့"

"ရတယ် ရတယ်၊ တကယ်လို့ ဆရာကြီးဆီကဆေးက သေနတ်ပြီးတယ်ဆိုရင် ကျုပ်ကို နည်းနည်းပေးခဲ့နော်၊ ကျုပ် လမ်းဖြစ မယူတော့ပါဘူး"

ဟု မြင့်ဆောင်စကားကို ကြားသောအခါ စိုးဝင်းနှင့်မိုက်ကြီးတို့ နှစ်ယောက်ကလည်း သူတို့လည်း လမ်းဖြစ မယူဘဲ ဓားပြီး၊ တုတ်ပြီးဆေးသာပေးခဲ့ရန် ပူဆာနေကြလေသည်။

ထိုအခါ ဆေးဆရာ သာဂရ က …

"ရတယ် ရတယ်၊ မောင်ရင်တို့လိုချင်တဲ့ဆေးဝါးတွေ ကျုပ်ဆီမှာ အားလုံးပါလာတယ်၊ အပြန်ကျတော့ ပေးခဲ့ပါမယ် ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးတောင်ရောက်ရှင် မောင်ရင်တို့က အရင်မြန်နှင့်မှာ ဆိုတော့ ကျုပ်နဲ့က ဘယ်လိုထပ်ဆုံကြမှာလဲ”

ဟု မှင်သေသေဖြင့် မေးလိုက်သည်။

“ဟာ … ဒီအတွက် စိတ်မပူပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီးက သာ ကျုပ်တို့လိုချင်တဲ့ဆေးမျိုး ပေးမယ်ဆိုရင် ဆရာကြီးအလုပ်ကိစ္စ ပြီးတဲ့အထိ စောင့်ပြီးတော့ အတူတူပြန်ကြမှာပေါ့၊ ဆရာကြီးကသာ ကျုပ်တို့လိုချင်တဲ့ဆေး ပေးပါ့မယ်လို့ ကတိပေးပါ”

“ပေးပါမယ်ကွယ်၊ ပေးပါတယ်၊ ဒါ့အပြင် မောင်ရင်တို့လို တောထဲတောင်ထဲ သွားလာနေတဲ့လူတွေအတွက် ကျား၊ ဆင်၊ မြွေ စတဲ့ အန္တရာယ်ဆိုးတွေ မနေ့ခင့်ယှက်နိုင်တဲ့၊ အန္တရာယ်မပေးနိုင်တဲ့ ဂမုန်း နက်လဲ ကျုပ်ဆီမှာရှိပါတယ်”

“ဟင် …၊ အဲဒီဂမုန်းနက်ကို ဘယ်လိုသုံးရသလဲ ဆရာကြီး”

“ဂမုန်းနက်ဆိုတော့ အလွန်ရှားတယ်။ ဆိပ်ဖုးပင်၊ ဆိပ်ဖုရှုက်နဲ့ တူတယ်၊ အပင်ရောအရွက်ပါ အနက်ရောင်ရှိတယ်၊ လေညာက ဂမုန်းနက်ပွင့်နေရင် လေအောက်စီးမျှောရာအရပ်ဝန်းကျင်တစ်ခွင် လုံး အဲဒီရနံ့ မွှေးနေတတ်တယ်၊ အမြစ်နဲ့ဥက နနွင်းခေါင်း နနွင်းဥနဲ့ တူပေမယ့် အရောင်က အနက်ရောင်ရှိတယ်”

“ဟုတ်ကဲ့”

“အဲဒီဂမုန်းနက်ကို ဆေးစီရင်ထားရင် နတ်တွေက ချစ်ကြ တယ်၊ မိစ္ဆာမှန်သမျှ ကိုယ့်အနားကိုမကပ်နိုင်ဘူး၊ ကျား၊ ဆင်၊ မြွေဆိုး





မြွေ မိကျောင်း စတဲ့ ကုန်းနေ ၊ ရေနေသတ္တဝါမှန်သမျှ အဝေးကို ရှောင်ပြေးစေနိုင်တယ်”

“တယ်ဟုတ်ပါလား ဆရာကြီး”

“မောင်ရင်တို့သုံးယောက်သာ ကျုပ်ပြောတဲ့အတိုင်း လုပ်ပေး မယ်ဆိုရင်တော့ အဲဒီဂမုန်းနက်ဆေးပါ ပေးခဲ့ပါ့မယ်”

“ကျွန်တော်တို့က ဘာလုပ်ပေးရမလဲ”

“ကျုပ်ဆီမှာ တပည့်ခံပြီး ကျုပ်ခိုင်းတဲ့အတိုင်း လုပ်ရုံပါပဲ”

“ရပါတယ် ဆရာကြီး၊ ကျွန်တော်တို့ကို ကြိုက်တာခိုင်းပါ၊ ဘာပဲဖြစ်ဖြစ် လုပ်ပေးဝံ့ပါတယ်”

ဟု မြင့်ဆောင် က ရဲရဲကြီးအာမခံလေသည်။ ထိုစကား ကြားရ သောအခါ ဆရာသာဂရသည် ၎င်း၏အကြံအစည်အတိုင်း ဖြစ်လာပြီ မို့ သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

“ကျုပ်တို့ အခု တောင်ပေါ်တက်လာတာ ဆေးမြစ်ဆေးဥလဲ ရှာရင်း နောက်တစ်ခုက ဥစ္စာသိုက်ဖွင့်ဖို့အကြံနဲ့ လာခဲ့ကြတာကွယ့်”

“ဥစ္စာသိုက်၊ အဲဒါက ဘယ်နေရာမှာရှိတာလဲဟင်”

“ကျောက်လက်ဝါးတောင်ရဲ့ ဂူတစ်ဂူထဲမှာပဲ ရှိလောက်ပါ တယ်၊ ဥစ္စာသိုက် ဆိုပေမယ့် ရှေးဟောင်းသိုက်ကျမ်းသိုက်စာတွေ ထဲမှာပါတဲ့ မြေအောက်မှာရှိတဲ့သိုက်မျိုး မဟုတ်ပါဘူး၊ ကျုပ်တို့နိုင်ငံ က အင်္ဂလိပ်တွေ ဆုတ်ပြေးတော့ ဝှက်ထားခဲ့ကြတဲ့ပစ္စည်းတွေပါ၊ ကျုပ်တို့ သတင်းရထားတဲ့အတိုင်းသာ မှန်ရင်တော့ မောင်ရင်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက် ချမ်းသာပြီလို့သာ မှတ်လိုက်ပေတော့”

ဟု ဆရာသာဂရ က အားရပါးရ ပြောလိုက်သည်။

ထိုအခါ စိုးဝင်း က …

“စိတ်ဝင်စားတယ်ဗျို့၊ ဆရာကြီးပြောတဲ့စကားတွေကတော့ ကျုပ်တို့အတွက် တကယ်ကို စိတ်ဝင်စားစရာပါပဲ၊ ကျုပ်တို့ သုံးယောက်က ဒီလိုသာချမ်းသာမယ်ဆိုရင် ဘနေဖူးသိုက်တူးရမယ် ဆိုရင်တောင် တူးခဲ့တဲ့သူတွေရှုည်းပဲ”

ဟု အားတက်သရောပြောလိုက်သည်။

“ဟုတ်တယ် ဆရာကြီး၊ စိုးဝင်း ပြောသလိုပဲ အခုအချိန်ကစပြီး ကျုပ်တို့သုံးယောက်ကို လမ်းပြလိုက်တယ်လို့ မသတ်မှတ်နဲ့တော့၊ ဆရာကြီးရဲ့တပည့်ရင်းတွေလို့ပဲ သတ်မှတ်ပြီး ဆရာကြီး ကြိုက်သလိုသာ ခိုင်းပေတော့ဗျို့”

ထိုအချိန်မှစ၍ကာ မြင့်ဆောင်တို့သုံးယောက်မှာ အခကြေးငွေနှင့် လမ်းပြလိုက်လာကြသူများ မဟုတ်ကြတော့ဘဲ ဆရာကြီးသာဂရ၏တပည့်များ ဖြစ်သွားကြလေတော့သည်။

ထို့နောက် …

နံနက်စာ စားသောက်ပြီးသည်နှင့် မြစိမ်းတောင်ညိုလမ်းအတိုင်း အနောက်ဘက်သို့ဦးတည်ကာ ခရီးဆက်ကြပြန်လေသည်။ ထိုသို့ ခရီးဆက်ခဲ့ကြရာ နေဝင်ရီတရောအချိန်လောက်ရောက်သောအခါ မြစိမ်းတောင်ညိုတောင်စွယ်၏ အနောက်ဘက်ယွန်းယွန်း တစ်နေရာ





တွင် လုလက်ဝါးတစ်ဖက်ထောင်ထားသည်နှင့် သဏ္ဍာန်တူလှသော ကျောက်လက်ဝါးတောင်သို့ လှမ်းမြင်ရသောနေရာသို့ ရောက်ခဲ့ကြသည်။

ထိုကျောက်တောင်မှာ နေရောင်အောက်တွင် မြေကြီးထဲမှာ သူ၏လက်ကြီးတစ်ဖက် အမြင့်သို့ထိုးထွက်နေသည်နှင့် သဏ္ဍာန်တူပြီး လှမ်းမြင်ရရုံနှင့်ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းနေတော့သည်။

ထိုနေရာတစ်ဝိုက်သို့ရောက်သောအခါ ချောင်းစပ်နားတွင် တွေ့ခဲ့ကြရသောမြေရာကြီးများကို ထပ်မံတွေ့ရပြန်သည်။

ထိုနေရာသို့ရောက်သောအခါ မြင့်ဆောင် က…

“ဘယ်လိုလုပ်မလဲ ဆရာကြီး၊ အခုအတိုင်း မနားဘဲဆက်သွားရင် အတော်မှောင်မှ တောင်ခြေကိုရောက်မယ်၊ ဒီနေရာတွေမှာ မှောင်သွားရင် ခရီးသွားလို့မကောင်းလှဘူး”

ဟု ပြောသည်။

“အဲဒီလိုဆိုရင် မောင်ရင် ကောင်းမယ်ထင်သလိုစီစဉ်ပါ”

“ကျုပ်တို့စိတ်ချရမယ့်နေရာတစ်ခုမှာ စခန်းချမယ်၊ မနက်လင်းတော့မှ ကျောက်လက်ဝါးတောင်ခြေကိုသွားကြရင် မကောင်းဘူးလား”

“အဲဒီအစီအစဉ် ကောင်းသားပဲ၊ ကျုပ်တို့လဲ နားရတာပေါ့”

ဟု ပြောသဖြင့် တောင်တစ်နေရာရှိ လေကွယ်မိုးကွယ်ရှိသော ကျောက်တုံးကြီးများကြားတွင် တစ်ညတာနားကြရန် အတွက် မြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြလေသည်။

ညဘက်တွင် မီးပုံကြီးတစ်ဖို့ဖို့ထားကာ ရေနွေးကျို၍ လက်ဖက်ခြောက်ခါးခါးခပ်သောက်ရင်း စကားပြောနေကြရာ အတော်ညဉ့်နက်သည်အထိ မအိပ်ကြဘဲရှိနေလေသည်။

လဆန်းရက်ဖြစ်သဖြင့် ကောင်းကင်၌ လရောင်ရှိပေရာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ အတန်အသင့်မြင်နိုင်လေသည်။

လမွန်းတည့်ချိန်ရောက်သောအခါ တစ်ယောက်တစ်လှည့်ကင်းစောင့်၍ ကျန်လူများက အိပ်ကြလေသည်။

ဦးစွာကင်းစောင့်သူမှာ ဗိုက်ကြီးဖြစ်သည်။

ဗိုက်ကြီးက ဒူးလေးနှင့်မြားကို အဆင်သင့်ချထားပြီး မီးပုံနံဘေးမှာထိုင်၍ ကင်းစောင့်သည်။

ကျန်ငါးယောက်ကတော့ ပင်ပန်းမှုကလည်းရှိပြန်၊ မီးအပူငွေ့နွေးနွေးဖြင့်အိပ်ကြရသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။

တန်ဆောင်မုန်းလဖြစ်သောကြောင့် ညဦးပိုင်းမှာ မသိသာလှသော်လည်း ညဉ့်နက်ပိုင်းရောက်လာတော့ အအေးဓာတ်က ပိုလာသည်။ သစ်ရွက်များပေါ်သို့ နှင်းကျသံများကိုကြားလာရသည်။

ဗိုက်ကြီးလည်း ကျောက်တုံးကြီးကိုကျောမှီကာ ငိုက်မျဉ်းစပြုလာပြီ။

ထိုအချိန်တွင် သူ့နောက်ဘက်မှ တရွေ့ရွေ့နင်းလာသော





ခြေသံကို နှင်းကျသံများနှင့် ရောနေသောကြောင့် ဗိုက်ကြီးတစ်ယောက် မကြားလိုက်ပေ။

မကြာမီ အရိပ်မည်းကြီးတစ်ခုက သူ့ကိုယ်ပေါ်သို့ အုပ်မိုးကျလာသဖြင့် ကမူးကယောင် မျက်စိဖွင့်ကြည့်လိုက်သည်နှင့် ထွန်းစွာကြောက်မက်ဖွယ်ကောင်းသောမျက်နှာကြီးတစ်ခုကို မြင်လိုက်ရသည်နှင့် ဗိုက်ကြီးမှာ ကြက်သေ သေသလိုဖြစ်သွားသည်။

ပြီးမှ...

သတိရသလိုဖြစ်ကာ ဘေးနားမှာချထားသော ဒူးလေးကို ကောက်ကိုင်လိုက်သည်နှင့် သတ္တဝါကြီးဆီမှ လက်တံရှည်ကြီးနှစ်ဖက်ထွက်လာကာ ဗိုက်ကြီး၏လည်ပင်းကို လိမ်ချိုးလိုက်တော့သည်။

"အား ..."

ဗိုက်ကြီး၏ ကြောက်မက်ဖွယ်ရာအော်သံကြီးကြောင့် အိပ်ပျော်နေသူများ အလန့်တကြားနှင့်နိုးလာပြီး လှမ်းကြည့်လိုက်တော့ လူ့အရပ်ထက် များစွာမိုမြင့်သော အရိပ်မည်းကြီးတစ်ခု အမှောင်ရိပ်ထဲသို့ တိုးဝင်သွားသည်ကိုသာမြင်လိုက်ရလေတော့သည်။

*****



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

## ရန်ငြိုးရန်စပေလော

မြစိမ်းတောင်ဥ္စ္စာ၏ ပွဲဦးထွက်အတွေ့အကြုံကတော့ သူတို့အတွက် မကောင်းခဲ့ပါချေ။

နောက်တစ်နေ့ နံနက်လင်းသောအခါ စက်တျိုးသေဆုံးနေသော ဗိုက်ကြီး၏အလောင်းကို ကျောက်တုံးများအောက်မှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီးနောက် ကျောက်လက်ဝါးတောင်သို့ရောက်အောင် ခရီးဆက်ခဲ့ကြသည်။

မြစိမ်းတောင်ကြောမှဆင်းသွားပြီး အတန်ကြာသောအခါ ကျောက်လက်ဝါးတောင်ခြေသို့ရောက်သွားလေတော့သည်။

၎င်းတောင်မှာ မြေပြင်ပေါ်မှ ကျောက်တောင်ကြီးအဖြစ် အပေါ်သို့ထိုးတက်သွားပြီး အပေါ်ရောက်တော့မှ ကျောက်စွန်းကျောက်ချွန်များက လူ၏လက်ချောင်းများသဏ္ဍာန် ထွက်နေခြင်းဖြစ်၏။





တောင်မှာ အတော်ကြီးပြီး တောင်ခြေတစ်ဝိုက်မှာ ဂူပေါက်ဝများစွာကို တွေ့ရသည်။

"ဆရာကြီး ရတနာတွေရှိတာ ဘယ်ဂူထဲမှာလဲ"

မြင့်ဆောင် က မေးလိုက်သည်။

"သိုက်စာအရဆိုရင် ကျောက်လက်ဝါးကြီးရဲ့ အလယ်မှာရှိတဲ့ လက်ချောင်းကြီးရဲ့ ထိပ်တည့်တည့်ကို နေရောင်ခြည်ရောက်လို့ အဲဒီ လက်ချောင်းရဲ့ အရိပ်ကျတဲ့ဂူပေါက်ထဲကို ဝင်ရမှာ"

"ဒါဖြင့် အချိန်နည်းနည်းလိုသေးတယ်၊ ဒီလိုဆိုရင် ကျုပ် ဒီနား တစ်ဝိုက်ကို နည်းနည်းပါးပါးလိုက်ကြည့်လိုက်ဦးမယ်"

"အေး ... အေး"

မြင့်ဆောင် သည် သေနတ်ကိုဆွဲပြီး တစ်ယောက်တည်း ထွက်သွားခဲ့သည်။

သူသည် အကြံနှင့်ထွက်လာခြင်းဖြစ်သည်။

တစ်ချက်က ပတ်ဝန်းကျင်တစ်ဝိုက်မှာ အန္တရာယ် ကင်း၊ မကင်း လေ့လာခြင်းဖြစ်ပြီး နောက်တစ်ချက်က အကယ်၍ ရတနာရသို့တွေ့ပါက တစ်ယောက်တည်းယူ၍ထွက်ပြေးရန်အကြံ ဖြစ်သည်။

ဆရာကြီးသာဂရတို့ကတော့ ကျောက်တောင်ခြေတစ်နေရာတွင် စောင့်ဆိုင်းရင်းကျန်နေခဲ့ကြသည်။

အတန်ကြာသောအခါ တောနက်ထဲတစ်နေရာဆီမှ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှုယ်ကောင်းသောအော်သံကြီးတစ်ချက် ကြားလိုက်ရပြီး မနေ့
မနေ့ခင်းမှာ သေနတ်သံများ ဆက်တိုက်ကြားရလေသည်။

"ဂင်... ဟိုလူ ဘာဖြစ်နေပါလိမ့်"

"ဟုတ်တယ်၊ စောစောက သတ္တဝါကြီးတစ်ကောင်ရဲ့ အော်သံ
လိုလို ကြားလိုက်မိတယ်"

ပြောဆိုနေကြစဉ်မှာပင် တောထဲမှ တရကြမ်းပြေးလာသံများ
ကြားရပြီး မြင့်ဆောင် ပြန်ရောက်လာသည်။

သူ့ကြည့်ရသည်မှာ အသက်လုပြီး အမောတကောပြေးလာ
သည့်ဟန်မျိုးဖြစ်သည်။

"ဆရာကြီး ... ဆရာကြီး၊ ဒီနေရာက အမြန်ဆုံးပြေးကြမှ ဖြ
မယ်"

"ဘာကြောင့်လဲကွယ်"

"ဒီနေရာတစ်ဝိုက်တွေမှာ ဘီလူးတွေရှိတယ်လို့ သူများပြော
ပြောတုန်းက မယုံခဲ့ဘူး၊ သူတို့ကို ကျုပ် မျက်စိနဲ့တွေ့ခဲ့ရတာ
အမြန်ပြေးမှဖြစ်မယ်"

"ဒီလောက်လဲစိုးရိမ်မနေပါနဲ့ကွယ်၊ ကျုပ်ဆီမှာ ဆေးကောင်း
ဝါးကောင်းတွေရှိပါတယ်"

"ဆရာကြီး ဒီသတ္တဝါကြီးတွေက ဆရာကြီးမှာပါတဲ့ဆေးတွေ
လဲ တတ်နိုင်မှာမဟုတ်ဘူး"

"မင်းတို့ မနေဝံ့လဲ ပြေးချင်ပြေးကြတော့၊ ငါတို့ကတော့





နေရာရောက်လာပြီးမှ ဘယ်နည်းနဲ့မှ နောက်ကြောင်းပြန်မလှည့်နိုင်
ဘူးပေါ့၊ တို့ရည်ရွယ်ချက်တွေ ပြည့်စုံအောင်လုပ်ပြီးမှ ပြန်နိုင်မယ်"

ဟု ဆရာကြီးသာဂရထံမှ ပြတ်သားသောအဖြေကို ကြားသော
အခါ မြင့်ဆောင် က ...

"ခင်ဗျားတို့ ကျုပ်ပြောတာကိုမယုံလို့ နေချင်သေးတယ်ဆိုရင်လဲ
နေခဲ့ကြပေတော့၊ ကျုပ်တို့တော့ လမ်းပြစလဲမယူတော့ဘူး၊ ပြေး
တော့မယ်ဗျို့"

ဟု ပြောဆိုကာ စိုးဝင်းလက်ကိုဆွဲကာ နောက်ကြောင်းသို့
ပြန်လှည့်ပြေးလေတော့သည်။

စိုးဝင်းမှာလည်း ဘုမသိဘမသိနှင့် မြင့်ဆောင် ဆွဲခေါ်ရာ
နောက်သို့ ပါသွားလေတော့သည်။

နောက်ပိုင်းမှာတော့ ဆေးဆရာသုံးယောက်မှာ မကျေမနပ်
ဖြင့် ပြောဆိုရေရွတ်ရင်းကျန်ခဲ့ကြလေသည်။

သူတို့နှစ်ယောက်သည် အလာတုန်းက အသုံးပြုခဲ့သောလမ်း
အတိုင်း မာရသွန်ပြေးနေသည့်အတိုင်း အားကုန်ပြေးနေကြပြီး လှိုဏ်
ထိပ်သို့ရောက်သောအခါ အောက်သို့ခုန်မချရုံတစ်မယ် ဆင်းကြလေ
သည်။

ထို့နောက် ...

ချောင်းရိုးလေးအတိုင်း ဆက်ပြေးခဲ့ကြပြန်သည်။ နေ့သိမှ
အမိလိုက်နေရသော စိုးဝင်းမှာ ဘာကြောင့် မြင့်ဆောင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယခုလို အသည်းအသန်ပြေးနေသည်ကို မသိရသေးသော်လည်း မိမိတို့နောက်တွင် လွန်စွာကြောက်မက်ဖွယ်ရာကောင်းသော အန္တရာယ်တစ်ခုခုလိုက်လာမည်ဟု ခန့်မှန်းမိသဖြင့် နောက်ချန်မနေ ဘဲ မြင့်ဆောင် ခြေလှမ်းကို မီအောင်ပြေးလိုက်နေရသည်။

"နေ …နေစမ်းပါဦး။ မင်းနောက်က ဘယ်လိုသတ္တဝါမျိုးများ လိုက်လာလို့ အခုလို အသက်လုပြီး ပြေးနေရတာလဲ၊ ငါ့ကိုလဲ ပြော ပြပါဦးကွာ"

ထိုအခါမှ မြင့်ဆောင် က …

"ငါ … ငါ ဘီလူးနှစ်ကောင်ကို တွေ့ခဲ့ရတယ်"

ဟု ပြောသည်။

"ဘာ … ဘီလူး ဟုတ်လား။ ဟုတ်ရောဟုတ်ရဲ့လားကွာ"

"ဘီလူးမဟုတ်ရင်တောင် ဘီလူးထက် ပိုပြီးကြောက်စ ကောင်းတဲ့သတ္တဝါကြီးတွေလို့သာ မှတ်လိုက်ပေတော့"

"ဘယ်လိုပုံစံမျိုးလဲ၊ ငါ့ကို ပြောပြပါဦး"

"အရပ်က လူထက် နှစ်ဆလောက်ပိုမြင့်တယ်၊ လက် ခြေတွေကတော့ လူအတိုင်းပဲ၊ တစ်ကိုယ်လုံးမှာ အနီရောင်အ တွေရှိတယ်၊ ကြောက်စရာအကောင်းဆုံးကတော့ သူတို့ရဲ့မျက် ပဲ။ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်နဲ့ ပါးစပ်တွေ အတော် အတော်ပြဲတယ်၊ နောက်ပြီး အစွယ်တွေခေါ်ထွက်နေ လဲ အဖွေးသားပဲ၊ ဒီမျက်နှာမျိုးကို ငါတစ်သက် ဘယ်တော့မှ မေ့





တော့မယ်မထင်ဘူး"

"မင်းနဲ့ဘယ်လိုတွေ့တာလဲ"

"ငါက ငှပေါက်တွေကို လိုက်ကြည့်နေတုန်း အဲဒီသတ္တဝါကြီး နှစ်ကောင်က ဂူထဲကထွက်လာတာကို ရုတ်တရက် တွေ့လိုက် ရတာ"

"မင်း သူတို့ကို ဘာလုပ်ပေးခဲ့သေးလဲ"

"ငါလဲ ကြောက်ကြောက်လန့်လန့်နဲ့ သေနတ်နဲ့ပစ်လိုက်တယ်"

"ထိသွားသလား"

"သိပ်မဝေးတော့ ထိမယ်ထင်တယ်"

ထိုသို့ပြောဆိုနေစဉ် လျှိုအဆင်းလမ်းတွင် ဆင်းလာနေသော အနီရောင်အမွေးအမျှင်များနှင့် လူနှင့်ပုံသဏ္ဌာန်များစွာတူလှသော သတ္တဝါကြီးနှစ်ကောင်ကို လှမ်းမြင်ရလေသည်။ သတ္တဝါကြီး နှစ် ကောင်မှာ အရှယ်နှင့်မမျှအောင် အလွန်လျင်မြန်သောခြေလှမ်းများ ဖြင့် ဆင်းလာနေကြခြင်းဖြစ်သည်။

"ဟိုမှာ လိုက်လာနေပြီ၊ ပြေးကြစို့"

နှစ်ယောက်သား ရေအဲမှ အမြန်တက်ကာ သဲပြင်ပေါ်မှ ဆက် ပြေးကြသည်။

အောက်ဘက်သို့ရောက်လာပြီဖြစ်သော သတ္တဝါကြီး နှစ် ကောင်ကလည်း ဂိုးဂိုးဂဲဂဲနှင့် မာန်ဖီကာ ခေါသတကြီး ပြေးလိုက် လာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါမှာတော့ စိုးဝင်းသည် အန္တရာယ်ကို သူကိုယ်တိုင် မြင်လိုက်ရပြီမို့ မြင့်ဆောင် ကပင် တိုက်တွန်းစရာမလိုတော့ဘဲ တရကြမ်း ပြေးရလေတော့သည်။

ထိုသို့ပြေးကြရင်းမှ အတန်ကြာသောအခါ တောအုပ်ထဲမှ ထွက်ကာ လွင်ပြင်ရှိရာသို့ ရောက်သွားကြလေတော့သည်။

မနားမနေပြေးကြရသောကြောင့် နှစ်ယောက်စလုံးမှာ အသက်ထွက်တော့မည့်အလား မောဟိုက်နေကြလေသည်။

တောစပ်နှင့် အတန်ငယ်ဝေးသောနေရာရောက်မှ နှစ်ယောက်စလုံး မြေပေါ်သို့ ဖုန်းဖုန်းလဲကျသွားလေတော့သည်။

ထိုသို့ လဲကျသွားပြီး အမောပြေမယ်ကြံကာရှိသေး နောက်ဘက်မှ တောတိုးသံများကြားရပြီး တစ်ဆက်တည်း မာနိဗိသံကဲ့သို့ အသံမျိုးကြီး ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ လူနီကြီး နှစ်ကောင် တိုးထွက်လာသည်ကို လှမ်းမြင်ရလေသည်။

"စိုး ... စိုးဝင်း ငါ ... ငါတော့ မပြေးနိုင်တော့ဘူး မင်း ... မင်းသာ လွတ်အောင်ပြေးပေတော့"

"အားမလျှော့စမ်းပါနဲ့ အားတင်းထားပါ ငါ မင်းကိုတွဲပြေးပါ့မယ်၊ ရှေ့မှာ တစ်ကုန်း နှစ်ကုန်းကျော်ရင် ရွာတွေကိုမြင်ရမယ့်နေရာ ရောက်တော့မှာပါ"

ဟု ပြောကာ စိုးဝင်းက မြင့်ဆောင်ကိုတွဲကာ ဆက်ပြေးကြပြန်လေသည်။ နောက်မှ သတ္တဝါကြီးနှစ်ကောင်ကလည်း တောစပ်





မှ ထွက်လိုက်လာသည်။

သူတို့နှစ်ယောက်မှာ စောစောကလောက် မြန်အောင်မပြေးနိုင်ကြတော့သဖြင့် နီးသထက်နီးနီးလာသည်။

နောက်ဆုံး တောင်ကုန်းတစ်ကုန်းသာသာမျှသာ ဝေးတော့သည်။ ဒီအတိုင်းဆက်ပြေးပါက မကြာခင်မှာ သတ္တဝါကြီးများက မီသာပြီး နှစ်ယောက်စလုံး မရှုမလှ အသက်ပျောက်ရတော့မည်ကို သိသဖြင့် စိုးဝင်း က မြင့်ဆောင်ဆီမှသေနတ်ကိုယူ၍ ရှေ့ဆုံးမှ လာ သတ္တဝါကြီးနှစ်ကောင်ရှိရာသို့ လှမ်းပစ်လိုက်သည်။

"ဒိုင်း ..."

စိုးဝင်းမှာ သေနတ်ပစ်တတ်ရုံသာရှိပြီး ပစ်လေ့ပစ်ထ သိပ်မရှိသူမို့ ပစ်မှတ်ကိုထိသော်လည်း သေနတ်သံကြောင့် နောက်မှလိုက်လာသော သတ္တဝါကြီးနှစ်ကောင်မှာ အနည်းငယ်တန့်သွားသည်။

သို့ကြောင့် ...

အားတက်လာကာ နောက်ထပ်တစ်ချက် ပစ်လိုက်သော ... ဘွင်း သတ္တဝါကြီးနှစ်ကောင်မှာ ဆက်မလိုက်လာတော့ဘဲ နေ... ...နှစ်ချောင်းမှ သွေးမြန်လှည့်ကာ တောထဲသို့ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ နှစ်ယောက်သား သက်ပြင်းချနိုင်လေ...

ထို့နောက် ... ...ပြီး လူ

တစ်ယောက်နှင့်တစ်ယောက်တွဲကာ ရွာသို့ ...ပြန်ခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ပြန်ရောက်သောအခါ မြင့်ဆောင်မှာ အဖြင်းများပြီး ကယောင်ကတမ်းနှင့် အော်နေလေတော့သည်။

ထိုနှင့်မပြီးသေးဘဲ နောက်ပိုင်းရက်များမှာလည်း မြင့်ဆောင်ရှိသော ဆင်မတောင်ရွာမြေသို့ လမိုက်သောရက်၊ အမှောင်ဖုံးနေသောရက်များတွင် လူမည်းကြီးများရောက်လာပြီး လာရောက်ချောင်းမြောင်းနေသည်ကို မြင်သူကမြင်တွေ့ရသောကြောင့် ရွာသူရွာသားများမှာလည်း စိတ်ချလက်ချ မအိပ်ရ၊ မနေရတော့ဘဲ နေ့တထိတ် ညတထိတ် ရှိနေကြတော့သည်။

နောက်ပိုင်းတွင် မြင့်ဆောင် တစ်ယောက်မှာ ရွာမှာမနေဝံ့တော့ဘဲ မှော်ဘီဘက်မှ အမျိုးများရှိသောရွာသို့ သွားနေတော့မှ ညဘက် လူခြောက်တတ်သောအခါ အရိပ်မည်းကြီးများ လာရောက်ကပ်သောကိစ္စ ငြိမ်းသွားသော်လည်း ထိုရွာအပါအဝင် အနီးနားကျင်ရွာများမှ တောတက်သူများမှာ ဆက်တိုက်ဆိုသလို ယ်ဆိုးများနှင့်ကြုံရလေတော့သည်။

မင်းသာ ... အမဲလိုက်သူများ၊ သစ်ခုတ်သူများ၊ တောနှင့်မကင်းသူ

"အားမ ...များကို အနိုင်ပြု၍ အသက်မွေးဝမ်းကျောင်းပြုသူများ

မယ်၊ ရေ့မှာ ... လက်ပြုတ်၊ ခြေကျိုး၍ သေကြရရုံမက အမဲလိုက်

ရောက်တော့ ... အမဲလိုက်ခွေးများပါ အသေဆိုးဖြင့်သေကြရပြီး ၎င်းတို့ကိုင်

ဟု ပြော ...သက်နက်ပစ္စည်းမှန်သမျှ အပိုင်းပိုင်းအတစ်တစ် ရိုက်

ပြန်လေသည်။ ...င်းကို ခံကြရသည်။





နောက်တော့ တောထဲသို့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း သွားဝံ့ကြတော့ဘဲ အုပ်စုဖွဲ့၍သွားပြန်တော့လည်း မချောင်လှပေ။

တစ်ယောက်၊ နှစ်ယောက်လောက်သာ အသက်ဘေးအန္တရာယ်မှလွတ်ပြီး သွားသမျှလူအားလုံးမှာ မရှုမလှ သေဆုံးကြရသည်။ ကံကောင်း၍ လွတ်မြောက်လာသူများ၏ ပြောပြချက်အရ ထိုသတ္တဝါကြီးနှစ်ကောင်မှာ အရုပ်အမောင်းကောင်းရုံမက အလုံးအထည်ကလည်း ထွားကျိုင်းလှသည်။

တစ်ကိုယ်လုံး အမွေးနီများ ဖုံးအုပ်နေသောကြောင့် လက်နက်များ ထိုးဖောက်ရန် ခက်လှသည်။

၎င်းတို့မှာ လက်ဆံခြေဆံများရှည်ပြီး လူ့လေး၊ ငါးလှမ်းစာမျှ ခြေလှမ်းကကျယ်လေရာ သူတို့လက်က လွတ်အောင်ပြေးဖို့ မလွယ်ကူလှပေ။

လက်မောင်းကြီးများမှာ တုတ်ခိုင်ရှည်လျားသောကြောင့် ထိုသတ်နှင့် တစ်ချက်မိလျှင် လူတစ်ယောက်အဖို့ မိနစ်ပိုင်းအတွင်း အသက်ပျောက်သွားနိုင်၏။

လူတစ်ယောက်ကိုဖမ်းမိသွားလျှင် ခြေထောက်နှစ်ချောင်းမှ ဆောက်ထိုးကိုင်ကာ ခွဲခွဲခြင်း၊

လက်များကို ခွဲဖြုတ်ခြင်း၊

စက်ကိုလိမ်ချိုးခြင်းများဖြင့် သတ်ပစ်လေ့ရှိသော်လည်း လူသားကိုတော့ စားသောက်ခြင်းမပြုပေ။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့သည် လူများအပေါ်မှာ အငြိုးတစ်ခုကြောင့် ယခုကဲ့သို့ သဲကြီးမဲကြီး လိုက်လံသတ်ဖြတ်နေကြသည်ဟုတော့ ထင်စရာရှိပေသည်။

ကြာတော့ ဆင်မတောင်ရွာ၊ ကညင်မြောင်ရွာ အဝါအဝင် မြစိမ်းတောင်ညိုတောနှင့်နီးသော ရွာသူရွာသားများမှာ တောသို့ မတက်ဝံ့ကြတော့ဘဲ အခက်အခဲဖြစ်ကြလေတော့သည်။ ထို့ထက် ပို၍ဆိုးသော အခြေအနေက သစ်တောစခန်းများမှ အလုပ်သမားများ မှာ သတ္တဝါကြီးများလက်ချက်ကြောင့် မရှုမလှသေဆုံးမှု များပြား လာသောအခါ သစ်တောစခန်းများမှာ အလုပ်သမားရှားပါးမှုပြဿနာ များဖြင့်ကြုံတွေ့လာရတော့သည်။ အခြားမှ အလုပ်သမားအသစ်ရဖို့ မဆိုထားနှင့် စခန်းတွင် ရှိသော လူဟောင်းအချို့ပင် အလျှိုအလျှို အလုပ်ထွက်ပြေးကြသောကြောင့် စခန်းများတွင် အလုပ်သမား ရှား ပါးမှုပြဿနာနှင့်ကြုံကာ အခက်တွေ့ကြရသည်။

သစ်တောစခန်းတာဝန်ခံများမှာလည်း သစ်တောစခန်းများ ပျက်စီးရတော့မည့်အခြေအနေရောက်နေသောကြောင့် ဘယ်လို လုပ်ရမှန်းမသိအောင်ဖြစ်နေကြသည်။

အထက်လူကြီးများက သစ်ကွက်များမှ သစ်လုံးများပြည့် အောင်မရသဖြင့် လက်အောက်ငယ်သားများအား အပြစ်တင်ကြ သည်၊ ဆူပူကြိမ်းမောင်းကြလေသည်။

အချို့စခန်းတာဝန်ခံများက ...





ဘီလူးကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသောသတ္တဝါကြီးများ ကြောင့် စခန်းများပင် ပျက်စီးလုအခြေအနေဖြစ်နေရသော အကြောင်းများကို အစီရင်ခံစာများ ရေးတင်ကြသော်လည်း အထက် လူကြီးများက မယုံကြည်ကြပေ။

သို့ကြောင့် ...

အားလုံးမှာ အခက်တွေ့ရုံမက၊ အသက်ဘေးအန္တရာယ်များ နှင့် ရင်ဆိုင်နေကြရုံမက အလယ်ရိုးမတစ်ကြောတွင် ဘီလူးကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသောသတ္တဝါကြီးများသတင်းက တစ်စ တစ်စနှင့် ပျံ့နှံ့လာလေတော့သည်။

*****



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## ဘိလူးလား လူဝံနီလား

မိုးမခသစ်တောစခန်း …။

အလယ်ရိုးမတစ်ကြော၌ရှိသော သစ်တောစခန်းများအားလုံးထဲမှာ အချက်အချာအကျဆုံးဖြစ်သော သစ်တောစခန်းကြီးတစ်ခုဖြစ်သည်။ ပဲခူးရိုးမဟုခေါ်သော အလယ်ရိုးမသည် မြန်မာနိုင်ငံ၏ အလယ်ဗဟို အချက်အချာကျသောနေရာ၌ရှိပြီး သစ်ထုတ်လုပ်ရေးအတွက်ရော စစ်ရေးစစ်ရာအတွက်ပါ လွန်စွာအသုံးကျသောနေရာဖြစ်သည်။

ပဲခူးရိုးမ သို့မဟုတ် အလယ်ရိုးမသည် မြန်မာနိုင်ငံ တောင်နှင့်မြောက် သွယ်တန်းထားပြီး ရေမြေသဘာဝကောင်းလှသောကြောင့် သစ်ကောင်းဝါးကောင်းများစွာထွက်သောဒေသလည်းဖြစ်၏။ တောတောင်ထူထပ်လှသလို သားရဲတိရစ္ဆာန်မျိုးစုံတို့ ကျင်လည်ကျက်စားပျော်ပါးရာဒေသတစ်ခုလည်းဖြစ်သည်။





အချိန်ကာလမှာ အင်္ဂလိပ်များ ဆုတ်ခွာသွားပြီး ဂျပန်တပ်များက မြန်မာနိုင်ငံကိုသိမ်းပိုက်ထားသောကာလလည်းဖြစ်၏။

သို့ကြောင့် …

ဂျပန်များတွန်းလှန်ရန် မြန်မာတော်လှန်ရေးတပ်သားတို့ လှုပ်ရှားစခန်းချရာဒေသတစ်ခုလည်းဖြစ်နေတော့သည်။

အလယ်ရိုးမတောထဲမှာ ဗမာ့တပ်မတော်သားတို့သည် မုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနှင့် လှုပ်ရှားသွားလာနေကြသော အချိန်ကာလလည်းဖြစ်ပေသည်။

အလယ်ရိုးမတစ်ကြောမှာ သစ်ထုတ်လုပ်သည့် စခန်းကြီး၊ စခန်းငယ်ပေါင်း များစွာရှိပေသည်။ ထိုစခန်းအားလုံးကို မိုးမခသစ်တောစခန်းမှ ဌာနချုပ်သဖွယ် စီမံအုပ်ချုပ် ညွှန်ကြားမှု ပြုလေသည်။

စခန်းတာဝန်ခံမှာ ဦးထွန်းဖုန်းရှိန် ဟုခေါ်သော ရှင်းပြားအမျိုးသားကြီးတစ်ဦးဖြစ်သည်။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး ခေတ်အဆက်ဆက် သစ်တောအလုပ်များကို လုပ်ကိုင်ခဲ့သူမို့ သစ်တောလုပ်ငန်းများနှင့်ပတ်သက်၍ လွန်စွာနှံ့စပ်ကျွမ်းကျင်သူဖြစ်သည်။ သစ်ကွက်တစ်ကွက်ကို မျက်စိနှင့်ကြည့်ရုံမျှဖြင့် ဘယ်သစ်အမျိုးအစား သယ်တန်ဘယ်လောက်ထွက်မည်ကိုပါ ခန့်မှန်းပြောဆိုနိုင်သူဖြစ်၏။

သို့ကြောင့် သစ်တောအလုပ်သမားများက ဦးထွန်းဖုန်းရှိန် ကို



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးကြောက်ရွံ့မှုရှိကြလေသည်။

ဦးထန်ဖုန်းရှိန် သစ်ကွက်များအတွင်းဆင်း၍ စစ်ဆေးမှာကို စိုးရိမ်ကြောက်ရွံ့ကြသည်။

ဦးထန်ဖုန်းရှိန်က သူ စစ်ဆေးထားသောသစ်ကွက်များတွင် သစ်လုံးသစ်တန် မည်ရွေ့မည်မျှထွက်မည်ဟု ခန့်မှန်းထားပြီးဖြစ်ရာ အလုပ်သမားများပေါ့လျော့၍ အလုပ်သမား အဖျက်အစီးများကြောင့် သစ်တန်လျော့သွားပါက အဆူအပူ အကြိမ်းအမောင်းခံကြရသည်။

ဦးထန်ဖုန်းရှိန် လက်အောက်မှာတော့ တောအုပ်တောခေါင်း သစ်ကွက်တာဝန်ခံ၊ စားခေါင်း၊ ဆင်ခေါင်း၊ ကျွဲခေါင်းအလုပ်သမား များစွာရှိလေသည်။

သစ်တောတစ်ခုမှသစ်များထုတ်လုပ်တော့မည်ဆိုလျှင် ဦးစွာ တာဝန်ခံများက အရင်ဝင်၍ သစ်ပင်အရေအတွက်နှင့် သစ်အမျိုး အစားများကို ကြည့်ရှုရသည်။ သစ်တန်အရေအတွက် မည်ရွေ့ မည်မျှ ထွက်လောက်မည်ကို ခန့်မှန်းတွက်ချက်ကြရသည်။

ပြီးမှ သစ်ကွက်များရိုက်၍ သစ်ကွက်တာဝန်ခံများကို တာဝန် ခွဲပေးလိုက်သည်။

သစ်ကွက်တာဝန်ခံများက အလုပ်သမားများကိုခေါ်ကာ သစ် ပင်များကို လှဲဖြတ်ခုတ်ယူကြသည်။

သစ်ကွက်တာဝန်ခံက လှဲဖြတ်ရန် မှန်တပ် (သစ်ပင်၏ပင်စည် ကို မှန်ဝိုင်းသဖွယ် ဓားဖြင့် အခွံခွာချထားခြင်းကို တောအခေါ်မှာ





မှန်တပ်သည်ဟုခေါ်သည်။

မှန်တပ်ထားလျှင် ပိုင်ရှင်ရှိသည်ဟု တောသမားအချင်းချင်း သိနိုင်ပြီး အချို့တောထဲမှာ ဆင်းလမ်းတက်လမ်း မှတ်မိစေရန် လည်း မှန်တပ်ခြင်းဓလေ့ကို အသုံးပြုကြလေသည်။) ထားသော သစ်ပင်များက လွှဆိုင်းသမားများက ပင်ခြေရှင်းခြင်း၊ ကဗျင်းခုတ် ခြင်း၊ သစ်ပင်လဲကျရာလမ်း ကောင်းမကောင်းကိုကြည့်၍ ဓမန်း ခွယ်ဟုခေါ်သော နှစ်ဖက်ဆွဲလွှဖြင့်ပင်ခြေမှဖြတ်ကာလှဲချကြသည်။

ထိုသို့လှဲချရာမှာ အခက်အခဲရှိပါက သံသတ်များကိုအသုံးပြု ၍ လှဲကြလေသည်။

သစ်ပင် မြေပေါ်သို့လဲကျသွားသောအခါ ဓားသမားများက ခလိုအပ်သောသစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ဖယ်ရှားကြသည်။

ပြီးမှ ပင်ခြေရင်းမှ ခေါင်းတုံးကိုဖယ်၍ အများအားဖြင့် လိုအပ် သောအတိုင်းအတွာအတိုင်း ဖြတ်ချလိုက်သည်။

ထို့နောက် ---

သစ်လုံးကို နဖားဖောက်ပြီးသောအခါ ဆင်နှင့်ဆွဲတန်တာဆွဲ၊ ကျွဲနှင့်ဆွဲတန်တာဆွဲပြီး စုရပ်သို့ရောက်အောင် ပို့ကြရသည်။

ထို့နောက်မှ ဖောင်များဖွဲ့ကာ လိုသောနေရာရောက်အောင် သယ်ယူကြရသည်။

တောထဲမှာ သစ်လုံးတစ်လုံးရရန် လုပ်ကိုင်ရသောအခက်အခဲမှာ လှေထိုး၊ လှော်ကိုက်ဆိုသော စကားအတိုင်း အဆင်မသင့်ပါက အချိန်



www.burmeseclassic.com

www.burmeseclassic.com



မရွေး အသက်မွေးသင့်နိုင်သောအလုပ်မျိုးပင်ဖြစ်၏။

သို့သော် ...

တောအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူများတတော့

တောထဲမှာနေရသူလိုပင် ပျော်မွေ့နေကြလေ၏။

တစ်နေ့တွင် မိုးမခပင်သစ်တောစခန်းရုံးသို့ လူသုံးဦး ရောက်

လာကြသည်။

ထိုလူကြီးသုံးဦးမှာ အင်္ကျီကြမ်း၊ ပုဆိုးကြမ်းနှင့် ဦးခေါင်းပေါ်မှာ

လည်း တဘက်ကြီးများကို ပတ်ပေါင်းထားကြသည်။

"ကျုပ်တို့ ဒီစခန်းက တောအုပ်ကြီးတွေ၊ တောခေါင်းကြီးတွေ

နဲ့တွေ့ရအောင် လာကြတာပါ"

"အော် ... လာကြပါ၊ လာကြပါ"

အခန်းဝမှ လူတစ်ယောက်က ခေါ်လိုက်သဖြင့် လူကြီးသုံးဦး

မှာ စခန်းအတွင်းသို့ ဝင်လာကြသည်။

ထိုအချိန်တွင် တဲအတွင်း၌ မိုးမခစခန်းတာဝန်ခံ ဦးထန်ဖုန်းရှိန်

တောအုပ်ကြီး ဦးဇန်ကောင်းနှင့် တောအုပ် နီမောင်တို့ သုံးယော

ရှိနေကြသည်။

"ထိုင်ကြ ထိုင်ကြ၊ စားပွဲပေါ်မှာ ရေနွေးကြမ်းခါးခါးလေး ရှိ

တယ်၊ အမောပြေ သောက်ကြပါဦး"

ဦးဇန်ကောင်းက ပြောသဖြင့် လူကြီးသုံးဦးက ကွပ်ပျစ်ပေ

ပေါ်မှာ အသီးသီးဝင်ထိုင်ကြသည်။





"ဒါက ဒီစခန်းတာဝန်ခံ ဦးထန်ဖုန်းရှိန်၊ ကျုပ်က တောအုပ်ကြီး

ဇန်ကောင်းပါ၊ သူကတော့ တောအုပ် နီမောင်"

နီမောင် က ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

ထိုသို့ပြောသောအခါ ဧည့်သည်များက သူတို့ကိုယ်တိုင်သူတို့

သီးသီး မိတ်ဆက်ပေးကြသည်။

"ကျုပ်က ဆင်မတောင်ရွာသူကြီး ဦးဘိုးရံ ပါ"

"ကျုပ်က ကာသစ်ပိုင်ရွာသူကြီး ဦးဘဟန် ပါ"

"ကျုပ်ကတော့ ကျောက်တစ်လုံးရွာသူကြီး ဦးပန်းခ ပါ"

ဟု ပြောကြလေသည်။

"ဟုတ်ကဲ့၊ ဒီစခန်းကိုလာတဲ့ကိစ္စ ပြောကြပါဦး"

ဦးထန်ဖုန်းရှိန် က ဆေးဖြည့်ထားသောဆေးတံကို မီးညှိကာ

ဆုံရွာနစ်ဖွာ ဖွာလိုက်ရင်း မေးလိုက်သည်။

၎င်းတို့သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်

ကြည့်နေကြလေသည်။

သူတို့မျက်နှာများပေါ်မှာ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းနှင့် ကြောက်

ခြင်းများ အထင်းသားပေါ်လွင်နေ၏။

သူ အရင်ပြောနိုးနိုး၊ ငါ အရင်ပြောနိုးနိုးဖြင့် စောင့်နေကြခြင်း

ည်းဖြစ်ဟန်ရှိသည်။

"ပြောသာပြောပါလေ၊ ကျုပ်တို့အုပ်ချုပ်နေရတဲ့နယ်ထဲမှာ ဒို

ဘာပဲဖြစ်ဖြစ် တတ်နိုင်တဲ့ကိစ္စဆိုရင် ကျုပ်တို့ အကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့မယ်"

ထိုသို့ပြောလိုက်တော့မှ ကျောက်တစ်လုံးသူကြီးက ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး ...

"ဒီလိုပါ ဆရာကြီး။ အခု ကျုပ်တို့ရွာတွေဘက်မှာ လူတွေကို ရက်ရက်စက်စက်လိုက်သတ်ပစ်နေတဲ့ ဘီလူးအနီတွေ ရောက်နေလို့ ရွာသူရွာသားတွေ အတော်ကို ဒုက္ခရောက်နေကြပါတယ်"

ဟု ပြောသည်။

"ဘီလူးနီ ...၊ ကျုပ်လဲ တစ်ခါမှမကြားမိဘူးပါလား။ ဘယ်လို သတ္တဝါမျိုးလဲဗျ"

"တစ်ကိုယ်လုံး အနီရောင်အမွေးတွေရှိပြီး တောတက်တဲ့လူ တွေကို ရက်ရက်စက်စက်လိုက်သတ်ပစ်နေတဲ့ ဘီလူးကြီးတွေပါ ဆရာကြီး"

ထိုအခါ ကာသစ်ပိုင်ရွာသူကြီးကပါ ဝင်ပြောသည်။

"အရင်တုန်းက ကျုပ်တို့နယ်ဘက်တွေမှာ ဒီလိုသတ္တဝါမျိုးတွေ ရှိတယ်လို့ တစ်ခါမှမကြားဖူးဘူး။ မမြင်ဖူးခဲ့ပါဘူး။ အခုကာမှ ဘယ် ကနေဘယ်လို နယ်ကျော်ရောက်လာတယ် မပြောတတ်တော့ဘူးဗျာ၊ တောထဲသွားတဲ့လူတွေဆိုတာ သေလိုက်ကြတာ နည်း တော့တာမှတ်လို့"

"သူတို့က ဘာအတွက် လူတွေလိုက်သတ်နေတာလဲ"

"အဲဒါလဲ မသိရသေးပါဘူး ဆရာကြီးရယ်၊ တွေ့သမျှလူကို





ာ့ တစ်ယောက်ကမှ ချမ်းသာမပေးပါဘူး။ အဲ ... ဒါပေမယ့် ခံ့တော့ရှိတယ်၊ ဒီသတ္တဝါတွေက လူတွေကိုသတ်ပေမယ့် လူ တော့မစားဘူးဗျ"

"ဒါဖြင့် ခင်ဗျားတို့ပြောသလို ဘီလူးတော့မဖြစ်နိုင်ဘူးပေါ့၊ ြားသတ္တဝါတစ်ကောင်ကောင်ဖြစ်မှာပါ"

"အကောင်ကတော့ အတော်ကြီးသတဲ့"

"ဘယ်လိုပုံသဏ္ဍာန်မျိုးတဲ့လဲ"

"မျက်မြင်တွေ့ ဖူးတဲ့လူတွေ ပြောတာကျတော့ လူနဲ့တူပေမယ့် နှစ်ဆလောက်ကြီးတယ်တဲ့၊ တစ်ကိုယ်လုံး အမွေးနီတွေဖုံးနေ ျတ်နှာက ဘီလူးလိုပဲ၊ အတော်ကိုအရုပ်ဆိုးပြီး ကြောက်စရာ ာင်းတယ်တဲ့"

ထိုအခါ ဆင်မတောင်ရွာသူကြီး ဦးဘိုးရဲ က ဤသို့ဝင်ပြောပြ ည်။

"ကျုပ်တို့ရွာတွေဘက်မှာလဲ ရွာတွေပျက်လုမတတ်ဖြစ်နေလို့ ို လာပြောပြတာပါ။ အဲဒီဘက်နယ်တွေမှာနေကြတဲ့သူတွေက တောတွေကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေတာ ဆို ာ့ အခုလိုဖြစ်လာတာ အတော့်ကိုမကောင်းလှပါဘူး"

"ပြောပါဦး"

"တစ်လောက ကျုပ်ရွာကို ဆေးဆရာဆိုလား လူသုံးယောက် ာက်လာကြတယ်၊ ကျောက်လက်ဝါးတောင်ကိုသွားဖို့လမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တယ်ဆိုတာနဲ့ ရွာကလူသုံးယောက် ရှာပေးလိုက်တယ်၊ သိ
မကြာပါဘူး နှစ်ယောက်ပြန်ပြေးလာကြတယ်၊ တစ်ယောက်
တော့ တောထဲမှာ သေကျန်ခဲ့တယ်လို့ ပြောကြတယ်"

"အဲဒီဆေးဆရာသုံးယောက်တရော ဘယ်မှာကျန်ခဲ့သတဲ့လဲ"

"တောထဲမှာကျန်ခဲ့တယ်လို့တော့ ပြောကြတယ်၊ သေတယ်
ရှင်တယ်တော့မသိရသေးပါဘူး။ သူတို့ပြန်ရောက်လာပြီး မကြာ
ဘူး ညဘက်တွေမှာ ရွာနားအထိ သတ္တဝါကြီးတွေ လိုက်လာချောင်
နေလို့ တစ်ယောက်ကတော့ မော်ဘီဘက်အထိ ထွက်ပြေးသွား
လေရဲ့၊ တစ်ယောက်ကတော့ ရွာမှာရှိပါသေးတယ်၊ ဒါပေမယ့် စိတ်
ကတော့ သိပ်မမှန်ချင်တော့ဘူး"

ဟု ဦးဘိုးရုံ က ပြောပြသည်။

"ဒါဖြင့် အဲဒီလူက သတ္တဝါကြီးတွေကို မျက်စိနဲ့တွေ့ဖူးတဲ့လူ
ဖြစ်မှာပါ"

ဟု နီမောင်က ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် စိတ်က သိပ်မမှန်တော့ သူ့မေးမြ
ရင်လဲ တောင်ပြောမြောက်ပြောပါပဲ"

ထိုအခါ သူကြီးသုံးယောက်စလုံးက ...

"ကျုပ်တို့ အခုလာတာ ဆရာကြီးတို့ကို အကူအညီတောင်း
လာကြတာပါ၊ ဆရာကြီးတို့တစ်တွေ ကိုယ်တိုင်ဆင်းပြီး မနှိမ်နင်း
တော့ မကြာခင် ရွာတွေပျက်ပြီး ပြောင်းပြေးကြရမှာ သေချာ





တယ်၊ ဒီတော့ ဆရာကြီးတို့ဆင်းလာပြီး သင့်သလို အကူအညီပေးမှ
ဒါကိစ္စ အေးမှာမို့ အခုလိုလာပြီး အကူအညီတောင်းကြရတာပါ"

ဟု အသီးသီး ပြောကြလေသည်။

ထိုအခါ ဦးထန်ဖုန်းရှိန် က ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာပြီး
နိုးများကို မှုတ်ထုတ်ကာ အတန်ကြာအောင် မျက်မှောင်ကြုတ်
စဉ်းစားနေသည်။

သေးနားမှာ ဦးဗန်ကောင်းနှင့် နီမောင်တို့ကလည်း အဖြေ
နေကို အကဲခတ်နေကြသည်။

"အင်းလေ ... ဒီအတွက် သိပ်လဲစိတ်ပူမနေကြပါနဲ့၊ ကျုပ်တို့
ယ်ထဲမှာဖြစ်နေတာဆိုတော့ ကျုပ်တို့တာဝန်လဲ မကင်းပါဘူး။ ဒီ
အကြောင်းတွေကို အထက်စခန်းတွေကို တင်ပြပြီး စီစဉ်စရာတွေ
စဉ်ပြီးတာနဲ့ ကျုပ်တို့ ဒီကလူတွေ လွှတ်ပေးလိုက်ပါမယ်၊ စိတ်ချ
တ်ရသာ ပြန်ကြပါ"

ထိုစကားကြားသောအခါ ရွာလူကြီးသုံးယောက်မှာ ဦးထန်
ဖုန်းရှိန်အား ထိုင်မကန်တော့ရုံတစ်မယ် အသံကတုန်ကယင်နှင့်
ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောဆိုကာပြန်သွားကြလေတော့
သည်။ ထိုအခါမှ နီမောင်တို့သုံးယောက်မှာ ခေါင်းချင်းဆိုင်၍ တိုင်
ပင်ကြရလေတော့သည်။

"ရွာလူကြီးတွေပြောသွားတဲ့ သတ္တဝါက သူတို့ပြောသလို
ဘီလူးမဖြစ်နိုင်တာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးထန်ဖုန်းရှိန် က ရှေ့ပြောသည်။

"ဒါဖြင့် ဘယ်လိုသတ္တဝါမျိုးဖြစ်နိုင်သလဲ ဆရာကြီး"

"ငါက သစ်တောအတော်များများကို အနှံ့ရောက်ခဲ့ဖူးတာ
တော့ ဒီနေရာမဆိုထားနဲ့ နယ်မြေကြမ်းတဲ့ ဟူးကောင်းချိုင့်
ဘက်တွေမှာတောင် ဘီလူးရှိတယ်လို့ မကြားခဲ့မိဘူး။ ငါ ခပ်ရှယ်ရှ
လောက်ကတော့ အထက်ချင်းတွင်းနယ်ဘက်မှာ တာဝန်ထ
ဆောင်နေရင်း အဲဒီလိုပဲ ဘီလူးပေါ်တယ်ဆိုပြီး ဖြစ်ခဲ့သေးတယ်

"ဆရာကြီး တွေ့ခဲ့ရသလား"

"တွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် ဘီလူးအစစ်တော့မဟုတ်ဘူး
စင်စစ်ဆေ့နေ ဘီလူးလိုပုံသဏ္ဌာန်ပြောင်းသွားခဲ့တာ၊ ဒီလူက အထ
ချမ်းတွင်းဘက်က ရွာတစ်ရွာကပဲ၊ သူက ရာဇဝတ်မှုတစ်ခုကျူးလွ
ပြီး တောနက်ထဲမှာသွားပုန်းနေရင်းက မတည့်တဲ့မှိုတစ်မျိုးကို စ
လို့ အဆိပ်သင့်သွားတာ"

"ဟင် ..."

"တစ်ကိုယ်လုံးပွတက်လာပြီး မျက်နှာကလဲ ဘီလူးမျက်နှာ
လို့ ကြောက်စရာကောင်းနေတော့တာ၊ သူက စိတ်ကလဲ လူစိ
မရှိတော့ဘဲ ကြမ်းကြမ်းတမ်းတမ်းနဲ့ တောထဲသွားတဲ့လူတွေ
လိုက်သတ်ရင်းကနေ နောက် သစ်တောဝန်ထမ်းတွေနဲ့တွေ့ပြီး
သတ်ခံလိုက်ရတယ်၊ အဲဒီလိုများဖြစ်နေမလားသမသိဘူး"

ဦးထန်ဖုန်းရှိန် က ခေါင်းတဲ့မှာရင်းနှင့် တွေးတွေးဆဆ ပြော





သည်။

"အခု သူတို့ပြောသွားတာက သတ္တဝါတွေက နှစ်ကောင်
လောက်ရှိတယ်ဆိုတော့ ဖြစ်နိုင်ပါ့မလား ဆရာကြီး"

ဦးဗန်ကောင်း က ပြောလိုက်သည်။

"နောက်တစ်ချက်လဲရှိသေးတယ်၊ တောထဲမှာ လူနဲ့သဏ္ဌာန်
တူတာဆိုလို့ မျောက်ဝံတွေရှိတယ်"

"လူဝံတွေလဲမဖြစ်နိုင်ဘူးလား ဆရာကြီး"

"လူဝံဆိုတာလဲ မျောက်အမျိုးအနွယ်ထဲမှာ ပါတာပါပဲ၊ ကျွန်
ဆီမှာ မှတ်တမ်းတွေရှိပါတယ်"

ဟု ပြောကာ ဦးထန်ဖုန်းရှိန် က နောက်ဘက် ဗီရိုအတွင်းမှ
ဖိုင်တစ်ဖိုင်ကိုထုတ်ကာ အောက်ပါမှတ်တမ်းများကို ပြလေသည်။

---------မြန်မာနိုင်ငံ သစ်တောများအတွင်း၌ သာမန်မျောက်လွဲ
ကျော်ကလေးများမှ အစ လူထက် နှစ်ဆ,သုံးဆကြီးသော မျောက်ဝံ
ကြီးများ ရှိကြောင်း ...။

အနီရောင်မျောက်ကြီးများကို The Ape World (ခေါ်) စာ
အုပ်နှင့် Asian Wild Animal (ခေါ်) စာအုပ် Half Hum
an of Malay ancl Borngo (ခေါ်) စာအုပ်များကို လေ့လာ
ကြည့်သောအခါ၌ ကမ္ဘာပေါ်တွင် လူဝံ(၃)မျိုးရှိကြောင်း။ ပထမ
အကြီးစားလူဝံသည် အာဖရိကတိုက်ရှိ ဘယ်လ်ဂျီယံကွန်ဂိုနယ်၌
ရှိသော Gorilla လူဝံကြီး၊ ဒုတိယလူဝံမျိုးမှာ အာရှတိုက်ရှိ မလေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ဂျဗား၊ ဘော်နီယိုနှင့် ယိုးဒယား၊ မြန်မာပြည်တို့၌ နေထိုင်တတ်သော Oran Outang အုရင်အုတန်(မလေးစကား)ခေါ် မြန်မာလို ဆိုလျှင် 'တောလူ'ခေါ် အာရှလူဝံကြီးမျိုးနှင့်နောက် တတိယလူမျိုးမှာ ehimt Panzee ချိန်ပန်ဇီ(ခေါ်) တာစ် ခတ်ကားထဲ၌ရှိသော လူဝံအငယ်စားမျိုးဖြစ်လေသည်။

အုရင်အုတန်(ခေါ်) တောလူအမည်ခံ လူဝံသည် အားခွန်ဗလ လွန်စွာကြီးမားသလောက် လူကဲ့သို့ အသိဉာဏ်ရှိခြင်း၊ သွေးရင်းသားရင်းကို သံယောဇဉ်ကြီးခြင်း၊ ရက်စက်ခြင်း၊ သစ္စာရှိခြင်း စသည် လူနှင့်များစွာတူသော အချက်အလက်များရှိနေ၍ မလေးလူမျိုးတွေက ၎င်းတို့ဘာသာဖြင့် အုရင်အုတန်(တောလူ)ဟု အမည်ပေးထားကြလေ၏။

မြန်မာနိုင်ငံတော်အတွင်း၌ သားကောင်တွေပေါများရာ ကျက်စားရာဒေသများကို ပိုင်းခြား၍ လေ့လာခဲ့ပါမှ လေးဌာနအနေဖြင့် ခွဲခြားသတ်မှတ်၍ ဖော်ပြထားသည်။

(၁) အရှေ့ရိုးမ (ဝါ) ရှမ်းရိုးမ၊ ယိုးဒယားပြည်နှင့် ရှမ်းပြည်နယ်နယ်စပ်ရှိ တောတောင်ထူထပ်သလောက် ဆင်များ၊ ပြောင်ကြီးတွေပေါ သည့်ရှမ်းပြည်နယ်မြောက်ပိုင်း၌ သားကောင်ကြီးများ ရှားပါးစပြီ။ ရှမ်းပြည်နယ်တောင်ပိုင်း ကယားပြည်နယ်နှင့် ကျိုင်းတုံ တစ်ဝိုက်မှ စ၍ တောင်ပိုင်းတစ်လျှောက်၌ ဆင်၊ ကျားများ အသင့်အတင့်ရှိကြသည်။





(၂) ပဲခူးရိုးမ (ဝါ) အလယ်ရိုးမ ရှမ်းပြည်နယ်လောက် တောင်တန်းမမြင့်သော်လည်း တောတောင် အလွန်ထူထပ်သည်။ ပြောင်များ၊ ဆင်များ ရှားပါးစ ပြုလာပြီ။ ရိုးမကြောကြီးပေါ်၌သာ သားကောင်များမှီခိုနေထိုင်ကြသည်။ ဖျဉ်းမနားနယ်နှင့် တောင်တွင်းကြီး၊ နတ်မောက်အောင်လံနယ်များ၌ တောဆင်များစွာ နည်းပါးသွားလေပြီ။

(၃) ရခိုင်ရိုးမ(ဝါ) အနောက်ရိုးမတောင်တန်းကြီးသည် သားကောင်ကြီးများဖြစ်သည့် ဆင်များ၊ ပြောင်များ ရှိနေသေးသည်။

(၄) မြောက်ပိုင်းကုန်းမြင့် မြစ်ကြီးနားပူတာအို–ရွှေလီ–ကသာ သစ်တောနယ်မြေမှာ သားကောင်ကြီးများ ဆင်၊ ပြောင်များ ရှိနေသေးသည်။

ထူးခြားချက်တစ်ရပ်မှာ ဖော်ပြပါရိုးမ(၃)ရိုးနှင့် မြောက်ပိုင်းနယ်မြေတစ်လျှောက်လုံး၌ ချိုတစ်ချောင်းသာပါသော စုမတ္တရာကြံ့မျိုး ဦးရေနည်းပါးစွာ ရှိနေလေသည်။ ၎င်းသားကောင်ကြီးမျိုးသည် အနေအထိုင် လွန်စွာကျစ်လျစ်သလောက် တောင်တန်းကြီးရာဒေသတို့၌ ခိုမှီနေထိုင်လေ့ရှိကြသည်။ ကြံ့များရှိသော ရှမ်းရိုးမ(အရှေ့ရိုးမ) ဒေသနေရာမှာ ကျောက်ကြီးအရှေ့ဘက်ရှိ 'တာရာခို'ဟုသော တောင်ဒေသ၌ ကြံ့တစ်အုပ်ရှိနေသေးသည်။ ပဲခူးရိုးမဒေသ၌မူ တောင်ငူခရိုင် ရင်းငန်းနယ်စပ်နှင့် ဖျဉ်းမနားသစ်တောခရိုင် နစိန်းပါတစ်လျှောက်၌ ကြံ့များရှိနေသေးကြောင်း မှတ်တမ်းများရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တြဲ့သစ္စာဝါသည် လွန်စွာ အရုပ်ဆိုးသလောက် စိတ်ခက်ထန်သည်။ မျက်စိလျင်သလောက် အနံ့ခံ အလွန်ကောင်းသည်။ ခွန်အားကြီးမားသလောက် အအေးဓာတ် အလွန်ကြိုက်လှပေသည်။ တောလူဟုခေါ်သော အနီရောင်မျောက်ကြီးများမှာ တောနက်ကြီးများအတွင်း၌ နေလေ့ရှိသော်လည်း ၎င်းတို့နှင့် ရန်ငြိုးရန်စဖြစ်ပါက လူများနေထိုင်ရာရွာများသို့ပင် ဆင်းလာ၍ အန္တရာယ်ပြုလေ့ ရှိကြောင်း မှတ်တမ်းများက ဖော်ပြထားပေသည်။

ဦးဗန်ကောင်းနှင့်နီမောင်တို့သည် ဦးထန်ဗုန်းရှိန်ပြသော မှတ်တမ်းများကိုဖတ်ပြီး အသီးသီး သက်ပြင်းချလိုက်ကြသည်။

"ဒီမှတ်တမ်းတွေထဲကအတိုင်းဆိုရင် တောလူလို့ခေါ်တဲ့ လူဝံတွေဟာ တောနက်တွေထဲမှာ သီးသန့်နေတယ်ဆိုပေမယ့် သူတို့နဲ့ ရန်ငြိုးရန်စဖြစ်လာရင် လူတွေကို သဲကြီးမဲကြီး အန္တရာယ်ပေးတယ် လူတွေနေတဲ့နေရာတွေအထိ ဆင်းလိုက်လာတယ်ဆိုတော့ အခု လူတွေကို ဒုက္ခပေးနေတာတာလဲ ဒီသစ္စာဝါကြီးတွေပဲဖြစ်နိုင်တာပေါ့"

ဟု ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"ဖြစ်နိုင်စရာရှိပါတယ်၊ နောက်တစ်ချက်က ဒီသစ္စာဝါကြီးတွေဟာ အကြောင်းမဲ့တော့ လူတွေကို အန္တရာယ်ပေးလေ့မရှိဘူး။ အဲဒီ ပေမယ့် တစ်ခုတော့ရှိတယ်၊ သူတို့မိသားစုတွေ သေကျေပျက်စီးအောင်၊ ဒဏ်ရာအနာတရဖြစ်အောင်လုပ်ခဲ့ရင်တော့ အဲဒီလူကို လက် စားမချေရချင်း သဲကြီးမဲကြီး လိုက်လေ့ရှိတယ်"





"ဆရာကြီးပြောမှ သတိရတယ်၊ ဆင်မတောင်ရွာသူကြီး ပြောသွားတဲ့စကားထဲမှာ ပါတယ်၊ လမ်းပြတစ်ယောက်ရဲ့နောက်ကို လိုက်နေတာ ရွာခြေနားအထိရောက်လာတယ်ဆိုတော့ ဒီလူက တစ်ခုခုသွားလုပ်ထားပုံရတယ်"

နီမောင့်စကားကို လူကြီးနှစ်ယောက်က ထောက်ခံကြသည်။

"ဟုတ်လောက်တယ်၊ ဒီသစ္စာဝါကြီးတွေ အမြီးအတေး သိပ်ကြီးတော့ တကယ်လို့ သူတို့ကိုရန်မူတဲ့လူဆိုရင် မမီမချင်း သဲကြီးမဲကြီးလိုက်လေ့ရှိတယ်။ အေးလေ ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေက ကျုပ်တို့နယ်ထဲမှာဖြစ်နေတာဆိုတော့ ကျုပ်တို့တစ်တွေမှာလဲ တာဝန်ရှိပါတယ်၊ ဒီတော့ တစ်ခုခုတော့စီစဉ်ပေးရမှာပေါ့"

ဟု ပြောဆိုကာ စကားဝိုင်းသိမ်းလိုက်ကြသည်။

*****



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

## ခရီးထွက်ရန် ပြင်ကြလေပြီ

ဤသို့ သတင်းရောက်လာပြီးနောက်ပိုင်း ရက်အတန်ကြာသည်အထိ ထိုကိစ္စကို မဆောင်ရွက်နိုင်ဘဲရှိနေရာ တစ်နေ့တွင် ဆင်မတောင်သစ်တောစခန်းနှင့် ကညင်မြောင်သစ်တောစခန်းမှ စခန်းတာဝန်ခံများနှင့် အလုပ်သမားအချို့တို့ မိုးမခသစ်တောစခန်းသို့ ရောက်လာကြသည်။

၎င်းတို့ရောက်လာခြင်းမှာ အခြားအကြောင်းမဟုတ်ပေ။ သစ်ထုတ်လုပ်ရေးစခန်းများတွင် အလုပ်သမားများ နည်းသွားရုံမက ရှိတဲ့ လူများကလည်း တောမတက်ရဲကြတော့သဖြင့် သစ်ထုတ်လုပ်ရေးများ ကျဆင်းနေပြီး အချို့စခန်းများဆိုလျှင် စခန်းများပါဖျက်၍ ထွက်ပြေးကြရသည့်အကြောင်းများကို လာရောက်ပြောပြကြခြင်းဖြစ်၏။





"ကျွန်တော်တို့ စခန်းတွေမှာလဲ လူလိုလို၊ ဘီလူးလိုလို သတ္တဝါကြီးတွေ ဝင်ပြီးနှောင့်ယှက်နေလို့ အလုပ်သမားတွေ မရှိသလောက်ဖြစ်နေပြီး ကြာရင် စခန်းတွေ ပိတ်ပြေးရတော့မယ် ဆရာကြီး"

"ဟုတ်တယ် ဆရာကြီး၊ သတ္တဝါကြီးတွေက တော်ရုံသေနတ်တွေလောက်ဆိုရင် ကြောက်ကိုမကြောက်တော့ဘူး။ ညမှောင်တဲ့အချိန်တွေမှာ ဘယ်နေရာက ဘယ်လိုရောက်လာကြတယ်မသိဘူး၊ လူတွေသာအတင်းဝင်ဆွဲပြီး ရက်ရက်စက်စက်သတ်ပစ်နေတော့တာပဲ"

"အဲဒါကြောင့် ဆရာကြီးတို့မှဆင်းလာပြီး ဆင်းလာပြီးစကယ်ရင် ကျွန်တော်တို့စခန်းတွေ မကြာခင် ပိတ်ရတော့မှာပဲ"

ဟု လာရောက်ပြောပြကြလေရာ ဦးထန်ဖုန်းရှိန် က ...

"ဒီအတွက် ဘာမှစိတ်ပူမနေကြနဲ့ မကြာခင် ဒီကနေ လူတွေလွှတ်ပေးလိုက်မယ်၊ ဒီရက်တွေအတွင်းတော့ မင်းတို့တစ်တွေ သတိဝီရိယလေးနဲ့ နေကြပေါ့"

ဟု မှာကြားလေရာ သစ်တောစခန်းမှ လာကြသူများလည်း ပြန်သွားကြလေသည်။

သို့ကြောင့် ဦးထန်ဖုန်းရှိန် က ထိုကိစ္စကို သွားရောက်ဖြေရှင်းရန်အတွက် နီမောင်နှင့် ဦးဖန်ကောင်းတို့ကို တာဝန်ပေးလေသည်။

"ကျုပ်တော့ ခင်ဗျားတို့နှစ်ယောက်ကိုပဲ လွှတ်ရမှာပဲ။ ဒီလောက်အန္တရာယ်များတဲ့နေရာဆိုတော့ တော်ရုံနဲ့မရနိုင်ဘူး၊ အတတ်ကိုတောပရိယာယ်၊ သားကောင်ပရိယာယ် ကျွမ်းကျင်မှ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"စခန်းက လက်နက်တွေနဲ့ရိက္ခာကို လိုသလောက်ယူသွားပေါ့ဗျား၊ လူတွေလဲ ကြိုက်တဲ့လူခေါ်သွားပါ"

ဟု မှာကြားသဖြင့် နီမောင်နှင့် ဦးဗန်ကောင်းတို့မှာ ခရီးထွက်ရန်အတွက် ခေါ်သွားမည့်လူများ ရွေးချယ်ခြင်းနှင့် အခြားအစီအစဉ်များ ပြုလုပ်နေစဉ် ပဲခူးမြို့ ရွာနချုပ်မှ ဆက်သားလွှတ်၍ အကြောင်းကြားစာတစ်စောင် ရောက်လာလေသည်။

ဦးထန်မုန်းရှိန် က ခေါ်ပြသဖြင့် နီမောင်တို့နှစ်ယောက် ကြည့်ရှုရသည်။

မိုးမခသစ်တောစခန်းတာဝန်ခံ ...

ရန်ကုန်နှင့်ပဲခူးရွာနချုပ်မှ ဂျပန်အရာရှိများ ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့သည် အလယ်ရိုးမသစ်တောများအတွင်းသို့ သုတေသနပြုရန် ထွက်သွားကြရင်းမှ ယခုအခါ အဆက်အသွယ်ပြတ်ကာ ပျောက်ဆုံးလျက်ရှိနေသည်။

ထို့ကြောင့် ...

၎င်းတို့၏သတင်းအစအနကို ခြေရာခံ၍ အဆက်အသွယ်ရအောင်ကြိုးစားပါ။

လိုအပ်သောအကူအညီများ ပေးပါ။

သတင်းရသည်နှင့် ပဲခူးတိုင်းရွာနချုပ်သို့ အမြန်ဆုံး သတင်းပို့ပါဟူ၍ ဖြစ်လေသည်။





"ဒီအဖွဲ့တွေ ဘယ်ဘက်လမ်းကတက်သွားလို့ ကျုပ်တို့ မသိလိုက်တာပါလိမ့်။ ဘာပဲဖြစ်ဖြစ် ကျုပ်အထင်ပြောရရင်တော့ တောထဲမှာ ဒုက္ခတစ်ခုခုနဲ့ တွေ့နေတာတော့ သေချာပြီ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"အတော်ပဲလေ၊ အခု ခောင်ရင်တို့က ရိုးမတက်ကြမှာဆိုတော့ ဒီလူးတွေကိုလဲ နှိမ်နင်းရင်း ပျောက်ဆုံးသွားတဲ့ သုတေသနအဖွဲ့ကိုလဲ ရှာရင်း တာဝန်နှစ်ခု တွဲယူလိုက်ရုံပေါ့"

ဟု ပြောလေသည်။

သို့ကြောင့် ...

နီမောင်နှင့် ဦးဗန်ကောင်းတို့သည် ခရီးထွက်ရာတွင် ခေါ်သွားရန် လူဆယ်ယောက်ကို စိတ်ကြိုက်ရွေးထုတ်လိုက်သည်။

သူတို့ ရွေးထုတ်သောလူများမှာ တစ်ဦးချင်း၌ တစ်မျိုးကောင်းဆော်ကြသူများဖြစ်သည်။

ဦးမွန်တော်မှာ အဆိပ်ပါသည့် ကျွမ်းကျင်နိုင်နင်းသူဖြစ်၏။ ငမဲအောင်ကတော့ ရဲတင်းအကြီးစားဟုခေါ်သော ကပ်ပါးလက်နက်ကို အသုံးပြုရာတွင် ကျွမ်းကျင်သည်။

စောထီး၏လက်နက်မှာ ဓါးဖြစ်ပြီး ခွန်သာ ကတော့ လုံရှည်ကို အသုံးပြုလေ့ရှိသည်။

အေးကျော် က မျောက်တစ်ကောင်လို သစ်ပင်အတက်အဆင်းမြန်ရာ တစ်ပင်နှင့်တစ်ပင် ကူးရာတွင် လျင်မြန်သွက်လက်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓော်ဝင်းက ဖေါက်ဓားကလေးများသုံးပြီး သန်းလွန် က နွယ်ကြိုးကွင်း အကူးအဆက် အပစ်တော်သည်။

တင်မြင့် က အနုန်အပျံ့ အသတ်အပုတ်တော်ပြီး ညွန့်မောင်ကတော့ ဗန်တိုဗန်ရှည်နှင့် တုတ်သိုင်းကောစီးသည်။

စောထွန်းဓော် ကတော့ ရိုင်ဖယ်သေနတ်ပစ်ရာမှာ သူမတူအောင် လက်ဖြောင့်လှသူဖြစ်သည်။

သူတို့တစ်တွေမှာ သစ်တောစခန်းများတွင် လာရောက်နေထိုင်ကြသည်ဆိုသော်လည်း ဗမာ့တပ်မတော်သားများဖြစ်ကြပြီး တာဝန်များကို လျှို့ဝှက်ထမ်းဆောင်နေကြသူများလည်း ဖြစ်ကြသည်။ နီမောင်တို့သည် လူများကို စိတ်ကြိုက်ရွေးထုတ်ပြီးသောအခါ လိုအပ်သောသေနတ်များနှင့်ခဲယမ်းများ။

အမွေးထည်၊ စောင်၊ ခြင်ထောင်၊ ရှက်ဖျင်တဲ၊ ဆေးဝါးပစ္စည်းများနှင့် ရိက္ခာများကို လိုလေသေးမရှိအောင် သယ်ယူကြသည်။

ပစ္စည်းများသယ်ရန်အတွက်တော့ ဆင်စခန်းမှ ဝန်တင်ဆင်များထဲမှ စိတ်ကြိုက်ဆင်များကို အသုံးပြုခွင့်ရသည်။

အထူးသဖြင့် ရန်သူများနှင့် ရင်ဆိုင်တွေ့ရာတွင် အရေးအကြီးဆုံးမှာ လက်နက်ကောင်းဖို့လိုပေရာ သေနတ်နှင့်ကျည်ဆန်များကိုတော့ ပြည့်စုံအောင်ထည့်ယူကြသည်။

အဝေးပစ်သေနတ်၊ အမဲပစ်သေနတ်၊ ဆင်ပစ်သေနတ်များအပြင် ဦးဗန်ကောင်းနှင့် နီမောင်တို့အတွက် ၃၈ ပေါ်ယင်ရှယ် ခြောက်





လုံးပြူးသေနတ်တစ်လက်စီနှင့် ကျည်ဆန်များပါထည့်ယူလေသည်။

ထို့ပြင် ...

လက်ဆွဲမီးအိမ်၊ ဓာတ်မီးနှင့် အမဲပစ်မီးအုပ်ဆောင်းများကိုပါ အပြည့်အစုံယူဆောင်ကြသည်။

ထိုပစ္စည်းများကို ဆင်နှစ်ကောင်နှင့်တင်၍ သယ်ယူကြသည်။ ခရီးထွက်ရန် အားလုံး အဆင်သင့်ဖြစ်သောအခါမှ အလုပ်သမားတစ် ယောက် နီမောင့်အတွက် စာတစ်စောင်ယူလာပေးသည်။

"ဒီကနေ့မှ ဌာနချုပ်ကပို့လိုက်တာလို့ပြောတာပဲ၊ ကျွန်တော်ဖတ်ကြည့်တာတော့ ဘာရေးထားမှန်းကို နားမလည်ဘူး။ သီချင်းစာလိုလို ဘာလိုလိုနဲ့"

ဟု ပြောကာ အလုပ်သမားလေးက စာရွက်ခေါက်ကလေးကို ပေးထားခဲ့ပြီး ပြန်ထွက်သွားလေသည်။

နီမောင်က စာရွက်ခေါက်ကို ဖြန့်ကြည့်ပြီး လူသူဝေးသောနေရာသို့ ယူသွားလေသည်။

ထိုစာမှာ အရေးကြီးသောစာ ...။

အချင်းချင်းသာသိနိုင်သော လျှို့ဝှက်စာပင်ဖြစ်၏။

စာရွက်ပေါ်မှာ အောက်ပါအတိုင်း ရေးထားလေသည်။

✧ ဥပါဒ်ရန်ကင်းစေသူ

တို့တစ်တွေ ခင်းကျန်စစ် ပြည်အရေးသို့



www.burmeseclassic.com

www.burmeseclassic.com



မြောင်တလျှို ခေါင်းမှာဝှက်ပါလို့
လက်ကလှပ်စေ ရှာမှရှားပေါ့။

✧ လွမ်းစေသူ ပျော်စေဖို့
စိတ်မှာလှုပ်ပေါ့ မွှေရှားရေ…
တယ်မမှုပါဘု
ဖော်မရုံတဲ့ သောလာစမ်းရေ …။

✧ ရှုတ်မှာအ,သော်လည်း
စိတ်ကမြန် လွမ်းတ,သနှင့်
ဆန်ကိုးတင်းသာ ရောက်အောင်ပို့ရော့။

ဟူသော စာသားများပင်ဖြစ်၏။

အမှတ်တမဲ့ကြည့်ပါက သီချင်းစာသားလိုလို ကဗျာစာသားလို လို တွေ့ရသည်။

တကယ်တော့ ထိုစာမှာ ဌာနချုပ်မှ နီမောင်ထံသို့ ပို့လိုက်သော လျှို့ဝှက်ဆက်သွယ်သတင်းပို့သောစာပင်ဖြစ်၏။

သို့ကြောင့် …

စာပိုဒ်နောက်တွင်တွဲထားသော အပိုစာသားများကို ဖြတ်ထုတ်လိုက်ပြီး စာရွက်တစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ချရေးလိုက်လေသည်။

အ ✧ ဥပါဒ်ရန်





ကင်းစေသူ
တို့တစ်တွေ
မင်းတျုန့်စစ်
ပြည့်အရေး
မြောင်တလျှို
ခေါင်းမှာဝှက်
လက်မှာလှုပ်
ရှာမှရှား။

✧ လွမ်းစေသူ
ပျော်စေဖို့
စိတ်မှာလှုပ်
မွှေရှား
ဘယ်မမှု
ဖော်မရုံ
သောလာစမ်း။

✧ ရှုတ်မှာအ
စိတ်ကမြန်
လွမ်းတသ
ဆန်ကိုးတင်း
ရောက်အောင်ပို့။

www.burmeseclassic.com



ဟူ၍ တွေ့ရသည်။

ထိုစာပိုဒ်များ၏ နောက်ဆုံးစာလုံးများချည်း အစဉ်အတိုင်
ချရေးလိုက်သောအခါ အောက်ပါစာပိုဒ်များ ပေါ်လာလေသည်။

(၁) ရန်သူတွေ စစ်ရေးလျှို့ဝှက်လှုပ်ရှား။
(၂) သူတို့လှုပ်ရှားမှု စုံစမ်း။
(၃) အမြန်သတင်းပို့။

ဟူ၍ အဖြေထွက်လာလေတော့သည်။

အဓိပ္ပာယ်ကတော့ ဂျပန်တပ်များ စစ်ရေးအတွက် လျှို့ဝှ
လှုပ်ရှားပြင်ဆင်နေပြီဖြစ်၍ ၎င်းတို့လှုပ်ရှားမှုကို စုံစမ်း၍ ဌာနချုပ်
အမြန်သတင်းပို့ပေးရန် ဆက်သွယ်ညွှန်ကြားသော လျှို့ဝှက်စာပ
ဖြစ်၏။

နီမောင် က ထိုစာကိုမှတ်မိအောင်ဖတ်ပြီး မီးရှို့ပစ်လိုက်လေ
သည်။ ထိုအချိန်မှာ နီမောင့်အနီးသို့ ဦးဗန်ကောင်း ရောက်လာသည်
ဦးဗန်ကောင်းမှာ ၎င်းတို့အဖွဲ့မှ သွေးသောက်ရဲဘော်တစ်ဦး ဖြစ်
"ဘာတဲ့လဲ ကောင်လေး"

နီမောင် က စာထဲမှာပါသော ညွှန်ကြားမှုများကို ပြောပြလို
သည်။

"ဒီလိုဆိုတော့လဲ တို့အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ်
ကွာ။ ဒါထက် ငါ့အထင်ပြောရရင်တော့ ဒီဂျပန်အဖွဲ့တွေ ရှိုးမထဲမှာ





သူတောသနလုပ်ကြတယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာကွ၊ သူတို့မှာ
လျှို့ဝှက်အကြံအစည်တွေရှိပုံရတယ်"

ဦးဗန်ကောင်းက မှတ်ချက်ပေးသည်။

"ဒါလဲဖြစ်နိုင်ပါတယ်"

"သူတို့ ဘယ်နေရာလောက်မှာ သတင်းအဆက်အသွယ် ပြတ်
သွားတာတဲ့လဲ"

"သတင်းအစအနတွေ ကောက်ကြည့်တော့ ကဝေမြောင်ရွာ
နီးတဲ့ တောတစ်ပိုက်မှာလို့ သိရတယ်"

"ကဝေမြောင်ဆိုတာ တို့မြေပုံထဲမှာ ကညင်မြောင်လို့ နာမည်
ပေးထားတဲ့နေရာ မဟုတ်လား"

"ဟုတ်တယ်"

"တစ်နှစ်ကလောက်က ဖြစ်မယ်ထင်တယ်၊ အမဲပစ်ထွက်သွား
တဲ့ ဂျပန်တစ်ယောက်နဲ့ သစ်တောဝန်ထမ်းနှစ်ယောက် အဲဒီရွာနဲ့
နီးမဝေးတောထဲမှာ ခြေပြတ်လက်ပြတ်နဲ့ ရုပ်ပျက်ဆင်းပျက် တွေ့
ကြရတယ်ဆိုတာ ..."

"သတင်းကြားရတာကတော့ စခန်းတာဝန်ခံ ဂျပန်အရာရှိက
အဲဒီရွာကလူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်ခဲ့တယ်လို့လဲ
သတင်းကြားရတယ်၊ မဟုတ်ကာမှလွဲရော အဲဒီလူသုံးယောက်
သေဆုံးတဲ့ကိစ္စမှာ ကဝေမြောင်ရွာသားတွေနဲ့ တစ်နည်းတစ်ဖုံ ပတ်
သက်မှုရှိနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲကြြောက်စရာကောင်းပါလား။ ဒါထက် အဲဒီရွာက[illegible]တွေက ရွာထဲကို လူစိမ်းတွေ မပေးဝင်ဘူးလို့ ပြောတယ်၊ ဘ[illegible]သဘောလဲကွ"

"သူတို့မှာ လျှို့ဝှက်တဲ့အကြောင်းတွေ ရှိချင်ရှိမှာပေါ့"

"အခု ရှိမတောထဲမှာ လူတွေကို ရက်ရက်စက်စက် လို[illegible]သတ်နေတဲ့ ဘီလူးဆိုတဲ့သတ္တဝါကြီးတွေနဲ့ ဆက်စပ်မှု ရှိနိုင်သလား[illegible]ဟင်"

"အဲဒါလဲ အတပ်မပြောနိုင်သေးဘူး ဦးဗန်ကောင်းရဲ့"

"ငါတော့ အခုတစ်ခေါက် ခရီးထွက်ရမှာ စိတ်ထဲမှာ တက်ကြ[illegible]နေသလိုပဲ"

"ဘာကြောင့်လဲ"

"ကိုယ် တစ်ခါမှမမြင်ဘူး၊ မတွေ့ဘူးတဲ့ သတ္တဝါတွေနဲ့ တွေ့[illegible]ပြီး ပစ်ရခတ်ရမှာဆိုတော့ စိတ်ဝင်စားစရာတွေပေါ့ကွာ"

ဟု အားရပါးရ ပြောနေသည်။

"စိတ်ဝင်စားဖို့ကောင်းသလို အန္တရာယ်များတယ်ဆိုတာလဲ[illegible]မမေ့နဲ့ဦးလေ"

"အင်္ဂလိပ်တော်လှန်ရေးကာလတစ်လျှောက်လုံး သူသေ[illegible]ကိုယ်သေ တိုက်ခိုက်လာခဲ့တဲ့လူတွေပဲကွာ တောထဲတောင်ထဲ[illegible]ဉာဏ်ရည်နိမ့်လှတဲ့သတ္တဝါတွေနဲ့တိုက်ခိုက်ရတာလောက်တော့ ငါ[illegible]အဖို့ ပျင်းစရာတောင်ဖြစ်ချင်ဖြစ်နေမှာ"





"အင်း ... တော်ကြာမှ ပျင်းစရာမဖြစ်ဘဲ ကျောပေးပြေးလို့တောင်မကုတ်အားဘဲ ပြေးနေရမှ ဟုတ်ပေ့ဖြစ်နေဦးမယ်ဗျို့"

"ဟား ဟား ဟား ဟား ... မင်းကတော့ ပြောရော့မယ်ကွာ"

နှစ်ယောက်သား ရယ်ရယ်မောမော ပြောဆိုရင်း ခရီးထွက်ရန်အစီအစဉ်များကို အသေးစိတ် ထပ်မံပြုလုပ်ကြလေသည်။

*****



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

## ဆင်တောင်ရွာမှ သဲလွန်စ

နီမောင်တို့အဖွဲ့က (၁၀)ယောက်။

ဆင်နှစ်ကောင်နှင့် ထိန်းကျောင်းရန်လိုက်လာသူက (၅) ယောက်နှင့် ခရီးထွက်သောအဖွဲ့မှာ (၁၅)ယောက်ဖြစ်သည်။

သူတို့အဖွဲ့သည် ပထမဆုံးခရီးအဖြစ် ကဝေမြောင်ရွာသို့ ရောက်အောင်သွားကြမည်ဟု တိုင်ပင်ဆုံးဖြတ်ကြပြီး ထိုရွာသို့ အနီးဆုံးရောက်နိုင်သောလမ်းများကိုရွေးချယ်အသုံးပြု၍သွားကြလေသည်။ ခန့်မှန်းခြေအရ မိုးမခစခန်းမှ ကဝေမြောင်ရွာသို့ရောက်နိုင်ရန် မိုင်တစ်ရာခန့်ဝေးကွာသောကြောင့် လမ်းခရီးတွင် လေးညအိပ် ငါးရက် ခရီးလောက်တော့ သွားကြရမည်ဟု ခန့်မှန်းကြသည်။

ရိက္ခာနှင့်ပစ္စည်းများကို ဆင်နှစ်ကောင်ပေါ် မှာတင်ပြီးလူများက တော့ ခြေကျင်လျှောက်ကြလေသည်။





လူချည်းသက်သက်သွားမည်ဆိုလျှင်တော့ သည်မျှလောက် ရောက်ကြာမည်မဟုတ်ပေ။

သို့သော် ...

ယခုအခါ ဆင်များပါနေသောကြောင့် နေပြင်းပြင်းပူသော နေ့အချိန်များနှင့် အမှောင်ဖုံးသော ညအချိန်များကိုရှောင်ပြီး သွားကြရသည်ဖြစ်သဖြင့် ထိုမျှရက်ကြာခြင်းဖြစ်၏။

နေ့အချိန်တွင် ဆင်များက နေဒဏ်မခံနိုင်သလို ညအချိန်ရောက်တော့လည်း အမှောင်ထဲမှာ အန္တရာယ်များလှသောကြောင့် ခရီးမဆက်ဝံ့ကြပေ။

သို့ကြောင့် ...

နေအေးသော နံနက်စောစောနှင့် ညနေပိုင်းအချိန်များတွင် သွားကြလေသည်။

ခရီး၏ဦးတည်ချက်မှာ ကဝေမြောင်ရွာဟူသော သတ်မှတ်ကြသော်လည်း တကယ်တော့ မိုးမခ,စခန်းမှ စ,ထွက်လာကတည်းက အတိဝီရိယထားနေကြရသည်။

အဘယ်ကြောင့်ဆိုသော် ...

ဘီလူးကဲ့သို့ ဆိုးသွမ်းနေသောသတ္တဝါများ၏သတင်းမှာ ရိုးမအခက်ကြော နေရာအနှံ့တွင် ကြားနေရသောကြောင့်ဖြစ်သည်။

ပထမနေ့ ခရီးဆက်ပြီး နားကြသောညဘက်တွင် ထူးထွေခြားခြား အန္တရာယ်တွေမတွေ့ကြရသော်လည်း ဒုတိယညမှာတော့



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ထိတ်လန့်ဖွယ်ရာမျိုးနှင့်ကြုံရသည်။

ညဘက် ကင်းစောင့်သူများ၏ပြောပြချက်အရ ညဦးနက်ပိုင်း အမှောင်ဖုံးနေသောအချိန်တွင် တောနက်ထဲတွင် မည်းမည်းသတ္တ ကြီးများ၏ အရိပ်သဏ္ဌာန်ကို တွေ့ရကြောင်း။

ခင်များမှာ ထိုသတ္တဝါကြီးများ၏အနံ့နှင့် အရိပ်အယောင် သိသောအခါ တရှူးရှူး တရှဲရှဲနှင့် ထိန်းမရလောက်အောင် ဖြစ်လ သဖြင့် အတော်ထိန်းထားခဲ့ရကြောင်း။

အတော်ညဦးနက်ပိုင်းရောက်သောအခါမှ စခန်းအနီးမှ ပျောက်သွားကြကြောင်း

ပြောပြကြလေသည်။

"မင်းတို့တွေ့လိုက်တာ ဘယ်လိုပုံမျိုးလဲ"

"အရပ်အမောင်းနဲ့ အလုံးအထည် ပိုကြီးမြင့်တာကလွဲပြီး သဏ္ဌာန်ကတော့ လူနဲ့ အတော်ဆင်တယ်"

"ဘာကြောင့် သေနတ်နဲ့လှမ်းမပစ်တာလဲ"

"ပစ်ခွင့်မသာလို့ မပစ်ခဲ့တာပါ။ ဒီသတ္တဝါတွေက လူလို အတော်ပါးနပ်လျင်မြန်ပုံရတယ်၊ သစ်ပင်ကြီးတွေရဲ့နောက်အကွယ် မှာ ရိပ်ခနဲ ရိပ်ခနဲလောက်ပဲ တွေ့လိုက်ရတယ်။ ဒီကောင်ကြီးတွေ ကြည့်ရတာ လူတွေလိုပဲ အတော်လျင်မြန်ပါးနပ်ပုံရတယ်"

"ဟုတ်တယ် ဆရာရဲ့၊ ဒီကောင်ကြီးတွေကြည့်ရတာ ကျွန်တော် တို့တစ်တွေကို ရန်ပြုချင်ပုံရတယ်၊ ကျွန်တော်တို့မှာ လူတွေများ





း သေနတ်တွေပါလာလို့သာ ရဲရဲမဝင့်တာဖြစ်ရမယ်"

"အေး ... ဘာပဲဖြစ်ဖြစ် နောက်ရက်တွေမှာလဲ ပေါ့ပေါ့ရော့ ရော့မနေကြနဲ့၊ နေ့ပဲဖြစ်ဖြစ်၊ ညဘက်ပဲဖြစ်ဖြစ် သတိဝီရိယရှိကြ သေး၊ အရေးရှိလာရင် ကိုယ်က ဦးအောင်သာဆော်ကြပေတော့"

ဟု မှာကြားကာ နံနက်စောစောမှာပင် ရှေ့သို့ ခရီးဆက်ကြ လေသည်။

သူတို့သည် လမ်းတွင်တွေ့ရသော ကသစ်ပိုင်ရွာသို့ သော် သည်းကောင်း၊ ကျောက်တစ်လုံးရွာသို့ သော်လည်းကောင်း ဝင် ရောက်ကြသောအခါ ထိုရွာများမှ သူကြီးနှင့် ရွာသူရွာသားများက လိုအပ်သောအကူအညီပေးကြသည်။

စားနပ်ရိက္ခာများ ပေးကြသည်။

၎င်းတို့မှာ နီမောင်တို့တစ်တွေ ယခုကဲ့သို့ရောက်လာခြင်းကို ဝင်းဝမ်းသာအားတက်နေကြသည်။

ကသစ်ပိုင်ရွာတွင် တစ်ညအိပ်ပြီး ပျောက်ဆုံးနေသော ဂျပန် သုတေသနအဖွဲ့ အကြောင်းကို စုံစမ်းကြည့်သောအခါ သူတို့လည်း ထေနထာ မသိကြပေ။

ထိုရွာမှ အမဲလိုက်သော ရွာသားတစ်ယောက်ကတော့ ...

"လွန်ခဲ့တဲ့ တစ်လလောက်က ကျူပ် တောင်ပေါ်မှာရှိနေတုန်း ဂျပန်လူမျိုးတွေပါတဲ့အဖွဲ့ တစ်ဖွဲ့ အနောက်ဘက်ကို ဖြတ်သွားတာ တော့မြင်လိုက်မိတယ်၊ ဆရာကြီးတို့ရှာနေတဲ့အဖွဲ့ လား ဘာလား



www.burmeseclassic.com

www.burmeseclassic.com



တော့ မသိဘူး”

ဟု ပြောပြလေသည်။

ကာသစ်ပိုင်ရွာတွင် တစ်ညအိပ်ပြီး ခရီးဆက်ကြရာ နောက်တစ်နေ့တွင် ဆင်မတောင်ရွာသို့ရောက်ကြသည်။

ဆင်မတောင်ရွာသူကြီး ဦးဘိုးရံမှာ သူတို့နှင့် အတန်အသင့်ရင်းနှီးနေသူမို့ လူရောဆင်များပါ ရွာထဲသို့ ဝင်တည်းကြသည်။

“ဆရာကြီးတို့ရောက်လာတာ ဝမ်းသာသဗျာ၊ အခုတစ်လော ကျုပ်တို့ရွာမှာ အန္တရာယ်အရိပ်အငွေ့တွေ ပြန်တွေ့နေရပြန်ပြီ”

“ဘယ်လိုတွေ့တာလဲ”

“ညဘက်မှောင်လာရင် ရွာခြံစည်းရိုးနားကို ချေးမည်းသတ္တဝါကြီးတွေ ကပ်ကပ်လာတာတွေ့နေရပြန်ပြီ”

“အရင်က ဒီလိုမတွေ့ရဘူးလား”

“ဟိုတုန်းက မြင့်ဆောင်တို့ စိုးဝင်းတို့ တောထဲက ပြန်ပြေးလာပြီးနောက်ပိုင်း အဲဒီလိုတွေ့ရဖူးတယ်၊ နောက်တော့ မြင့်ဆောင် က မှော်ဘီဘက်သွားနေတုန်း အဲဒီလိုမတွေ့ရပြန်ဘူး။ အခု မြင့်ဆောင် က သူ့အစ်မ နေမကောင်းလို့ ရွာကို ခဏပြန်လာတာ မကြာသေးဘူး။ သူ ပြန်ရောက်လာပြီး မကြာပါဘူး အဲဒီမည်းမည်းကြီးတွေ ခြံစည်းရိုးနား လာချောင်းနေတာ တွေ့ရပြန်တယ်”

ဟု ဦးဘိုးရံ က ပြောပြသည်။

“အဲဒီလူ ရွာထဲမှာရှိလား သူကြီး”





“ရှိတယ်”

“ခဏလောက်သွားခေါ်ပေးပါလား။ ကျုပ်တို့ သူ့ကို မေးစရာနည်းနည်းရှိလို့ပါ”

“ရတယ် ... ရတယ်”

ဟု ပြောကာ သူကြီးဦးဘိုးရံက ရွာသားတစ်ယောက်ကို အခေါ်ခိုင်းလိုက်ရာ ခဏကြာတော့ မြင့်ဆောင် လိုက်လာသည်။

မြင့်ဆောင် က သစ်တောဝန်ထမ်းများကိုမြင်သောအခါ ၎င်းသနတ်ကို သိမ်းယူမည်အထင်နှင့် မျက်စိမျက်နှာပျက်နေသည်။

“ခင်ဗျားကိုခေါ်တာ မေးစရာနည်းနည်းရှိလို့ပါ”

နီမောင် က ပြောလိုက်သည်။

“မေး ... မေးပါ ဆရာ”

“ခင်ဗျားတို့သုံးယောက် ဆေးဆရာတွေနဲ့ လမ်းပြလိုက်သွားပြီး ဖြစ်ခဲ့တဲ့အကြောင်းတွေကို နည်းနည်းလောက်သိချင်လို့ပါ”

“လွန်ခဲ့တဲ့ သုံး၊ လေးလလောက်တုန်းက ကျွန်တော်တို့ရွာကို ဆေးမြစ်ဆေးဥရှာမယ်ဆိုတဲ့ လူသုံးယောက် ရောက်လာကြတယ်၊ သူတို့က လမ်းပြငှားတာနဲ့ ကျွန်တော်ရယ်၊ စိုးဝင်းရယ်၊ မိုက်ကြီးရယ် သုံးယောက် လိုက်သွားတာ လမ်းတစ်ဝက်မှာတင် မိုက်ကြီး သေသွားတယ်”

“ဘာကြောင့်သေတာလဲ”

“သတ္တဝါတစ်ကောင်ကောင်ရဲ့ လက်ချက်ကြောင့်သေတယ်လို့

www.burmeseclassic.com



ထင်တာပဲ၊ ဘီလူးနီကြီးတွေလက်ချက်ကြောင့်လဲ ဖြစ်နိုင်ပါတယ်"

"အင်း ... ဆက်ပြောပါဦး"

"တောထဲရောက်တော့မှ ဆေးဆရာသုံးယောက်က ဆေးမြစ် ဆေးဥရှာရုံမကဘဲ ရတနာသိုက်တစ်ခုကို လာရှာကြတယ်ဆိုတာ ဖွင့်ပြောကြတယ်၊ ကျွန်တော်တို့လဲ အဲဒီရောက်မှသိရတော့တယ်"

"ရတနာသိုက် ဘယ်နေရာမှာရှိခဲ့တာတဲ့လဲ"

"မြစိမ်းတောင်ညိုတောင်တန်းပေါ်က ကျောက်လက်ဝါး တောင်ရဲ့ ဂူတစ်လုံးထဲမှာရှိတယ်လို့ပြောတယ်"

"အင်း ... ဟုတ်ပြီ ဆက်ပါဦး"

"ကျောက်လက်ဝါးတောင်ပေါ် လည်းရောက်ရော ဘီလူးနီကြီး တစ်ကောင်နဲ့ ပက်ပင်းတိုးတာနဲ့ ကျွန်တော်လဲ သေနတ်နဲ့ပစ်ချလိုက် တယ်"

"မှန်သွားသလား"

"မှန်တယ်လို့ထင်တာပဲ၊ လဲကျသွားတာတွေ့လိုက်ရတယ်"

"တစ်ခါတည်း သေသွားသလား"

"သေသလား ရှင်သလားတော့ မသိဘူး၊ အဲဒီအကောင်ယဲ့ လဲကျသွားရော နောက်ထပ် ဂူထဲကနှစ်ကောင် ထွက်လာပြီး လိုက် တာနဲ့ ကျွန်တော်တို့လဲ သေပြေးရှင်ပြေး ထွက်ပြေးခဲ့ရတာပါပဲ"

ဟု ပြောပြသည်။

"အဲဖြင့် ဘီလူးနီ ဆိုတဲ့ သတ္တဝါကြီးတွေကို ခင်ဗျား နီးနီးကပ်





[illegible]တွေ့လိုက်ရတယ်ပေါ့"

"ဟုတ်ကဲ့ တွေ့ရပါတယ်"

"ဘယ်လိုပုံပန်းသဏ္ဌာန်မျိုးလဲဆိုတာ ပြောပြပါဦး"

"လူနဲ့ နှစ်ဆလောက်ကြီးပြီး တစ်ကိုယ်လုံး အမွေးနီတွေ [illegible]ဖုံး ထားတယ်၊ ပါးစပ်ထဲမှာ အစွယ်တွေထွက်နေပြီး ဘီလူးလို [illegible]တော် ကိုကြောက်စရာကောင်းလှတယ်"

"ဒါထက် ခင်ဗျားတို့နှစ်ယောက်က ရွာကိုပြန်ပြေးလာကြ [illegible]တော့ ဆေးဆရာသုံးယောက်ကရော ဘယ်မှာကျန်နေခဲ့သလဲ"

"သူတို့က ကျွန်တော်ပြောတာကို မယုံကြဘူး၊ ဒါကြောင့် [illegible]ကျောက်လက်ဝါးတောင်ပေါ်မှာ ကျန်နေခဲ့ကြတယ်"

"နောက်ထပ် သူတို့သတင်းရော ဘာကြားသေးသလဲ"

"သူတို့တော့ သေသလား ရှင်သလား မပြောတတ်တော့ပါ [illegible] နောက်ထပ် ဘာသတင်းမှမကြားရတော့ဘူး"

ဟု ပြောသည်။

ထိုအခါ နီမောင် က ပြောပြသည်။

"ခင်ဗျား သေနတ်နဲ့ပစ်ခဲ့တဲ့သတ္တဝါကြီးတွေက ခင်ဗျားတို့ [illegible]ထင်သလို ဘီလူး မဟုတ်ပါဘူး၊ တောထဲမှာ ဘီလူးလိုပဲ ကြောက် [illegible]ကောင်းတဲ့ တောလူလို့ခေါ်တဲ့ မျောက်ဝံနီကြီးတွေပဲ"

"ဟင် ... တောလူ ဟုတ်လား"

"ဟုတ်တယ်၊ တောလူလို့လဲခေါ်တယ်၊ လူဝံနီလို့လဲခေါ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီးသလောက် လူလိုပဲ အသိဉာဏ်ရှိတယ်၊ ခွန်အား… ကြီးသလောက် သစ်ပင်ပေါ်မှာရော မြေပြင်ပေါ်မှာပါ အလွန်… တယ်၊ သတ္တိလဲရှိတယ်၊ ရက်စက်တဲ့နေရာမှာလဲ ကမ်းကုန်အော… ရက်စက်တတ်တယ်”

နီမောင် ရှင်းပြသောစကားကို အားလုံးက စိတ်ဝင်စားစွာ န… ထောင်နေကြသည်။

“လူဝံနီတွေဟာ သူတို့ သံယောဇဉ်ရှိတဲ့ သွေးရင်းသားရင်း… တွေကို ထိခိုက်အောင်လုပ်ရင်တော့ အဲဒီရန်သူကို မမိမချင်း က… စားမချေရမချင်း ရေတုန်ရေခန်း လိုက်လေ့ရှိတယ်။ သူတို့ကို… ထွက်သံယို ဒဏ်ရာအနာတရဖြစ်အောင်လုပ်ရင် အဲဒီရန်သူ… မတွေ့တွေ့အောင်ရှာပြီး ကလဲ့စားချေတတ်ကြတယ်”

နီမောင့်စကား ကြားသောအခါ မြင့်ဆောင်၏မျက်နှာမှာ သွေး… မရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေတော့သည်။

“ဘာမှမကြောက်ပါနဲ့ ကိုမြင့်ဆောင်၊ ကျွန်တော်တို့ အခုလ… ကြတာ အဲဒီသတ္တဝါတွေကို နှိမ်နင်းဖို့လာကြတာပါ၊ ခင်ဗျားလဲ စိ… ဝင်စားရင် လိုက်ချင်လိုက်ခဲ့ပေါ့”

နီမောင် က သွေးတိုးစမ်းသလိုပြောလိုက်သည်။

“ဟင်… ဆရာတို့က ကျွန်တော့်ကိုပါ ခေါ်သွားကြမယ် ဟု… လား”

မြင့်ဆောင် က တအံ့တသြမေးလိုက်သည်။





“ခင်ဗျား လိုက်ချင်လိုက်ခဲ့ပေါ့၊ ဒီရွာမှာ တထိတ်ထိတ်တလန့် …န့်နဲ့နေရတာနဲ့စာရင် ကျွန်တော်တို့နဲ့လိုက်ခဲ့ရင် စိတ်ပြေလက် …ပျောက်ဖြစ်ချင်ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား”

နီမောင် က မြင့်ဆောင် လိုက်လာလျှင် လမ်းခရီးအတွက် …အထောက်အကူရမည်ဟု ခန့်မှန်းမိသဖြင့် ခေါ် နေခြင်းဖြစ်သည်။

“အင်း … ဒါလဲ မဆိုးဘူး၊ ရွာမှာနေတာနဲ့စာရင် ဆရာတို့အ… …လိုက်ခဲ့ရင် ပိုကောင်းမယ်။ လူတွေကလဲ အများကြီး၊ သေ… …တွေကလဲ အများကြီးနဲ့ ဘာမှကြောက်စရာမရှိဘူး၊ ကျွန်တော် …တို့ …ခဲ့မယ်”

ဟု အားတက်သရော ပြောလေသည်။

ထိုရွာရောက်၍ ပျောက်နေသော ဂျပန်ဘုတေသနသတင်းကို …မေးမြန်းကြည့်သောအခါ ကဝေမြောင်ရွာဘက်သို့ တက်သွားသည် …ဟူသောသတင်းလောက်သာသိရပြီး ကျန်တာတော့ ဘာမှ ထူးထူး …ခြားခြား မသိရပေ။

ညဘက်ရောက်တော့ ဦးမိန်ကောင်း က …

“မင်း မြင့်ဆောင် ဆိုတဲ့ လူကို တို့နဲ့ခေါ် လာခဲ့လို့ အဆင်ပြေပါ့ …လား၊ သူ့နောက်ကို လူဝံနီတွေက သဲကြီးမဲကြီးလိုက်နေတယ် …ဟုတ်လား”

ဟု စိုးရိမ်စွာ စကားဆိုလေသည်။

“စိတ်မပူပါနဲ့ အဘာရယ်၊ အဲဒါကြောင့် သူ့ကို မရရအောင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပေါ့"

"ဟင် ... ဘာကြောင့်လဲ"

"အခု ကျွန်တော်တို့တစ်တွေ လာကြတာ လှုံ့နီတွေကို အ

သင်ဖို့ လာကြတာမဟုတ်လား"

"ဟုတ်တယ်လေ"

"လှုံ့နီတွေက မြင့်ဆောင်နောက်တို့ သဲကြီးမဲကြီးလိုက်နေ

ယ်မဟုတ်လား။ ဒီတော့ သူ့ကို တည်ကြက်အဖြစ် ဖမ်းပြ

ဘ်ရင် ကျွန်တော်တို့က လှုံ့နီတွေကို တကူးတကလိုက်ရှာ

စရာမလိုဘဲ သူတို့က ကျွန်တော်တို့ရှိတဲ့နေရာကို ရောက်လာ

မဟုတ်လား။ ဒီတော့မှ အပိုင်စောင့်ပြီး ပစ်ကြတာပေါ့။ မြင့်ဆော

ဟာ ကျွန်တော်တို့အတွက်တော့ တည်ကြက်ပဲပေါ့"

"အင်း ... ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အတွ

တော့ အန္တရာယ်အတော်ကြီးတယ်နော်"

"ဒါကတော့ ကျွန်တော်တို့က ဝိုင်းဝန်းကာကွယ်ပေးရမှာပေ

"ဒါထက်မေးရဦးမယ်၊ ဒီဘက်ကိုတက်သွားတဲ့ ဂျပန်တွေ

သူတောသနလုပ်ငန်းကို အကြောင်းပြပြီး အခြား ဘယ်လိုရည်ရွ

ချက်တွေနဲ့လာတယ်ဆိုတာ မင်းရှိပ်မိသလား"

ဟု ဦးဖန်ကောင်း က တိုးတိုးမေးသည်။

"တခြား ဘာရှိမလဲ အညာရှယ်၊ ရိုးမထဲကိုတော့ အကြောင်း

ဘဲနဲ့တော့ လာမှာမဟုတ်ဘူး။ ကျွန်တော့်အထင်ပြောရရင်တော





ထမတစ်ချက်က စစ်အခြေစိုက်စခန်းတစ်ခုခုလုပ်ဖို့ အခြေအနေ

သာကြည့်တာဖြစ်နိုင်တယ်"

"အင်း ဖြစ်နိုင်ပါတယ်"

"နောက်တစ်ချက်က မြင့်ဆောင် ပြောသွားတဲ့စကားထဲမှာ

ဆိုလွန်စတစ်ခုပါလာတာ အဘ သတိထားမိလိုက်သလား"

"အမှုမဲ့အမှတ်မဲ့ပါပဲ၊ ဘာများပါလိမ့်"

"ကျောက်လက်ဝါးတောင်တစ်ဝိုက်မှာ အင်္ဂလိပ်တွေ ထွက်

ပြေးစဉ်တုန်းက ဝှက်ထားခဲ့တဲ့ ရတနာတွေရှိတယ်ဆိုတာလေ။ သူတို့

ကို လမ်းပြခဲ့တဲ့လူသုံးယောက်က သေးမြစ်ရှာမယ်လို့အကြောင်း

ပြီး တောင်ပေါ် ရောက်မှ အဲဒီအကြောင်းကို ဖွင့်ပြောခဲ့တယ်ဆိုတာ

ပါတယ်လေ၊ မဟုတ်မှလွဲရော သူတို့ ဒီဘက်ကိုတက်လာတာ အဲဒီ

အကြောင်းလဲ ပါလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

ဟု နီမောင် က ပြောသောအခါ ဦးဖန်ကောင်း က ကွမ်းတမြုံ့

မြုံ့ဝါးရင်း မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေသည်။

"အင်း ... မင်းပြောမှစဉ်းစားမိတယ်၊ အဲဒီအကြောင်းကလဲ ဖြစ်

နိုင်ခြေအတော်ရှိတဲ့အချက်ပဲကွ၊ ဒါထက် ငါ မသိလို့ မေးပါရစေဦး။

သူတို့ ဘယ်လိုကြောင့် အခုလို အဆက်အသွယ်ပြတ်ပြီး အုပ်စုလိုက်

ပျောက်နေရတာလဲ"

"အင်း ... ဒါကတော့ ကျွန်တော်လဲ မခန့်မှန်းနိုင်သေးဘူး။ အနီး

ဆုံးဖြစ်နိုင်တာကတော့ အန္တရာယ်တစ်ခုခုနဲ့ကြုံတွေ့ကြတာဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



များတယ်”

ဟု နီမောင် က ပြောပြသည်။

ထိုညတွင် ရွာထဲတွင်အိပ်ကြရသဖြင့် ကင်းချထားခြင်း

တော့ဘဲ မောမောပန်းပန်းနှင့် လွတ်လွတ်လပ်လပ်အိပ်ကြရာ ည

နက်ပိုင်းရောက်သောအခါ မနီးမဝေးတွင်လှန်ထားသော ဆင်

ကောင် ရှုးရှူးရှဲရှဲဖြစ်သံကြားရမှ ထကြည့်သောအခါ သူတို့ တ

နေသောနေရာနှင့် မနီးမဝေးခြံစည်းရိုးအပြင်တကက်တွင် မည်းမှ

သဏ္ဌာန်ကြီးနှစ်ကောင်ကို မသဲမကွဲလှမ်းမြင်ရသဖြင့် မီးပုံများထဲ

ဝါးခစ်ပိုင်းများပစ်ထည့်လိုက်သောအခါ ‘ဖောင်း၊ ဒိုင်း’ ဟု

ပေါက်ကွဲသံကြီးများထွက်လာတော့မှ သတ္တဝါကြီးနှစ်ကောင်မှာ

ထွက်သွားလေတော့သည်။

ထိုအသံများကြောင့် အဖွဲ့အားလုံး လန့်နိုးလာကြရုံမက

သားအချို့ပင် နိုးလာကြသည်။

အခြေအနေကိုရိပ်မိသောအခါ အားလုံး ပြန်မအိပ်ကြတော့

လက်ဖက်ရည်ကြမ်းခါးခါးကျိုသောက်ရင်း မိုးလင်းသည်အထိ စ

ပြောကာ စောင့်ကြရလေတော့သည်။

✳✳✳✳✳





အခန်း (၈)

## ဝါးတောတွင်းမှ အန္တရာယ်

နောက်တစ်နေ့နံနက်စောစောတွင် ဆင်မတောင်ရွာသူကြီး

ိုးရုံကို နှုတ်ဆက်ပြီး အနောက်ဘက်သို့ဦးတည်ကာ ခရီးဆက်ခဲ့

ည်။ ဆင်မတောင်မှထွက်သောအခါ သူတို့အဖွဲ့တွင် လူ တစ်

ာက် တိုးလာသည်။

မြင့်ဆောင် ဖြစ်သည်။

မြင့်ဆောင် က ၎င်း၏လက်စွဲတော်သေနတ်ကိုယူကာ လိုက်

ခြင်းဖြစ်လေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ မည်သို့အန္တရာယ်မှ ကြီးကြီး

ားမတွေ့ကြရပေ။

ထိုဘက်တောသို့ရောက်သောအခါမှ ဂျပန်သုတေသနအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုသွားသော ခြေရာလက်ရာ ပစ္စည်းအကြွင်းအကျန်များကို တွေ့လာရသည်။

နို့ဆီဘူးခွံ၊ ငါးသေတ္တာဘူးခွံ၊ စီးကရက်ဘူးခွံ အစရှိသည်တို့ကို ဟိုနေရာတစ်ခု၊ သည်နေရာတစ်ခု တွေ့ရသောအခါမှ ဂျပန်သူရဲ သနအဖွဲ့သည် လွန်ခဲ့သောလပိုင်းလောက်က ယခု သူတို့သွားနေ သောလမ်းအတိုင်း အနောက်ဘက်သို့ ခရီးဆက်သွားကြောင်းသိရ သောအခါ များစွာ အားရှိလာတော့သည်။

ထိုခရီးတစ်လျှောက်လုံးမှာတော့ လူဝံနီများ၏ အရိပ်အယောင် ကို လုံးဝမတွေ့ရဘဲ ကဝေမြောင်ရွာနှင့်နီးလာသောအခါမှ သစ်ချုံ တစ်ခုထဲမှာ စေ့ကျိုး၍သေနေသော အလောင်းတစ်လောင်းကို ရုတ် တွေ့ရတော့သည်။

အလောင်းမှာ သစ်ချုံများနောက်တွင် ရှိနေသဖြင့် တစ်ယောက် တည်း အဝေးအဝေးသွားနေစဉ် မျှော်လင့်ဘဲ အန္တရာယ်နှင့်တိုးကာ သေဆုံးသွားခြင်းဖြစ်ဟန်ရှိသည်။

သေဆုံးနေသောအလောင်းမှာ ပုပ်ပွ၍ မြင်မကောင်းအောင် ရှိနေသော်လည်း၊ အဝတ်အစားများကိုမြင်ရုံနှင့် ဂျပန်လူမျိုးတစ် ယောက်ဖြစ်မည်ဟု သိနိုင်လေသည်။

ဦးထုပ်မှာ မနီးမဝေးမှာပင် လွင့်ကျနေသည်။

သေသူ၏လက်ထဲမှ ဂျပန်ကင်ဒိုဓားရှည်တစ်လက်ကို ကိုင် ထားသည်ကို တွေ့ရသဖြင့် နီမောင် က ထိုဓားကိုယူပြီး အသေ





ကြည့်လိုက်သောအခါ ဓားတွင် သွေးခြောက်နေသော သွေးစ နှများကိုတွေ့ရပြီး အနီရောင်အမွေးရှည်များ ကပ်နေသည်ကို လည်း တွေ့ရလေသည်။

"အင်း … အခြေအနေကြည့်ရတာတော့ ဒီလူဟာ မမျှော်လင့် အန္တရာယ်နဲ့တွေ့လိုက်ရပြီး အသေအချာ ပြန်လည်တိုက်ခိုက်ခဲ့တဲ့ ဘော့ပေါ်တယ်၊ အားခြင်းမမျှလို့သာ အသတ်ခံလိုက်ရပုံရတယ်"

"ဘာကြောင့်လဲ နီမောင်"

"သူ့ရဲ့ ဓားမှာ သွေးစသွေးနတွေရော၊ လူဝံနီရဲ့ သွေးမြစ်မွှေး များ ယ်၊ သွေးစတွေလဲတွေ့ရတယ်၊ ဒီလူဟာ လူဝံနီတစ်ကောင် လက် ညီနဲ့ အခုလိုသေရှာတာပဲ"

သူတို့တစ်တွေသည် လမ်းတစ်လျှောက်လုံး သဲလွန်စများတွေ့ ရသဖြင့် အနည်းငယ်အားရှိလာကာ ထိုသဲလွန်စများကို စေ့စေ့ ပ်ရှာဖွေရင်း သွားနေသဖြင့် ခရီးမတွင်လှပေ။

နေ့လယ်ဘက်တွင် အပူရှိန်ကမြင့်လာသောကြောင့် ဆင်များ အနားပေးရင်းနှင့် အဖွဲ့သားများလည်း အရိပ်ကောင်းသော ပင်ကြီးများအောက်မှာနားရင် နံနက်စာစားရန်အတွက် စီစဉ်ပြု ပ်ကြလေသည်။

ထိုသို့နားနေကြစဉ် နီမောင်နှင့်ဦးဖန်ကောင်းတို့က ခရီးစဉ် နှင့်အထားများကို ဆွေးနွေးနေကြစဉ် မြင့်ဆောင် ရောက်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ အခု ဦးတည်သွားနေတာ ကဝေမြောင်ရွာဘက်ကို ဦးတည်သွားနေတာမဟုတ်လား"

ဟု မေးသည်။

"ဟုတ်တယ်လေ၊ ကိုမြင့်ဆောင် က အဲဒီရွာကို သိလို့လား"

"သိတာပေါ့ဗျာ၊ ကျွန်တော်က လမ်းပြတစ်ယောက်ပဲ၊ ဒီရွာအကြောင်းကိုကောင်းကောင်းသိတာပေါ့"

"ပြောပြပါဦးဗျာ"

"အဲဒီရွာရဲ့ မူလနာမည်က 'ကညင်မြောင်' လို့ခေါ်တယ်၊ အခုကဝေမြောင်လို့ပြောင်းခေါ်ကြတာပါ"

"ဘာကြောင့်လဲဗျ"

နီမောင် တို့က ထိုရွာအကြောင်းကို အတော်အတန်သိထားပြီးဖြစ်သော်လည်း မြင့်ဆောင်ထံမှ နောက်ထပ် ဘာများသိနိုင်မလဲဟု မေးလိုက်ခြင်းဖြစ်၏။

"တစ်ရွာလုံး ပြုစားတတ်တဲ့ကဝေအတတ်ကို တတ်ကြလို့ 'ကဝေမြောင်' လို့ နာမည်ပြောင်းသွားတာပါ။ သူတို့ရွာကလူဆိုရင် ကြောက်ကြလွန်းလို့ ဘယ်သူကမှ အသက်အသွယ်မလုပ်ဝံ့ကြဘူး။ ကဝေမြောင်လို့ အသံကြားတာနဲ့ ဝေးဝေးက ထွက်ပြေးကြတာပါပဲ"

"သူတို့က ဘယ်လိုနည်းတွေနဲ့ ပြုစားတာလဲ၊ ခင်ဗျားသိရင် ပြောပြပါဦး"

"ပြုစားတဲ့နည်းတွေကတော့ အများကြီးရှိတာပေါ့၊ လူသေရဲ့





ဦးညှာဉ်ကို ခေါ်တာ ထုတ်တာတွေ၊ လိပ်ပြာနုတ် လိပ်ပြာခေါ်တဲ့ အတတ်တွေကို လူတိုင်းလိုလို တတ်ကြတယ်၊ နောက်ပြီး အဆိပ်နဲ့ ဆက်သက်ပြီး ဖော်စပ်အသုံးပြုတဲ့နေရာမှာ အတော်ကောင်းတယ်၊ သူတို့ရဲ့အဆိပ်ဖော်စပ်တဲ့ပညာကို ဒီရိုးမတစ်ကြောမှာရော မြန်မာပြည်တစ်ပြည်လုံးမှာပါ ဘယ်သူမှ မမီနိုင်အောင်တော်တယ်"

"ဘယ်လိုကောင်းတာလဲဗျ"

"သူတို့သုံးတဲ့အဆိပ်တွေက အစားအစာထဲမှာ၊ ရေထဲမှာ ထည့်ဆေးလိုက်လို့ စားမိရင် ချက်ချင်း တုံးခနဲသေသွားတာရှိသလို တဖြည်းဖြည်းရောဂါခံစားပြီးမှ သေတဲ့အဆိပ်မျိုးလဲ ရှိတယ်၊ တိရစ္ဆာန်တွေ သူတွေကို အဆိပ်ငွေ့သုံးပြီး မလှုပ်နိုင်အောင် သူတို့ခိုင်းတဲ့အတိုင်း လုပ်အောင်လဲ သုံးတဲ့အဆိပ်တွေရှိတယ်"

"တယ်ဟုတ်ပါလား"

"လွန်ခဲ့တဲ့ သုံး၊ လေးလလောက်တုန်းက သစ်တောဝန်ထမ်းတွေ ဆိုလား သူတို့ရွာကိုရောက်လာပြီး စကားပြော အဆင်မပြေတာနဲ့ သစ်တောအရာရှိက ရွာသားတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်"

ထိုသတင်းမှာ နီမောင်တို့ကြားထားပြီးသောသတင်းဖြစ်သည်။

"နောက်တော့ ရွာလူကြီးက ကောင်းကောင်းမွန်မွန်နဲ့ ရွာကိုခေါ်ပြီး အစားအသောက်တွေကျွေးပြီး ပြန်လွှတ်လိုက်တယ်လမ်းရောက်တော့ သုံးယောက်စလုံး မလှုပ်နိုင်တော့ဘဲ ...လူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်ဆိုလား။ အားလုံး သေကုန်ကြတာ ဆရာတို့လဲ ကြား လိုက်မှာပေါ့”

“အင်း ကြားလိုက်ပါတယ်”

“အဲဒီလိုအဆိပ်မျိုးကျတော့ ရွာထဲမှာသတ်ရင် မြေသနားပေါ် မှာစိုးလို့ ရွာအပြင်ရောက်မှ သူ့စရိုက်နဲ့သူ သေအောင်လုပ်တဲ့အဆိပ် မျိုးပေါ့”

BURMESE CLASSIC

“တယ်လဲကြောက်စရာကောင်းပါလား”

“ဒါကြောင့် သူတို့ကို အားလုံးက ကြောက်ပြီး အဆက်အဆံ မလုပ်ဖို့ကြတာပေါ့၊ သူတို့တစ်တွေတလဲ ဘယ်သူနဲ့မှ အဆက် အသွယ်မလုပ်တော့ဘဲ ရွာတံခါးပိတ်ပြီးတော့ သီးသန့်နေကြတာပဲ၊ ဒါပေမယ့် စည်းဝေါ့ထားကြတယ်”

“ကဝေမြောင်ရွာသားတွေက သစ္စာတော့ရှိတယ်၊ ဆရာတို့ ပြောတဲ့လုဝ်နီတွေလိုပဲ သူတို့ကတော့ ဘယ်သူ့ကိုမှ အရင်စပြီး ထိ ခိုက်အောင်မလုပ်ကြဘူး။ အဲ ... သူတို့မိသားစုတွေ ထိခိုက်ပျက်စီး အောင်လုပ်မှသာ တစ်ချက်လွှတ်ပြန်လုပ်ကြတာ။ လုပ်တော့မယ် ဆိုရင်လဲ သောက်ရေထဲမှာဖြစ်ဖြစ်၊ အစားအသောက်ထဲမှာဖြစ်ဖြစ် အဆိပ်ကို အပ်ဖျားလောက်ထည့်လိုက်တာနဲ့ အားလုံး ဒုက္ခရောက် တော့တာပဲ”

“အဲဒါ ဘယ်လိုဆေးမျိုးလဲ”

“သူတို့နယ်မှာတော့ ခတ်ဆေးလို့ ခေါ်ကြတယ်”





“အဲဒီခတ်ဆေးမိရင် ချက်ချင်းသေတာပဲလား”

“ဟင့်အင်း။ ချက်ချင်းသေသွားရင် သူတို့တာဝန်မကင်း ဖြစ် ဆိုးလို့ ချက်ချင်းသေအောင်မလုပ်ကြဘူး။ အဲဒီခတ်ဆေးမိတဲ့သူ ဟာ တစ်လလောက်အထိတော့ အခြေအနေ ဘာမှမထူးခြားဘူး။ ဒါ ... တစ်လကျော်ရင်တော့ တဟွတ်ဟွတ်နဲ့ ချောင်းဆိုးလာမယ်၊ နောက်ကျတော့ တဖြည်းဖြည်းနဲ့သွေးပါလာမယ်၊ သွေးအန်တာ တဖြည်းဖြည်းများလာရင်တော့ အစာမစားနိုင်တော့ဘဲ နောက်ဆုံး သေရတော့တာပဲ”

“ဒီလိုဖြစ်မှန်းသိရင် ဆရာဝန်တွေ ဘာတွေနဲ့ပြကြည့်ရင်ကော မနိုင်ဘူးလား”

“မရနိုင်ဘူး။ အဲဒီလိုပြကြည့်တဲ့လူတွေလဲရှိတယ်၊ ဒါပေမယ့် ဆရာဝန်တွေလဲ နည်းအမျိုးမျိုးနဲ့ စမ်းကြည့်ကြတာပဲ၊ နောက်ဆုံး ဘာရောဂါမှ ရှာမတွေ့တာနဲ့ လက်လျှော့လိုက်ရတာပါပဲ”

“တယ်ကြောက်စရာကောင်းတဲ့အဆိပ်မျိုးပါလား”

“ခတ်ဆေးက ဘယ်လောက်ကောင်းသလဲဆိုရင် ရောဂါရတဲ့ သူဟာ ရုတ်တရက်ကြည့်ရင် သူ့ဘာသာ ရောဂါရတယ်လို့ ထင်ရ လောက်အောင်ကို သိမ်မွေ့တယ်၊ ဘယ်လောက်သိမ်မွေ့သလဲ ဆိုရင် ဆရာဝန်တွေ ရောဂါရှာမတွေ့တာ အသာထားဦး၊ ကာယကံ ရှင်ကိုယ်တိုင်ကတောင် သူ့ဘာသာ ဘာရောဂါဖြစ်နေမှန်း မသိ အောင်ကို သိမ်မွေ့တာ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒီပုံအတိုင်းဆိုရင်တော့ အဖွဲ့သားအားလုံးကို ဘယ်သူပေးတာ ကျွေးတာမှ မစားဖို့ မှာထားရမယ်"

"ဒါ့အပြင် နောက်ထပ်တစ်မျိုး ရှိသေးတယ်"

"ဘယ်လိုဟာမျိုးလဲ"

"နောက်တစ်မျိုးက သူတို့ခေါ်မိထားရင် မှင်တက်မိသလို ဖြစ်နေပြီး ဘာတစ်ခုမှမမှတ်မိတော့ဘဲ ကြောင်တက်တက်ဖြစ်တာမျိုးလဲရှိသေးတယ်၊ သူတို့က ဒီနေရာနေဆိုရင်နေ၊ ဒီနေရာမှာ သေဆိုရင်သေရတဲ့အဖြစ်မျိုးထဲ့၊ သူတို့ခိုင်းသမျှ အကုန်လုပ်နေရတဲ့ လူတွေလဲ ရှိသေးတယ်"

"တယ်လဲယုတ်မာပါလား။ အဲဒါတွေကို ဘယ်သူက ခေါင်းဆောင်ပြီးလုပ်နေတာလဲ၊ ခင်ဗျား သိသလား"

BURMESE CLASSIC

ဦးအောင် က မေးလိုက်သည်။

"အဲဒီရွာမှာ နတ်ဆရာတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဦးဒီပလို့ခေါ်တယ်၊ ဒါပေမယ့် တစ်ရွာလုံးကတော့ နဂါးနတ်ဆရာကြီးလို့ပဲ ခေါ်ကြတယ်၊ အဲဒီရွာမှာ သုံးနေတဲ့ ဇာတ်ဆေး အဆိပ်ဆေးတွေကို သူကပဲ စီမံဖော်စပ်ပေးနေတာ"

ဟု မြင့်ဆောင် က ပြောပြသည်။

"အင်း … မင်းပြောတဲ့အတိုင်းဆိုရင်တော့ ဒီဘက်နယ်ရောက်တာနဲ့ အတော်သတိထားမှဖြစ်တော့မယ်၊ ဘာကြောင့်လဲဆိုတော့ ပျောက်နေတဲ့ သုတေသနအဖွဲ့ဟာ ကဝေမြောင်ဘက်ကို တက်





သွားပြီးမှ အားလုံး အစအနပျောက်နေတာဆိုတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒီရွာနဲ့ပတ်သက်မှုရှိချင်ရှိနိုင်တယ်"

ဟု ဦးဗန်ကောင်းက သူ့ထင်မြင်ချက်ကိုပြောသည်။

"ဒီလိုဖြင့် ကျွန်တော်တို့ ကဝေမြောင်ရွာကိုရောက်ရင် သဲလွန်စရလိုရငြား ဝင်ပြီးစုံစမ်းကြည့်ရမှာယ်"

"အေး …၊ ဒါပေမယ့် အဲဒီရွာက ပေးတာ ကျွေးတာမှန်သမျှ ဘာတစ်ခုမှ မတို့ခထိ၊ မစားမသောက်မိဖို့တော့ အရူးသတိထားရလိမ့်မယ်၊ အဖွဲ့သားတွေအားလုံးကို ဒီအကြောင်းတွေကိုပြောထားပြီး စည်းကမ်းအတိုင်း နေထိုင်ကြဖို့တော့ သတိပေးထားရမယ်"

ထိုသို့ပြောပြီး အဖွဲ့သားအားလုံးကို ထိုအကြောင်းများကို အသိပေးပြီး စည်းစည်းလုံးလုံးရှိကြရန် သတိပေးရလေသည်။

"ထမင်းတစ်လုတ်၊ ရေတစ်ခွက်ကမှ စပြီး ဘယ်သူကျွေးတာ ပေးတာကိုမှ မစားကြရဘူး။ ကိုယ့်ရေဘူး၊ ကိုယ့်ထမင်းထုပ်နဲ့ပဲစားရမယ်။ နောက်တစ်ချက်က အဖွဲ့သားတွေစားဖို့ ထမင်းဟင်းချက်တဲ့နေရာမှာလဲ သတိမလစ်စေနဲ့၊ ထမင်းဟင်းချက်ပြုတ်တဲ့နေရာကို လူစိမ်းဆိုလို့ တစ်ယောက်မှအနားကပ်မခံနဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

"ပြောလို့ရရင်ရ၊ မရရင် သေနတ်နဲ့သာ ပစ်သတ်လိုက်ပေတော့၊ ကျန်တာ ငါ ကြည့်ရှင်းမယ်"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဟင်းချက်တဲ့တာဝန်ကိုတော့ တို့အဖွဲ့ထဲက ဘယ်သူ
ကို တာဝန်ပေးရင် သင့်မလဲဟေ့"

"ဆင်သမား ဘိုးထင်နဲ့ မောင်ညွန့်တို့နှစ်ယောက်ကတော့
အချက်အပြုတ်လဲကောင်းတယ်၊ စိတ်လဲစိတ်ချရတယ် ဆရာကြီး"

ဟု အဖွဲ့သားများက ပိုင်းပြောကြသည်။

ထိုအခါ ဦးဗန်ကောင်း က ...

"ကဲ မောင်ညွန့်နဲ့ဘိုးထင် ... မင်းတို့နှစ်ယောက်က ဆင်ကို
ထိန်း၊ တစ်ဖွဲ့သားလုံးရဲ့ စားသောက်ရေးကိုလဲ စီမံချက်ပြုတ်ပေး
မယ် ကြားလား"

"စိတ်ချပါ ဆရာကြီး"

"အေး ... စောစောက ငါတို့ပြောတာတွေကိုလဲ ကြားတယ်
မဟုတ်လား။ မင်းတို့ ထမင်းဟင်းချက်တဲ့နေရာကို ဘယ်သူမှမ
စေနဲ့၊ ဆရာမလုပ်စေနဲ့ ကြားလား"

"ဟုတ်ကဲ့"

ထိုသို့မှာကြားပြီးနောက် အသေးစိတ်အစီအစဉ်များကို စီ
ကြပြီးနောက် အနည်းငယ်နေအေးသွားသော ညနေပိုင်းတွင်
ဆက်ကြလေသည်။

ရိုးမ၏အနောက်ပိုင်းသို့ရောက်လာလေလေ တောက ပို
လာလေလေဖြစ်၏။

သစ်ပင်ကြီးများ ပိုမိုထူထပ်လာပြီး တောကလည်းနက်ရှိုင်း





သည်။ မိုးကာလတစ်လျှောက်လုံး စိုစွတ်နေသော တောခြေတစ်ခွင်
မှာ ယခုအခါ ဆောင်းဝင်စကာလရောက်လာသောကြောင့် မြေပြင်
သွေ့ခြောက်စပြုလာသောကြောင့် သွားလာရတာ ပိုကောင်းလာ
သည်။ ရွှံ့ညွန်များ၊ ရေအိုင်များ သွေ့ခြောက်စပြုလာပြီ ဖြစ်သော
ကြောင့် သာသာယာယာရှိနေပြီ။

သူတို့အဖွဲ့သည် ညနေစောင်းအချိန်တွင် နေပြောက်မထိုး
သော ဝါးတောကြီးတစ်တောအတွင်းသို့ရောက်သွားကြသည်။

ထိုဝါးတောကြီးမှာ လူအရောက်အပေါက် နည်းပါးသော
ကြောင့် ဓားရာ၊ ခြေရာ မတွေ့ရသလောက်ပင်။

ဝါးတောအတွင်း ဝင်ရသည်မှာ သူတို့အတွက် အန္တရာယ်များ
လှပေသည်။ သစ်တောအတွင်းမှာက တစ်နေရာနှင့်တစ်နေရာ မြင်
နိုင်၍ တော်သေးသည်။

ဝါးတောအတွင်းမှာက တစ်နေရာနှင့်တစ်နေရာ မမြင်နိုင်
သောကြောင့် အန္တရာယ်များလှပေသည်။

တစ်နေရာရောက်သောအခါ ရှေ့ဆုံးမှသွားနေသော အေးကျော်
နှင့် ဖော်ဝင်း တို့က နောက်သို့ လက်ပြလိုက်ကြသဖြင့် အားလုံး
ရပ်တန့်ကာ လက်နက်များကို အဆင်သင့်ပြင်လိုက်သည်။

အေးကျော် က နောက်မှလူများကို ခြေသံမကြားအောင်
ခြေဟန်လက်ဟန်ဖြင့် အချက်ပြပြီး အနီးရှိသစ်ပင်ကြီးတစ်ပင်ပေါ်
သို့ လျှင်မြန်စွာတက်သွားလေသည်။

www.burmeseclassic.com



ခဏကြာတော့ ပြန်ဆင်းလာသည်။

"ရှေ့နားလောက်မှာ ယင်မမည်းရိုင်းတွေ ပျံနေသံကြားရ တယ်၊ ထူးခြားတဲ့အခြေအနေရှိနိုင်တယ်"

ဟု တိုးတိုးကပ်ပြောသဖြင့် အားလုံး မိမိတို့ကိုင်သော လက်နက်များကို အဆင်သင့်ကိုင်ကာ သတိဖြင့်ရှေ့တိုးသွားကြသည်။ မလှမ်းမကမ်းနေရာရောက်တော့ ဝါးတောထဲမှ ယင်မမည်းရိုင်းများ တဝေါဝေါနှင့် ပျံသန်းနေသောအသံများကို ကြားရလေသည်။ ထို့ ထက်တိုးသွားသောအခါ အပုပ်နံ့များလှိုင်သည်ကို အနံ့ရသည်။ ဝါးတောတစ်နေရာသို့ရောက်သောအခါ ...

"ဟာ ..."

"ဟင် ..."

BURMESE CLASSIC

မြင်ကွင်းက မကောင်းလှပေ။

ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော အလောင်းနှစ်လောင်းကို တွေ့ကြရသည်။

တစ်လောင်း က မြေပေါ်မှာ ...၊

နောက်တစ်လောင်းက မလှမ်းမကမ်းရှိ သစ်ပင်ကြီး၏ခွကြား မှာ ညပ်နေသည်။

သစ်ပင်ကြီးမှာညပ်နေသောအလောင်းက ပုပ်ပွနေသည်က လွဲပြီး ခြေရာလက်ရာမပျက် ရှိနေသော်လည်း မြေပြင်မှာရှိသော အလောင်းကတော့ အရိုးသာသာကျန်တော့သည်။





တောကောင်များ၊ တောခွေးအများ စားသောက်ထားဟန် ရှိ သဖြင့် အရိုးနှင့်အဝတ်အစားအစုတ်အပြတ်များသာ ဘေးနားမှာ ပြန့် ကျဲနေလေ၏။

"အင်း ... ဒါလဲ ဂျပန်သုတေသနအဖွဲ့ ကလူတွေဖြစ်ဖို့များတယ်၊ ဒီအဝတ်အစားတွေက ဂျပန်တွေဝတ်တဲ့ အဝတ်အစားတွေပဲ"

ဟု ပြောဆိုခန့်မှန်းကာ ပတ်ဝန်းကျင်သို့ လိုက်လံကြည့်ရှုသော အခါ သစ်ပင်အောက်မှာ အပိုင်းပိုင်းရိုက်ချိုးထားသော သေနတ်နှစ် လက်ကို တွေ့ရသည်။

သေနတ်နှစ်လက်စလုံးမှာ သစ်ပင်နှင့်ရိုက်ချိုးထားသဖြင့် တစ်စစီဖြစ်နေလေသည်။

"အင်း ... ဒီအခြေအနေကိုကြည့်ရတာတော့ ဒီလူနှစ်ယောက် ဟာ လူဝံနီတွေလက်ချက်နဲ့သေတာဖြစ်ရမယ်၊ တခြားသတ္တဝါတွေ လက်ချက်နဲ့သေရရင် ဒီသေနတ်တွေက ဒီလို အပိုင်းပိုင်းကျိုးစရာ အကြောင်းမရှိနိုင်ဘူး"

ဟု ဦးမန်ကောင်း က ပြောသည်။

"ဒီအတိုင်းမှန်ရင်တော့ ကျွန်တော်တို့အဖွဲ့ က သေနတ်ကိုင်တဲ့ သူတွေ သတိထားမှဖြစ်တော့မယ်၊ ဘာကြောင့်လဲဆိုတော့ လူဝံနီ တွေမှာ သေနတ်နဲ့ပတ်သက်တဲ့ နာကြည်းချက်တွေရှိထားပုံရတယ်"

ဟု နီခေါင် က ပြောပြီး ရှေ့သို့ ခရီးဆက်ကြလေသည်။ အမြန် က နေဝင်တော့မည်မို့ တောထဲမှာ အမှောင်ရိပ်က အတန်ငယ်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အပုရှိန်ကတော့ အတော်သက်သာသွားသည်။ သူ
တစ်တွေသည် မမှောင်ခင် ထိုဝါးတောကြီးအတွင်းမှ အပြင်သို့ရော
မှဖြစ်မည်မို့ လမ်းတွင်မနားဝံ့ကြဘဲ ခရီးဆက်ကြခြင်း ဖြစ်သည
တောနက်ထဲမှာခရီးသွားရခြင်းမှာ မြေပြန့်မှာသွားရတာနှင့်မတူလှ

ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားလို့မရဘဲ ရှေ့မှတစ်ယောက်
လမ်းဖောက်ကာသွားသောနောက်ကို ကျန်လူများကတန်းစီပြီးလို
ကြရာ ရှင်လောင်းလှည့်သကဲ့သို့ အတန်းလိုက်ကြီးဖြစ်နေတော့သည

ထိုအခိုက်မှာပင် ...

နောက်ဆုံးမှလိုက်လာသော ဆင်အော်သံများကို ကြားရပြ
တစ်ဆက်တည်း နောက်ပိုင်းဘက်မှ ဆူညံညံအော်ဟစ်သံများ
ကြားရလေသည်။ တစ်ဆက်တည်း မသေနတ်သံတစ်ချက်ကိုပါကြ
လိုက်ရသည်။

“နီမောင် နောက်ဘက်မှာ တစ်ခုခုဖြစ်နေပြီထင်တယ်၊ သွာ
ကြရအောင်”

ထိုသို့ပြောပြီး သေနတ်များကို အဆင်သင့်ပြင်ကာ နော
ကြောင်းပြန်ဆင်းခဲ့ကြသည်။

ကျန်လူများကိုတော့ ကိုယ့်နေရာမှာကိုယ် သတိနှင့်နေကြ
မှာကြားခဲ့ရသည်။

ဖောက်ထားသောလမ်းပေါ်မှာ မိမိတို့လူများ ရပ်နေသော
ကြောင့် အခြားနေရာမှ ကွင်းသွားနေသောကြောင့် အနည်းငယ





ကြာမှ နောက်ပိုင်းသို့ရောက်သွားသည်။

“ဘာဖြစ်တာလဲဟေ့”

“သင်းကွဲကြံ့တစ်ကောင်က နောက်ဘက်ကလူတွေကို ရန်မူဖို့
ဝင်လာတာနဲ့ ဆင်တွေလန့်ကုန်တာ ဆရာကြီး”

“ဟင် ကြံ့ ဟုတ်လား။ အခု ဘယ်မှာလဲ”

“ဝေးဝေးရောက်ဦးမယ်မထင်ဘူး။ အခုတင် ဟိုတောထဲဝင်
သွားတာ တွေ့လိုက်ရတယ်”

ကြံ့ဟု ကြားလိုက်ရသဖြင့် အံ့သြသွားသည်။

ကြံ့သည် ရိုးမထဲမှာရှားပါးသော်လည်း ရင်ဆိုင်တွေ့လျှင်
လွန်စွာ အန္တရာယ်များသောသတ္တဝါမျိုးဖြစ်သည်။

“ဘယ်လိုလုပ်မလဲ နီမောင်’

“မှောင်ကလဲမှောင်ခါနီးနေပြီ ဒီဝါးတောထဲက အမြန်ဆုံးထွက်
ကြရင် ကောင်းမယ်”

“ဒီကောင်ကြီး တစ်ကြောပြန်လှည့်လာရင် ဘယ်လိုလုပ်မလဲ”

“ဒီလိုလုပ်မယ်လေ၊ အဘက ရှေ့ကနေသွား။ ကျွန်တော်က
နောက်ကလိုက်ခဲ့မယ်၊ တွေ့ရင်တော့ လက်မနှေးစေနဲ့နော်၊ သင်းကွဲ
ကြံ့ဆိုတာ အန္တရာယ်ကြီးတယ်”

“အေး အေး”

ဟု ပြောကာ ဦးဇန်ကောင်းက အဖွဲ့သားများကို ခရီးဆက်ရန်
အော်ပြောပြီး သူကိုယ်တိုင်က ရှေ့ဆုံးသို့ရောက်အောင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နီမောင် က သေနတ်ကိုအဆင်သင့်ကိုင်ကာ ဆင်များနော
မှ ဆက်လိုက်သည်။

အမှောင်ရိပ်က တဖြည်းဖြည်းများလာသည်။

အပြင်မှာ နေဝင်သွားပြီဖြစ်သောကြောင့် သစ်ရိပ်ဝါးရိပ်မျာ
ကြောင့် ဝါးတောထဲမှာ လူလုံးမကွဲချင်တော့။

သို့သော်လည်း ထိုဝါးတောထဲမှာ ခရီးတစ်ထောက်နားလို့
တော့ ဘယ်နည်းနှင့်မျှမဖြစ်ပေ။

ထိုဝါးတောထဲမှာ တစ်ညအိပ်ဝါက သားရဲတိရစ္ဆာန်မျာ
အန္တရာယ်နှင့်မတွေ့ရတောင်မှ မှက်နှင့် ခြင်ရှိုင်းများရန်ကြော
နောက်တစ်နေ့ဆိုလျှင် ခရီးဆက်နိုင်မည်မဟုတ်ကြပေ။

သို့ကြောင့် ...

သတိကြီးစွာထား၍ ဝါးတောကြီးထဲမှ အပြင်သို့ရောက်အော
ခရီးဆက်နေကြရသည်။

ဝါးတောထဲမှာလည်း လူတစ်ယောက်၊ ဆင်တစ်ကောင် သွား
လမ်းသာရှိသောကြောင့် တန်းစီလျှောက်နေရသဖြင့် မြန်မြန်လျှော
၍မရပေ။

ထိုအခိုက်မှာဝင် နောက်ဘက်ဝါးတောအတွင်းမှ တောတိုးလာ
သံကိုကြားလိုက်ရသဖြင့် နီမောင် က ၄၁၆-မော်ဇာရိုင်ဖယ်
မောင်းတင်၍ အသံကြားရာသို့ ဖျတ်ခနဲလှည့်လိုက်သည်။

ထိုအသံကြားသဖြင့် ဆင်များက တကျိုကျိုအော်ကာ ဝရုန်း





ုန်းကားဖြစ်လာသဖြင့် ဆင်ဦးစီးများက အတော်ကလေး ထိန်းနေ
ရသည်။ ခဏကြာတော့ အသံပျောက်သွားပြန်သည်။

သို့ဖြင့် ခရီးဆက်ကြပြန်သည်။

အတန်ကြာတော့ ရှေ့ဆုံးမှ ဦးစန်ကောင်း၏အချက်ပေးသံ
ကြားလိုက်ရသည်။

အန္တရာယ်နီးနေပြီဟူသော အချက်ပေးသံမှန်းသိလိုက်သည်။
သိပ်မကြာလိုက်ပေ ...။

မိမိတို့ဘေးဘက်မှ ဝါးပင်များကိုနင်းချိုး၍လျှောက်လာသံ၊
တောတိုးလာသံများကို ကြားလိုက်ရပြီး မရှေးမနှောင်းမှာ နီမောင်
ဘယ်ဘက်ကိုယ်တအနည်းငယ်ကွာသော ဝါးတောအတွင်းမှ
ချိုတစ်ချောင်းတည်းရှိသည့် ကြီးမားသော ဦးခေါင်းဝိုင်းကြီးတစ်ခု
ထွက်လာသည်။

ရှမကြောကြံ့ကြီးမျိုးဝင်။

ကြံ့သည် လူကို သီးသန့်အန္တရာယ်ပေးလေ့မရှိသော်လည်း
တဲ့သို့ လူနှင့်ရင်ဆိုင်တွေ့လျှင်တော့ အမြောက်နှင့်ချိန်ထားရင်
ောင် ရှောင်မသွားတော့ဘဲ သူသေကိုယ်သေ တရကြမ်း ဝင်
ော်တိုက်နိုက်လေ့ရှိသော သတ္တဝါမျိုးဖြစ်၏။

ဝါးတောအတွင်းမှ ကြံ့ကြီးတိုးထွက်လာသည်ကိုမြင်လိုက်
သအခါ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

အဘယ်ကြောင့်ဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ထိုကြံ့ကြီးမျိုးနှင့်တွေ့လျှင် သူတို့ကိုင်ထားသောသေနတ်များနှင့် လက်နက်များမှာ ဘယ်လိုမှတတ်နိုင်မည်မဟုတ်ပေ။

ထိုသတ္တဝါမျိုးကို ပစ်ခတ်နိုင်သော ၄၁၆ မော်ဇာရိုင်ဖယ်မျိုးမှာ နီမောင်နှင့်ဦးဖန်ကောင်းတို့နှစ်ယောက်ဆီမှာသာ ပါသောကြောင့်ဖြစ်သည်။

"နီမောင် ဟိုမှာ ကြံ့ ... ကြံ့ကြီးထွက်လာနေပြီ"

တစ်ယောက်က လှမ်းပြောလိုက်သည်။

ကြံ့ကြီးက လေးညို့မှပစ်လွှတ်လိုက်သော မြားတစ်စင်းလို လူအုပ်ရှိရာသို့ တစ်ဟုန်ထိုးပြေးဝင်လာသည်။

နီမောင် က လက်ထဲမှကိုင်ထားသော ၄၁၆ မော်ဇာရိုင်ဖယ်ကို အသာမ,ကာ ပြေးတက်လာသောကြံ့ကြီး၏ထိပ်တည့်တည့်သို့ ချိန်ကာ ပစ်ထည့်လိုက်သည်။

၄၁၆ မော်ဇာရိုင်ဖယ်၏ ပေါက်ကွဲအားမှာ ပြင်းထန်လှသောကြောင့် တောတစ်ခုလုံး 'အုံး'ဟူသော ပွဲတင်ထပ်သွားပြီး တစ်ဟုန်ထိုးပြေးတက်လာသောကြံ့ကြီးမှာ ရုတ်တရက် တန့်ခနဲဖြစ်သွားသည်။

ကြည့်နေရင်းမှာပင် ကြံ့ကြီးမှာ ရှေ့လက်နှစ်ချောင်း အောက်သို့ညွတ်ကျသွားသည်ကို တွေ့လိုက်ရသည်။

သို့သော် ...

ချက်ချင်းပြန်ထရန်ကြိုးစားနေသောကြောင့် နီမောင်က ရှေ့သို့





ပြေးတက်သွားပြီး ဦးခေါင်းကိုချိန်ကာ နောက်ထပ်တစ်ချက် ပစ်လိုက်တော့မှ ဗုန်းခနဲ မြေပေါ်သို့လဲကျသွားလေတော့သည်။ ထိုအခိုက်မှာပင် ဦးဖန်ကောင်းတို့လည်း ရောက်လာသည်။

"ဘယ်လိုလဲဟေ့ ပွဲသိမ်းပဲလား"

နီမောင် က မြေပေါ်မှာလဲကျနေသော ကြံ့ကြီးကို ခုံးငေးပြလိုက်သည်။

"မင်းလက်ကတော့ တစ်ချက်ဆိုရင်တစ်ချက် ဆိုသလောက်ကိုက်ပါပေတယ်။ ဒီကြံ့ကြီးရတာ ဟန်ကျတာပဲ"

"အဘက ဘာလုပ်မှာမို့လဲ"

"ကြံ့ဆိုတာ ရှားပါးသလောက် အစော်ကို ဆေးဖက်ဝင်တဲ့သတ္တဝါမျိုးကွ မှတ်ထား"

"ဘာတွေအသုံးဝင်တာလဲ"

"မင်းတို့အားလုံး မှတ်ထားကြပေရော့။ ကြံ့ချို ဆိုတာ အားဆေးအဖြစ် အကောင်းဆုံးဖြစ်သလို အဆိပ်ပြေဆေးထဲမှာ အကောင်းဆုံးပဲ၊ ကြံ့သွေးရဲ့ အသုံးဝင်ပုံကတော့ နန်းတွင်းသမားတော်ကြီးတွေ ဖော်စပ်တဲ့ဆေးတွေထဲမှာ ကြံ့သွေး၊ ကျောက်သွေး မပါတဲ့ဆေး သိပ်မရှိဘူး။ ကျောက်သွေးက တောစောဆိုတဲ့အပူနာမှန်သမျှ ငြိမ်းစေနိုင်ပြီး ကြံ့သွေးကတော့ လူနာတွေက အားပြန်ပြည့်ဖို့ အားဆေးအဖြစ် သုံးတဲ့နေရာမှာ ထိပ်တန်းပဲ၊ ဒါကြောင့် ကြံ့သွေးနဲ့ကျောက်သွေးက ဒွဲနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကတော့ ကြံ့ချိုက အဆိပ်ပြေဆေးအတွက် အကောင်းဆုံးဆိုတာနဲ့စောင် စိတ်ဝင်စားနေပြီဗျို့"

"ဒါတင်မကသေးဘူး ဝမ်းရောဂါဖြစ်ရင် ကြံ့ရိုးကို ဆန်ဆေးရည်နဲ့သွေးတိုက်ရင် တစ်ခွက်ထက်ပိုမတိုက်ရဘူး"

"တယ်ဟုတ်ပါလား"

"ကြံ့သားရေဟာ ကျောက်ရောဂါပျောက်သလို ကြံ့ခွာကလဲ အဆုတ်ရောဂါအတွက် ထိပ်တန်းဆေးပေါ့။ ကြံ့ရေးကတော့ အနာရင်းတာတို့၊ အတွင်းကြေအဆာရာကို ကျုပ်ထုပ်လုပ်ပြီးထိုးပေးရင် ချက်ချင်းပျောက်တယ်။ ကြံ့တစ်ကောင်လုံး သုံးတတ်ရင် ဆေးဖက်ဝင်တာချည်းပဲ၊ နောက်ကျမှ အေးအေးဆေးဆေးပြောပြတော့မယ်၊ အခုတော့ အချိန်မရှိတော့ဘူး။ အဲဒီကြံ့ကြီးကို ဝါးတောအမြင်ဘက်ရောက်အောင် သယ်ခဲ့ကြပေတော့၊ အမြင်ဘက်ရောက်မှ ကြည့်ပြီးစီစဉ်ကြတာပေါ့"

ဟု ပြောကာ ကြံ့သေကြီးကို နွယ်ကြိုးများနှင့်တုပ်နှောင်ပြီး ခေါ်များနှင့်ခွဲကာ ဝါးတောအမြင်ဘက်ရောက်အောင် သယ်ဆောင်ခဲ့ကြလေတော့သည်။

*****





အခန်း (၉)

## ကစေမြောင်မှ ထူးဆန်းသောနတ်ကွန်း

သူတို့အဖွဲ့သည် နောက်တစ်နေ့နံနက်စောစောမှာပင် ကစေမြောင်ရွာတံခါးဝသို့ရောက်ကြလေတော့သည်။

သူတို့ မလှမ်းမကမ်းရောက်သွားတော့ ရွာတံခါးပေါက်ဝနားမှာ သက်နက်မျိုးစုံကိုင်ဆောင်ကာ အဆင်သင့်စောင့်နေသော ရွာသားအချို့ကို လှမ်းမြင်ရသည်။

သူတို့လက်ထဲမှာ ဒူးလေးနှင့်လင်းလေးများကို မြားတံများတပ်၍ အဆင်သင့်ပြင်ကိုင်ထားသည်ကို လှမ်းမြင်လိုက်ရရုံနှင့် မိမိတို့အဖွဲ့ရောက်လာသည်ကို ဝမ်းသာအားရကြိုဆိုနေခြင်းမဟုတ်မှန်းတော့ အကဲခတ်မိကြသည်။

သို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေကလည်း သတိကြီးစွာထားရင်း ကိုင်ဆောင်ထားသောသေနတ်များကို အဆင်သင့်ပြင်ကာ မလှမ်းမကမ်းရောက်အောင်သွားကြလေသည်။

"နိမောင် သူတို့ကြည့်ရတာ တို့ရောက်လာမယ်ဆိုတာကို ကြိုသိနေပုံပဲ၊ ဒါပေမယ့် တို့ရောက်လာတာကို သဘောကျတဲ့ပုံတော့ မရဘူးလေဟ"

ထိုသို့ပြောဆိုပြီး ဟန်ကိုယ်ဖို့ဆိုသောစကားအတိုင်း သေနတ်များကို အဆင်သင့်ကိုင်ဆောင်ပြီး ခြံတံခါးဝရောက်အောင် တက်သွားကြလေသည်။

ရွာသားများကတော့ အကြောင်းရှိလျှင် ၎င်းတို့လက်နက်များကို အဆင်သင့်ဖြစ်အောင်ပြင်ဆင်ထားပြီး သူတို့ကို စူးစူးဝါးဝါးကြည့်နေကြသော်လည်း ပိတ်ထားသောတံခါးကိုတော့ ဖွင့်မပေးကြချေ။

"မင်းတို့ရွာထဲကို တို့ ဝင်မလို့"

ဦးဗန်ကောင်းက ကရင်ဘာသာစကားဖြင့် ပြောလိုက်သည်။

"ကျုပ်တို့ရွာထဲကို ဘယ်လူစိမ်းမှ ဝင်ခွင့်မပေးနိုင်ဘူး"

တစ်ယောက်က ပြန်ပြောသည်။

"တို့က တာဝန်နဲ့လာကြတာ၊ မင်းတို့ ဝင်ခွင့်မပေးလဲ တို့သဘောနဲ့တို့ ဝင်ရမှာပဲ၊ မင်းတို့ရွာမှာ ရွာလူကြီး မရှိဘူးလား"

ထိုအခါ လူအုပ်နောက်မှာရပ်နေသောလူကြီးတစ်ဦးက ရှေ့သို့တိုးထွက်လာသည်။





"ရွာလူကြီး အသသဆိုတာ ကျုပ်ပဲ"

"ကျုပ်တို့က မိုးမခသစ်တောစခန်းက တာဝန်ရှိသူတွေပဲ၊ ဒီရွာဘက်ကို ဂျပန်သူတောသနအဖွဲ့ တစ်ဖွဲ့ လာတယ်လို့ သတင်းကြားလို့လာခဲ့တာပဲ၊ သူတို့ ဘယ်မှာရှိသလဲ"

ထိုသို့မေးသောအခါ မျက်နှာတစ်ချက်ပျက်သွားသည်။

အတန်ကြာမှ လေသံမာမာဖြင့် ...

"ကျုပ်တို့ မသိဘူး"

ဟု ပြောသည်။

"ဒါဖြင့် ရွာတံခါးဖွင့်ပေးပါ၊ ကျုပ်တို့ကိုယ်တိုင် ရွာထဲဝင်ရှာရသိမှာမယ်"

"မဖွင့်နိုင်ဘူး၊ ကျုပ်တို့ရွာထဲက ဘယ်လူစိမ်းမှ ဝင်ခွင့်မပေးနိုင်ဘူး"

"ခင်ဗျား မပေးလဲ ကျုပ်တို့ကတော့ ဝင်ရမှာပဲ"

ဟု ပြောကာ ဦးဗန်ကောင်းက ခြံတံခါးဝကိုပိတ်ထားသောခင်းတုံးကို သေနတ်ဖြင့်ပစ်ချိုးလိုက်သည်။

"ဒိုင်း ..."

သေနတ်သံကြောင့် တံခါးဝမှာ တန်းစီရပ်နေသူများ ဘေးသို့ အလဲလဲအပြိုပြိုဖြစ်သွားကာ တံခါးမှာလည်း ပျက်စီးသွားလေသည်။ ဦးဗန်ကောင်းက သေနတ်ကိုမောင်းတင်ပြီး နောက်တစ်ချက်ပစ်ရန် ချိန်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"ထပ်မပစ်နဲ့တော့၊ ခင်ဗျားတို့ ဝင်ချင်သပဆိုရင် တံခါးဖွင့်ပေးမယ်၊ တစ်ခုခုဖြစ်ရင်တော့ ကျုပ်တို့ကို အဆိုးမဆိုနဲ့ပေါ့"

ဟု ပြောကာ ရွာလူကြီး ဒဿ က တံခါးဖွင့်နိုင်းသဖြင့် ရွာသားနှစ်ယောက်က တံခါးကိုဖွင့်ပေးကြသည်။

သို့သော်လည်း လူတစ်ယောက် ဝင်သာရုံသာ ဟပေးခြင်းဖြစ်သဖြင့် နီမောင်တို့က ဆင်များနှင့်ပါတိုးဝင်ကြသောအခါ တံခါးသာမက ခြံစည်းရိုးများပါ ပြိုလဲကျတုန်ရာ ဟာလာဟင်းလင်းကြီး ဖြစ်သွားတော့သည်။

"ဟော့ သေနတ်တွေကို အဆင်သင့်ပြင်ထား၊ မကျေနပ်လို့ ကိုယ့်ကိုအန္တရာယ်ပေးမယ့်အရိပ်အယောင်တွေ တာနဲ့ အသေသာပစ်သတ်လိုက်ကြ"

ဟု ပြောလိုက်သောအခါ လက်နက်ကိုင်ထားသောရွာသားများမှာ ရွာဘက်သို့ အလျင်အမြန် ပြန်ပြေးသွားကြသည်။

ရွာလူကြီး ဒဿသာ ကျန်ခဲ့တော့သည်။

ထိုအခါ ဦးဗန်ကောင်း က ...

"ခင်ဗျားတို့ရွာသားတွေ ကျုပ်တို့လာမှာကို ကြိုပြီးသိနေကြတယ်မဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်"

ရွာလူကြီးက လေသံမာမာဖြင့် ပြန်ဖြေသည်။





"ဘယ်လိုသိတာလဲ၊ လမ်းမှာ ကင်းထောက်တွေထားလို့ သိတာလား"

"မဟုတ်ဘူး၊ နတ်ဆရာက ကြိုပြောထားလို့သိတာ"

"ခင်ဗျားတို့နတ်ဆရာက ဒီလိုကြိုပြောနိုင်သလား"

"သူက အားလုံးသိနိုင်တယ်"

ဦးဗန်ကောင်းက တစ်ချက်ပြုံးလိုက်သည်။

"သူက နောက်ထပ် ကျုပ်တို့နဲ့ပတ်သက်ပြီး ဘာတွေများ ကြိုပြောထားသေးလဲ"

"ခင်ဗျားတို့ နတ်မကြိုက်တာကိုလုပ်ခဲ့တယ်"

"ဘာများလုပ်ခဲ့မိလို့လဲ"

"ကြွံတစ်ကောင်ကို သတ်ခဲ့ကြတယ်မဟုတ်လား၊ ကြွံကိုသတ်တာ နတ်လဲမကြိုက်ဘူး၊ ကျုပ်တို့ကလဲ မကြိုက်ဘူး"

"ဘာကြောင့်လဲ"

"ကျုပ်တို့နယ်ထဲမှာ ကြွံတွေရှိမှ မိုးကောင်းတာ၊ ကြွံတွေမရှိတော့ရင် မိုးခေါင်လိမ့်မယ်"

"ဒါကတော့ တမင်သတ်ချင်လို့သတ်ရတာမှမဟုတ်တာ၊ သူက ရန်မူလို့သတ်ရတာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ"

ဟု ပြောလိုက်သောအခါ ရွာလူကြီးက ဘာမှထပ်မပြောတော့ဘဲ ရွာထဲသို့ပြန်ဝင်သွားလေသည်။

ဖျက်စီးနေသော ရွာတံခါးပေါက်ကြီးကတော့ ဟောင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကျန်ခဲ့လေသည်။

ရွာတံခါးနှင့် ၎င်းတို့အိမ်များရှိသောနေရာမှ အတန်ငယ်ဝေး

သေးသည်။ အလယ်တွင်ကွက်လပ်တစ်ခုရှိနေပြီး ရွာထဲသို့ဝင်မည်

ဆိုပါက ထိုကွက်လပ်ကိုဖြတ်သွားမှ ရောက်နိုင်ပေသည်။

ထိုကွက်လပ်မှာ သူတို့အတွက် သတ်ကွင်းတစ်ခုဖြစ်နေနိုင်

သောကြောင့် ဖြတ်သွားသင့်, မသွားသင့်ကို ချိန်ဆနေလေသည်။

"ကျွန်တော်တို့ ဒီကွက်လပ်ကဖြတ်ပြီး ရွာထဲကိုဝင်လို့မသင့်ဘူး

ထင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"တခြားကဝင်နိုင်တဲ့လမ်းပေါက် ရှာကြည့်ဦးမယ်"

"ဒါဖြင့်လဲ ရွာနောက်ဘက်ကို ပတ်သွားကြည့်သေးတာပေါ့"

ထိုသို့ပြောပြီး အားလုံး နောက်သို့ပြန်ဆုတ်ကာ အခြားလမ်း

ဘက်မှပတ်ပြီး အနောက်ဘက်သို့လာခဲ့ကြသည်။

ရွာ၏ပတ်ပတ်လည်မှာ ကျောက်ဆောင်နံရံများရှိနေရုံမက ခြံ

စည်းရိုးများပါ ခတ်ထားသောကြောင့် တောင်ပေါ်လမ်းများ

အသုံးပြုကာ ရွာအနောက်ဘက်သို့ လာခဲ့ကြသည်။

သူတို့ရွာက ရွာစည်းရိုးနှင့် မလှမ်းမကမ်းမှ ပန်းသွားသောအ

ခြံစည်းရိုးအတွင်းဘက်တစ်လျှောက်မှာလည်း ပြေးလွှားသံ၊ အော်

ဟောင်သံ၊ ကလေးသံ၊ ကရင်ဘာသာစကားဖြင့် တစ်ဦးနှင့်တစ်ဦး

အော်ဟစ်ပြောဆိုနေသံများကို အတိုင်းသားကြားနေရသည်။





"အားလုံး သတိဝီရိယထားကြ၊ အထဲက မြားနဲ့ချောင်းပစ်နိုင်

တယ်"

ဟု နီမောင် က သတိပေးလိုက်သည်။

"သူတို့ မပစ်ဝံ့ပါဘူး။ သူတို့က ရပစ်လို့ ကျွန်တော်တို့ထဲက

တစ်ယောက်ယောက် ဒဏ်ရာရတာနဲ့ တစ်ရွာလုံး မီးလောင်တိုက်

သွင်းပစ်မယ်၊ စမ်းရဲစမ်းကြည့်ပေါ့"

တစ်ယောက်က သေနတ်ကို ဟန်ပါပါမြှောက်ပြရင်း ပြော

လိုက်သည်။

ဤသို့ဖြင့် ရွာအနောက်ပိုင်းသို့ရောက်သောအခါ ရွာ၏အမြင့်

ဘက်တောင်ကုန်းတစ်ခုပေါ်မှာ သီးခြားဆောက်ထားသောတဲကြီး

တစ်လုံးကို လှမ်းမြင်ရသဖြင့် တအံ့တဩဖြစ်သွားကြသည်။ ထိုတဲမှာ

အတော်အတန်ကြီးပြီး သစ်ဝါးများဖြင့် အကျအန ဆောက်ထားလေ

သည်။

တဲအမိုးမှာ သက်ငယ်ဖျစ်များမိုးထားပြီး အကာကိုတော့ ဝါး

သရုံများဖြင့် ကာရံထားကာ တဲတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်

လျက်ရှိနေသည်။

သူတို့သည် သေနတ်များကို အဆင်သင့်မြင်၍ တဲအတွင်းသို့

ဝင်လိုက်ကြသည်။

"ဟင် ..."

"ဗော ..."



www.burmeseclassic.com

www.burmeseclassic.com



တဲအတွင်းမှာ လူမရှိပေ။

သို့သော် ...

အရုပ်များတော့ရှိသည်။

သစ်သားဖြင့်ထုလုပ်ကာ ဆေးရောင် အနီအနက် များစွာဖြ

ခြယ်ထားသော နတ်ရုပ်ကြီးတစ်ရုပ်။

လူတစ်ရုပ်ကျော်ခန့် အမြင့်ရှိပြီး နဖူးမောက်မောက်၊ နှာခေါင်း

ကောက်ကောက်၊ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ၊ သွားခေါ်ခေါ်

ဘီလူးမျက်နှာမျိုးဖြစ်ကာ ကျယ်ပြန့်လှသောဝါးစပ်အတွင်းမှ အစွယ်

များတပ်ဆင်ထားသည်။

၎င်းအစွယ်များမှာ ကျားစွယ်များကိုတပ်ဆင်ထားဟန်ရှိသဖြ

အတော့်ကို အသက်ဝင်လှသည်။

တစ်ကိုယ်လုံး အဝတ်အစားမရှိဘဲ ခါးအောက်ပိုင်းမှာ နံငေ

ပိုင်းကဲ့သို့ ဖျင်ကြမ်းတစ်ရှူးပတ်ထားသည်။ ဒူးတစ်ဖက်ထောင် ထ

ဖက်လှဲ အနေအထားမျိုးထိုင်ကာ လက်တစ်ဖက်က ဓားကိုကိုင်ထ

ပန်းပေါ်မှာထမ်းထားသည်။

ကျန်တစ်ဖက်က ရှေ့သို့ဆန့်ထုတ်ထားပြီး လက်ဝါးပေါ်မှာ

အရိုးခေါင်းခွံတစ်ခုကို တင်ထားသည်။

၎င်း၏ဘေးတစ်ဖက်တစ်ချက်တွင် လူဝံနီကြီးနှစ်ကောင် ရ

နေသည်။

လူဝံနီအရေကို ပုံစံမပျက်ယူထားပြီး အထဲမှာ အစာခွတ်ထ





ခြင်းဖြစ်သောကြောင့် ရုတ်တရက်ကြည့်လျှင် တကယ့်လူဝံနီ တစ်

ကောင်နှင့်မခြား တူလှပေသည်။

ထူးခြားချက်မှာ ထိုလူဝံနီနှစ်ကောင်၏လက်ထဲမှာ ကောက်ရိုး

နှများကို လူပုံသဏ္ဍာန်ပြုလုပ်ထားသောအရုပ်များကို အသီးသီး

ကိုင်ထားကြခြင်းဖြစ်သည်။

ထိုအရုပ်များကို တပ်ဆင်ပေးထားသော ဦးထုပ်နှင့်အကျီ

ဘောင်းဘီ၊ ဖိနပ် စသည်တို့မှာ ဂျပန်လူမျိုးတို့ ဝတ်ဆင်လေ့ရှိသော

အဝတ်အစားအစစ်များပင် ဖြစ်ကြသည်။

ထိုလူရုပ်များကို သွေးများဖြင့်လူးထားသည်။

၎င်းအရုပ်များရှေ့မှာလည်း ပုံပန်းမကျလှသော ကြောက်မက်

ဖွယ်အရုပ်များကို မြင်ရသည့်အပြင် တောင်ပေါ်နတ်ဆရာတို့ ကိုင်

လေ့ရှိသော လှွယ်အိတ်၊ ဓား၊ ကြိမ်လုံးနှင့် အခြားပစ္စည်းမျိုးစုံကို

တွေ့ရသည်။

နတ်ရုပ်ဟုထင်ရသော အရုပ်ကြီးနှင့် လူဝံနီရုပ်များရှေ့တွင်

ဆုံဖြင့် သွေးများကို အပြည့်ထည့်ထားပြီး တင်ထားလေသည်။ စင်

ပေါ်မှာလည်း လူအရိုးခေါင်း၊ လက်ဖျံရိုး၊ တိရစ္ဆာန်အရိုးခေါင်းများ

ရှိသည်။

"ဓာစေဓာက ဒီထဲမှာ လူရှိတဲ့ပုံပေါ်တယ်၊ ကျွန်တော်တို့အသံ

ကြားလို့ တစ်နေရာကို လစ်သွားတာဖြစ်ရမယ်"

"သေချာတာပေါ့၊ တစ်နေရာရာက တို့ကို ချောင်းကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြည့်နေမယ်ထင်တယ်"

"လူ၀ံနီအရုပ်တွေကို အကျအနလုပ်ပြီး ခေါင်းရင်းမှာ တင်ထား
တာဆိုတော့ ဘူတို့ လူ၀ံနီတွေနဲ့များ အဆက်အသွယ်ရှိနိုင်မလား"

"ဒါကတော့ အတပ်မပြောနိုင်ဘူး"

"ဒါထက် မသိလို့မေးပါရစေဦး၊ ဒီလူရုပ်တွေကို လူ၀ံနီ
လက်ထဲထည့်ထားတာ ဘာသဘောလဲ အဘ"

"ဒါ ဓာတ်ဆင်ဓာတ်ရိုက်နည်းဖြစ်မယ်။ ငါ့အထင်ပြောရ
တော့ ဂျပန်အဖွဲ့တွေကို သူတို့ဓာတ်ပညာတွေသုံးပြီး တစ်ယော
ပြီးတစ်ယောက် သတ်ပစ်နေပုံရတယ်"

"ဓာတ်ပညာက အဲဒီလောက်တောင် စွမ်းသလား အဘ"

"ဓာတ်ပညာဆိုတာ ရှေးက သမားတော်ကြီးတွေ ထားခဲ့
ပညာပဲ၊ ဓာတ်ရိုက်ရင် နတ်ကိုက်တာထက်ဆိုးတယ်ဆိုတဲ့ စကား
ရှိတယ်၊ ဓာတ်ပညာဟာ လူတစ်ယောက်ကို ချက်ချင်းသေအော
လုပ်နိုင်သလို ချက်ချင်းကောင်းသွားအောင်လဲ လုပ်လို့ရတယ်၊ ဘ
ကြောင့်လဲဆိုတော့ ဒီလောကမြေပြင်မှာရှိတဲ့ လူ၊ တိရစ္ဆာန်၊ သစ်
အစရှိတာတွေဟာ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါး
ဖွဲ့စည်းထားတာကြောင့်ပဲ"

"ဓာတ်ရိုက်တာနဲ့ပတ်သက်ပြီး တစ်ခုနှစ်ခုလောက် ပြောပြ
လား အဘ"

"ပင်လယ်က ဒီရေတက်တာနဲ့ ကုန်းပေါ်က ငါးပိအိုးထဲကထ





ဘယ်၊ အခု လူ၀ံနီရဲ့လက်ထဲမှာ ဂျပန်အ၀တ်အစားဖွေ၀တ်ပြီး
ဆူးတွေနဲ့လောင်းထားတာဟာ နတ်တိုက်တာမဟုတ်ပါဘူး၊ ဓာတ်
ရိုက်အောင်တိုက်ထားပါ"

ဟု ပြောပြသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ ဒီတဲနဲ့အရုပ်တွေကို အားလုံး မီးရှို့
ဖျက်လိုက်ရမလား ဆရာကြီး"

"အဲဒီလောက်လုပ်ဖို့ မလိုသေးဘူး၊ သူတို့ ဘာတွေလုပ်ထား
သလဲဆိုတာ သေချာအောင်စုံစမ်းပြီးမှ လုပ်သင့်လုပ်ထိုက်ကြတာ
ပေါ့၊ အခုလောလောဆယ်တော့ ပျောက်နေတဲ့အဖွဲ့တွေရဲ့အခြေ
အနေကို လိုက်ကြည့်ကြရအောင်၊ ဒီတော့ တို့အဖွဲ့တွေ လုံခြုံစိတ်ချ
ရတဲ့နေရာမှာ စခန်းချပြီးမှ လူစုခွဲပြီး လိုက်ရှာရင် မကောင်းပေဘူး
လား"

"ကောင်းတယ် အဘ၊ အမိကကတော့ ကျွန်တော်တို့အတွက်
စိုးရိမ်မှုရှိမှကောင်းမယ်၊ ဒီရွာသားတွေက စိတ်မချရဘူး"

ဟု ပြောဆိုကာ ထိုတဲကြီးအတွင်းမှထွက်ကာ တောင်ပေါ်
စခန်းအတိုင်းတက်ခဲ့ကြရာ နေလယ်ဘက်တွင် မြစိမ်းတောင်ညို
တောင်တန်းတစ်နေရာသို့ရောက်သောအခါ ကုန်းမြင့်တစ်ခုပေါ်မှာ
စခန်းချလိုက်သည်။

ထို့နောက် ...

အဖွဲ့သားများကို လူစုခွဲပြီး ပျောက်ဆုံးနေသောဂျပန်အဖွဲ့များ



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လံရှာဖွေကြသည်။

ဦးဖန်ကောင်းတို့က တစ်ဖွဲ့သွားကြပြီး နီမောင် က စောထီး

နှင့် ငမဲအောင် ကို ခေါ်ပြီး ထွက်ခဲ့သည်။

ဦးမွန်ထော်တို့ကလည်း တစ်နေရာသို့ ထွက်သွားကြသည်။

နီမောင်တို့ တက်လာသောတောင်ကြောမှာ မြစ်မ်းတောင်ညိုအနေ

ဘက်ယွန်းယွန်းဘက်သို့ ဖြစ်သည်။

သူတို့သည် သစ်တောများ ထူထပ်သောနေရာရှိ လျှိုတစ်ခု

ရောက်သောအခါ အောက်ဘက်တွင် ရှုက်ဖျင်တဲများကို လှမ်းမြ

ရသည်။ လှမ်းကြည့်လိုက်တော့ လူအချို့ကိုလည်း လှမ်းမြင်ရသည်။

ထိုနေရာသို့ရောက်နိုင်ရန် အပေါ်မှာ တောင်ကုန်းတစ်ခုကိုကျော်ဖြ

၍ဆင်းကြရမည်ဖြစ်သည်။

သုံးယောက်သား သေနတ်နှင့်လက်နက်များကို အဆင်သင့်

ပြင်ကာ အောက်ဘက်သို့ဆင်းသောလျှိုလမ်းအတိုင်း ဆင်းခဲ့ကြ

သည်။ အောက်သို့ရောက်သောအခါ တစ်ဖက်တောထဲမှ ကသော

ကမျောပြေးထွက်လာသော လူနှစ်ယောက်ကို လှမ်းမြင်လိုက်

သဖြင့် သုံးယောက်သား မိမိတို့ကိုင်ဆောင်သောသေနတ်နှင့် လက်

နက်များကိုပြင်လိုက်ရင်း အခြေအနေကို လှမ်းကြည့်လိုက်သည်။

ပြေးလာသူနှစ်ယောက်မှာ တစ်ယောက်က အသက်ကြီးကြီး

လူတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ အမျိုးသမီးတစ်ဦး ဖြစ်သည်။

သူတို့နှစ်ဦးသည် နောက်မှ ကြောက်မက်ဖွယ်ရာ တစ်ခု





အစ်ရာတွေ့သဖြင့် အသက်လုကာ ပြေးလာကြသောပုံစံမျိုး ဖြစ်သည်။

ပထမ ပြေးလာစဉ်က ဦးတည်ရာမဲ့ ပြေးလာခြင်းမျိုးဖြစ်သော်လည်း နီမောင်တို့ကိုမြင်သောအခါ အားကိုးရာတွေ့ရသည့်အလား သူတို့ရှိရာဘက်သို့ ဦးတည်ပြေးလာကြသည်။ နီမောင် လှမ်းကြည့်လိုက်သောအခါ သူတို့နှစ်ယောက်နောက်ဘက်ရှိ သစ်တောထဲ၌ အနီရောင်သတ္တဝါကြီးနှစ်ကောင်တို့၏ လှုပ်ရှားမှုကို ရိပ်ခနဲ ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

နီမောင် က သူ့လက်ထဲမှသေနတ်ကို အသင့်ပြင်ထားလေသည်။

သို့သော် ...

သတ္တဝါကြီးနှစ်ကောင်က နီမောင်တို့ကို မြင်သောကြောင့်ပေလော၊ သစ်တောထဲမှ ထွက်လိုက်မလာကြပေ။

ပြေးလာသူနှစ်ယောက်က သူတို့အနားသို့ရောက်လာသည်။

"ဘယ်လိုဖြစ်လာတာလဲ"

"ကျုပ်တို့ကို ကယ်ကြပါဦးကွယ်၊ နောက်မှာ ဘီလူးနီ နှစ်ကောင် လိုက်လာလို့"

လူကြီးက နောက်သို့ စိတ်မချစွာဖြင့် လှည့်ကြည့်ရင်း မောပန်းသောလေသံဖြင့် ပြောလိုက်သည်။

"စိတ်မပူပါနဲ့ အဘ၊ နောက်က ဘာမှလိုက်မလာပါဘူး ဘာကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ လိုက်လာရင်လဲ ကျွန်တော်တို့ရှိပါတယ်၊ ဘာမှ ကြောက်စရာမရှိပါဘူး”

ဟု ပြောကာကျောက်တုံးကြီးတစ်တုံးအနီးသို့ ခေါ်သွားတော ပါလာသောရေဘူးများကို ထုတ်ပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်နာမည်က ဦးလူဆိုင် လို့ခေါ်ပါတယ်၊ ဒါက ကျုပ်မြေးမလေးပါ၊ နာမည်က စောမူ လို့ ခေါ်ပါတယ် ကျုပ်တို့က ကညင်မြောင်ရွာကပါ”

ဟု အဘိုးကြီးက ပြောသည်။

“ကညင်မြောင်ဆိုတာ ကစေမြောင်ရွာကိုပဲ ပြောတာမဟုတ်လား”

“ဟုတ်ပါတယ်ကွယ်”

ထိုစကားကြောင့် နီမောင် တို့မှာ အံ့သြသွားကြလေသည်။

“အခု ဘယ်လိုဖြစ်တယ်ဆိုတာလဲ ပြောပြပါဦး အဘ”

“တစ်လောက ကျုပ်တို့ရွာကို ဂျပန်အဖွဲ့ တစ်ဖွဲ့ ရောက်လာပါတယ်၊ သူတို့က ထမင်းချက်ဖို့နဲ့ တခြားခိုင်းဖို့စေဖို့ လူတွေခေါ်တယ်၊ ကျုပ်တို့ရွာက ဘယ်သူမှမလိုက်ချင်ကြပေမယ့် သေနတ်တွေနဲ့ ဝမ်းမယ်ခတ်မယ်လုပ်လို့ လိုက်ခဲ့ကြရတာပါ”

“အဘတို့မြေးအဘိုး နှစ်ယောက်တည်းလား”

“မဟုတ်ပါဘူး။ နောက်ထပ် လေး၊ငါး၊ခြောက်ယောက် ပါပါသေးတယ်”





“သူတို့တစ်တွေရော ဘယ်မှာလဲ”

“တချို့လဲ စခန်းမှာရှိကြသေးတယ်၊ တချို့လဲ ဘီလူးနီတွေ သက်ချက်ကြောင့် သေကုန်ကြပါပြီ”

“အခု အဘတို့က ဘယ်လိုဖြစ်ပြီး လူဝံနီတွေနဲ့ တွေ့တယ်ဆိုတာလဲ ပြောပြပါဦး”

“ဒီလိုပါကွယ်။ အခုဆိုရင် အပြင်ထွက်တဲ့လူတိုင်း ဘီလူးနီတွေနဲ့တွေ့ပြီး သေကုန်ကြတာ၊ စခန်းမှာလဲ လူတွေလဲ သိပ်မကျန်ကြတော့ပါဘူး။ ဒါကြောင့် ရိက္ခာရှာဖို့အတွက် ကျုပ်တို့ကို ခိုင်းလို့ တောထဲကိုထွက်လာရင်းနဲ့ ဘီလူးနီတွေနဲ့ တွေ့ပြီး အလိုက်ခံရတော့တာပဲ”

“အဲဒါ ဘီလူးနီ မဟုတ်ပါဘူး အဘရဲ့၊ လူဝံတွေပါ”

“ဘာပဲဖြစ်ဖြစ် ဘီလူးတွေလောက်ကို ကြောက်စရာကောင်းတဲ့သတ္တဝါတွေပါပဲ၊ ကျုပ်တို့မြေးအဘိုးတော့ သူတို့စခန်းကို မပြန်ဝံ့အောင်ဖြစ်နေပါပြီ”

“ဒါဖြင့် အဘတို့ ရွာကိုပြန်မလား။ ကျွန်တော်တို့ လိုက်ပို့ပေးပါ့မယ်”

“ရွာလဲမပြန်ချင်တော့ပါဘူးကွယ်၊ ကျုပ်တို့ရွာမှာလဲ နတ်ဆရာ ဧဋ္ဌ ဆိုတဲ့လူကို တစ်ရွာလုံးက ကြောက်နေရတာဆိုတော့ ဒီရွာမှာလဲ မနေချင်တော့ပါဘူး”

“အဘတို့မြေးအဘိုးနှစ်ယောက်တည်း တောထဲမှာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားနေရင် အန္တရာယ်နဲ့တိုးနိုင်တယ်၊ ဒီတော့ အခုလောလောဆယ် ကျွန်တော်တို့စခန်းကို လိုက်ခဲ့ပါ၊ ပြီးမှ သွားချင်တဲ့ဆီ ဆက်သွားကြပေါ့”

“မောင်ရင်တို့က ဘယ်သူတွေလဲ”

“ကျွန်တော်တို့က သစ်တောဝန်ထမ်းတွေပါ၊ ဒီဘက်ကို တာဝန်နဲ့ ရောက်နေတာပါ”

“ဒီလိုဆိုရင်တော့ ကျေးဇူးတင်ပါတယ်ကွယ်”

ဟု ပြောသဖြင့် နီမောင်တို့က ဦးလူဆိုင်နှင့်စောမူတို့ မြေးအဘိုးအား မိမိတို့စခန်းရှိရာသို့ ခေါ်လာခဲ့သည်။

*****





အခန်း (၁၀)

## ကဝေမြောင်မှ အစွာမီးတောက်များ

“ကျုပ်က ဒီရွာဇာတိ မဟုတ်ပါဘူး၊ တခြားနယ်ကပါ၊ ဒီရွာက မိန်းမနဲ့ အိမ်ထောင်ကျပြီး ဒီရွာကိုရောက်ခဲ့ရတာပါ။ အရင်ကဆို ကညင်မြောင်ရွာသားတွေဟာ သဘောခနောကောင်းလှပြီး စိတ်ထားဖြူစင်မှု သိပ်ရှိကြတယ်။ နောက်တော့ ကျုပ်တို့ရွာကို နတ်ဆရာ ဖေဋ္ဌ ရောက်လာပြီးတဲ့နောက်မှာ အကျင့်စရိုက်တွေရော အမူအကျင့်တွေပါ ပြောင်းလဲကုန်တော့တာပါပဲ”

ညဘက်ရောက်တော့ စခန်းမှာ လူစုံသောအခါ ဦးလူဆိုင် ကငုင်း၏ အကြောင်းများကို ပြောပြနေခြင်းဖြစ်၏။

“ဘယ်လိုပြောင်းလဲတာလဲ အဘ”

“နတ်ဆရာဖေဋ္ဌဟာ ရွာကိုရောက်လာပြီးနောက်မှာ လူတွေကို သူ့ဘက်ပါအောင် ဆေးတွေတိုက်ခဲ့တယ်၊ အဲဒီဆေးတွေ



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြပြီးကတည်းက လူတွေရဲ့အမူအကျင့်စရိုက်တွေဟာ အားလုံးပြောင်းကုန်ကြတော့တာပါပဲ၊ အားလုံး ကြင်တမ်းခက်ထန်လာပြီး သူခိုးသမျှ အားလုံး လုပ်နေကြရတော့တာပါပဲ"

ထိုစကားကြားသောအခါ ငဲအောင် က ...

"ဒါကြောင့် အဲဒီနတ်ဆရာရဲ့စခန်းကို အမြစ်ပြတ်အောင် မီးရှို့ပစ်ချင်တာ"

ဟု ဝင်ပြောသည်။

"ကြာတော့ ကျုပ်တို့တစ်ရွာလုံးကို ရှုံကြောက်ကြီးဖြစ်လာပြီး ဘယ်သူကမှ အဆက်အသွယ်မလုပ်ကြတော့ပါဘူး။ အရင်က ကညင်မြောင် ဆိုတဲ့အမည်တောင်မှ ကဝေမြောင်လို့ ပြောင်းခဲ့ရတဲ့အထိပေါ့ကွယ်"

ဟု ဦးလူဆိုင် က ပြောပြသည်။

"ရွာထဲမှာရှိတဲ့လူတိုင်း သူပေးတဲ့ဆေးကို သောက်ကြရသလား"

"အတော်များများတော့ သောက်ကြရတယ်။ တချို့ကတော့လဲ မသောက်ကြပါဘူး။ မသောက်တဲ့လူဆိုရင် နတ်ဆရာက သိပ်မကြိုက်ချင်ဘူး။ အဲဒီအထဲမှာ ကျုပ်တို့မြေးအဘိုးလဲ ပါတာပေါ့"

"အဘတို့က မသောက်ကြဘူးလား"

"ကျုပ်တို့က အယုံအကြည်မရှိတော့ မသောက်ပါဘူး။ ဒါကြောင့် ဂျပန်တွေရောက်လာတော့ ကျုပ်တို့မြေးအဘိုးကို ထည့်





ပေးလိုက်တာပါပဲ၊ ရွာထဲမှာလဲ သူကြီးတောင်မှ သူ့ကိုကြောက်နေရတော့ လိုက်ခဲ့ရတာပေါ့ကွယ်"

"ကျွန်တော်တို့ အဲဒီရွာကိုရောက်တုန်းက ရွာအနောက်ဘက်က နတ်ကွန်းထဲမှာ နတ်ရုပ်တွေရော၊ အခြားအစီအရင်တွေ လုပ်ထားတာတွေကို တွေ့ခဲ့ရတယ်၊ အဲဒါတွေက ဘာလုပ်တာလဲ၊ ဦးလူဆိုင် သိသမျှ ပြောပြပါဦး"

ဦးဗန်ကောင်း က ဦးလူဆိုင် ကို ကွမ်းတစ်ယာကမ်းပေးလိုက်ရင်း သိချင်တာကို မေးလိုက်သည်။

"အမှန်ပြောရရင်တော့ အဲဒါတွေက ဓာတ်ဆင်ဓာတ်ရိုက် လုပ်နေတာပါပဲ"

"ဘယ်သူ့ကိုလုပ်နေတာလဲ"

"ဂျပန်တွေကို လုပ်နေတာပါ"

"ဘာကြောင့်လဲဗျ"

"ဂျပန်တွေက ကျုပ်တို့ရွာထဲဝင်လာပြီး ချွေးတပ်ဆွဲသလိုမျိုး လူတွေကို အတင်းခေါ်ကြတယ်လေ၊ အဲဒါကြောင့် သူတို့ကို ဘီလူးနတ်တွေနဲ့တွေ့ပြီး တစ်ယောက်ပြီးတစ်ယောက် သေအောင် သူ့ပညာနဲ့လုပ်နေတာပါ၊ နတ်ဆရာက ဂျပန်တစ်ယောက်သေသွားလို့ သေသူရဲ့အဝတ်အစားရရင် နောက်တစ်ယောက်သေအောင်လုပ်နိုင်ပါတယ်"

"ဂျပန်အဖွဲ့တွေမှာ သေနတ်တွေပါတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပါပေမယ့် သူတို့ ဘာမှမတတ်နိုင်ကြတော့ပါဘူး"

"ဘာကြောင့်လဲ"

"ထမင်းချက်အဖွဲ့တွေထဲမှာ နတ်ဆေရာရဲ့လူ ပါလာတယ်၊ အဲ့ လူက ဂျပန်တွေစားသောက်တဲ့ အစားအစာတွေထဲမှာ ထုံထိုင်းမှိုင်း ဝေစေတဲ့ ဆေးတစ်မျိုးထည့်ထည့်ပေးနေတော့ ဘယ်လှုပ်နိုင်တော့ မှာလဲ၊ ရန်သူနဲ့တွေ့ရင် ဒီအတိုင်းသေကြရုံရှိကြတော့တာပေါ့"

ဟု ပြောပြလေသည်။

"ဇယ်လဲပယုတ်မာကြပါလား၊ အဲဒီဂျပန်တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ အဘ သိသလား"

"သိပါတယ်၊ မြစ်မိးတောင်ညိုပေါ်က ဗျိုက်တောကြီးတစ်ခုရဲ့ အနားမှာ စခန်းချနေကြပါတယ်၊ ဒါပေမယ့် လူတွေကတော့ သိပ် မကျန်တော့ပါဘူး"

"ဘာကြောင့်လဲ"

"လှုံ့နိုတွေရဲ့လက်ချက်နဲ့ တစ်နေ့တစ်ယောက်လောက်သေ နေမှတော့ ဘယ်ကျန်တော့မှာလဲ၊ ကြာရင် စခန်းတစ်ခုလုံး ပြုတ်ဖို့ ပဲကျန်တော့တယ်"

ဟု ပြောပြလေသည်။

နောက်တစ်နေ့နံနက်စောစောတွင် ဦးလှုစိုင်တို့မြေအဘိုးကို ပါခေါ်ပြီး ဂျပန်များ စခန်းချနေသောနေရာသို့ တက်ခဲ့ကြသည်။ ၎င်း တို့ စခန်းချနေသောနေရာမှာ နီမောင်တို့ရောက်နေသောနေရာနှင့်





မဝေးလှသောကြောင့် တစ်မနက်ခရီးသွားရုံနှင့် ရောက်သွားကြလေ သည်။ ၎င်းတို့စခန်းမှာ လှိုဏ်တစ်ခုမှာရှိပြီး အနီးဝန်းကျင်တစ်ဝိုက်မှာ လည်း ဗျိုက်တောကြီးများဖုံးလွှမ်းလျက်ရှိနေသည်။

ဂျပန်တို့သည် ထိုမျှ အန္တရာယ်များလှသော ဗျိုက်တောကြီး အနီးတွင် ဘာကြောင့် စခန်းချနေသည်ကိုတော့ နားမလည်နိုင် အောင်ရှိနေတော့သည်။

သူတို့ရောက်သွားတော့ ရှက်ဖျင်တဲ့အတွင်းမှ ဂျပန်အချို့ ထွက်လာပြီး သူတို့ကိုမြင်တော့ လုံးဝမသိသလို ပြူးကြောင်ကြောင် ကြည့်နေကြသည်။

"မင်းတို့ ဘယ်သူတွေလဲ"

တစ်ယောက်က မေးသည်။

"ကျုပ်တို့က မိုးမခသစ်တောစခန်းက ဝန်ထမ်းတွေပါ"

"ဒီကို ဘာလာလုပ်ကြတာလဲ"

"ကျုပ်တို့ကို ပဲခူးဌာနချုပ်က အမိန့်ပေးလိုက်လို့ လိုက်လာကြ တာပါ၊ ခင်ဗျားတို့ ဌာနချုပ်နဲ့ အဆက်အသွယ်ပြတ်နေလို့ စိတ်ပူနေ ကြတယ်"

"မလိုဘူးလေ၊ ကျုပ်တို့ ဒီမှာနေရတာ အဆင်ပြေပါတယ်"

ထိုစကားကြားသောအခါ အားလုံးမှာ အံ့သြသွားကြသည်၊ သူတို့သည် တစ်စုံတစ်ခု၏ပယောဂကြောင့် ဘယ်လိုပဲပြောပြော ထို နေရာမှ ခွာတော့မည်ဟန် မရှိကြပေ၊



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့က ခင်ဗျားတို့ကို အကူအညီပေးဖို့ရောက်လာတာပါ"

နီမောင် က ဝင်ပြောလိုက်သည်။

"လောလောဆယ်တော့ ဒီမှာဘာမှမလိုအပ်သေးပါဘူး"

ခေါင်းဆောင်ဖြစ်ဟန်တူသော ဂျပန်တစ်ယောက်က အဖြတ်ပြောသည်။

"ဒါထက် ခင်ဗျားတို့က ဒီလောက်အန္တရာယ်များတဲ့နေရာမှာ ဘာကြောင့်လာနေရတာလဲ"

"ကျုပ်တို့က သုတေသနပြုဖို့ လာကြတာပဲ၊ ဒီအကြောင်းတွေကို အထက်ကိုလဲ အစီရင်ခံစာအပြည့်အစုံတင်ထားခဲ့ပြီးသားပဲ၊ အထက်ကလူတွေ ခွင့်ပြုလို့ ကျုပ်တို့လာကြတာပဲ"

"ဒီနေရာမှာ အန္တရာယ်များတယ်ဆိုတာ ခင်ဗျားတို့သိလား"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ဘာမှမကြောက်ဘူး၊ လုပ်စရာရှိတာတွေ လုပ်ပြီးမှ ပြန်လာခဲ့မယ်"

ဟု အပြတ်ပြောသဖြင့် နီမောင် တို့တစ်တွေလည်း ဘာမှမတတ်သာတော့ဘဲ ထိုစခန်းအခြေအနေကို အသေးစိတ်မှတ်သားပြီးနောက် ထိုစခန်းမှ ပြန်ထွက်ခဲ့ကြသည်။ လမ်းရောက်မှ ဦးဗန်ကောင်း က ...

"သူတို့ကြည့်ရတာ ပုံမှန်စိတ်ရှိတော့တဲ့ပုံ မရတော့ဘူး၊ တစ်ခုခု မှိုင်းမိနေသလို ဖြစ်နေကြတယ်"





ဟု ပြောသည်။

"အဲဒါ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး၊ ကြည့်ရတာ ဒုက္ခပေးဆုံ့အန္တရာယ်တွေကိုပဲ လိုလိုလားလားသဘောကျနေကြပုံရတယ်၊ ကြာရင် စခန်းမှာ တစ်ယောက်မှကျန်တော့မယ်မထင်ဘူး၊ အားလုံးသေကုန်မှာပဲ"

"အဲဒါ ဟိုနတ်ဆရာ ပြုစားထားတာပဲဖြစ်ရမယ်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"အကောင်းဆုံးကတော့ သူတို့တိုက်ထားတဲ့အစီအစဥ်တွေပျက်သွားအောင် နတ်ဆရာနဲ့စခန်းတစ်ခုလုံး ရှင်းပစ်လိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်"

"အေး ... ကောင်းတယ်၊ ဒါမှ ရွာသားတွေလဲ သူတိုက်သားတဲ့မှိုင်းက လွတ်မြောက်နိုင်မယ်"

ဟု ပြောဆိုကာ စခန်းသို့ပြန်ရန်မြင်နေစဥ် နီမောင် က ...

"အဘ ကျွန်တော်တို့ ဗျိုက်တောထဲကလှည့်ပြန်ရင် မကောင်းဘူးလား၊ ဒါမှ နောက်ထပ်သိချင်တာတွေ သိနိုင်မှာ"

ဟု ပြောသဖြင့် ဦးဗန်ကောင်း ကပါ ထိုအစီအစဥ်ကို သဘောတူသဖြင့် လူတစ်ရပ်ကျော်ကျော်ခန့်မြင့်သော ဗျိုက်တောကြီးထဲသို့ ဝင်ခဲ့ကြလေသည်။

အားလုံးမှာ တိုက်ရည်ခိုက်ရည်များ ကောင်းသူတွေချည်းဖြစ်သည်ကတစ်ကြောင်း၊ လက်နက်များကလည်း အဆင်သင့်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တော်ရုံအန္တရာယ်လောက်တော့ မှုစရာမရှိလှပေ။

"တို့ ဒီအထဲဝင်ရင် လမ်းမမှားအောင် လမ်းပြအိမ်မြှောင်သုံး ရမယ်၊ နောက်ပြီး အတွင်းရောက်ရင် လူရုပ်မကွဲကြစေနဲ့ အကြောင်း ရှိလာရင် တက်ညီလက်ညီ ဆော်ဖို့သာဖြင့်ထားကြပေရော့"

ဟု မှာကြားကာ ကိုင်းတောကြီးအတွင်းသို့ တိုးဝင်ခဲ့ကြလေ သည်။ ကိုင်းပင်ကြီးများမှာ ကြံပင်ကြီးများလို အလုံးအရှယ်ကြီး ပြီး လူတစ်ရပ်ကျော်နှစ်ရပ်နီးပါး အမြင့်ရှိလေသည်။

ကိုင်းတောထဲရောက်သောအခါ လူတစ်ယောက်သွားသာရုံ ခက်ခက်ခဲခဲသွားကြရသည်။

အောက်ခံမြေသားမှာ ပျော့နေသဲဖြစ်သောကြောင့် အချို့နေရာ များတွင် ခြေရာများကိုတွေ့ရသည်။

တစ်နေရာတွင် ကိုင်းပင်များ ကျိုးပဲ့ကာ အပိုင်းပိုင်းဖြစ်နေ သည်ကို တွေ့ရသဖြင့် ထိုနေရာသို့သွားကြည့်သောအခါ ကြီးမား ကျယ်ပြန့်သောခြေရာကြီးများကိုတွေ့ကြရပြီးနောက် ထိုနေရာ မလှမ်းမကမ်းတွင် လူသေအလောင်းများကို တွေ့ကြရသည်။

အလောင်းများမှာ ဂျပန်အဖွဲ့တွင်ပါလာသောလူများ ဖြစ် ရှိပြီး သတ္တဝါကြီးများကြောင့် ခြေပြတ်၊ လက်ပြတ်၊ ခေါင်းကျိုး၍ သေ နေကြခြင်းဖြစ်၏။

"ဂျပန်စခန်းကလူတွေ ဆေးမိပြီးတော့ မှိုင်းမှိုင်းဝေဝေဖြစ် တုန်းမှာ သတ္တဝါကြီးတွေနဲ့တွေ့ပြီး အသတ်ခံကြရတာပဲ"





"ဟုတ်တယ် အဘ၊ တချို့လူတွေဆိုရင် အန္တရာယ်ရှိတယ်၊ ရှိဘူးဆိုတာတောင် သိကြတော့မယ်မထင်ဘူး၊ သွားချင်ရာသွား နေကြတော့ ဒီသတ္တဝါကြီးတွေနဲ့မတွေ့ရင်လဲ အခြားတောကောင် တွေနဲ့တွေ့ပြီး သေဖို့များတယ်"

"တို့ အခုလာတဲ့တာဝန်က ဂျပန်တွေကို တွေ့အောင်ရှာဖို့နဲ့ အလုပ်စခန်းတွေကို နှောင့်ယှက်နေတဲ့သတ္တဝါကြီးတွေကို သုတ်သင် ဖို့ဟုတ်လား။ အခု ဂျပန်တွေကိုတော့တွေ့ပြီ၊ ကျန်တဲ့တာဝန်ကို ဆက်လုပ်ကြရုံရှိတာပေါ့ကွာ"

ဟုပြောဆိုကာ ကိုင်းတောထဲမှာအနှံ့လိုက်ကြည့်သောအခါ လူအ များလက်ချက်ဖြင့် သေနေသူများရော အခြားတောကောင်များ၏ လက်ချက်ကြောင့်သေဆုံးနေသောအလောင်းများကိုတွေ့ကြရသည်။

တောကောင်များကြောင့် သေဆုံးနေသော အလောင်းများမှာ သားများ အစားခံထားရသဖြင့် ရုပ်ပင်မပေါ်တော့ပေ။ ထို့နောက် ကိုင်းတောထဲမှပြန်ထွက်ကာ စခန်းချရာသို့ ပြန်ခဲ့ကြသည်။

"ဘယ်လိုလုပ်ကြမလဲ နီမောင်"

"ကျွန်တော်တော့ နတ်ဆရာကိုဖမ်းပြီး စစ်ချင်တယ်၊ ဒါမှ သူ့ရဲ့ ...တ်တာမှုတွေ ပေါ်မှာ"

"အဲဖြင့် အမြန်လုပ်ကြမှဖြစ်မယ်၊ မဟုတ်ရင် ဂျပန်စခန်းက လူတွေက တဖြည်းဖြည်းနဲ့ ကုန်လိမ့်မယ်"

ဟု ပြောဆိုတိုင်ပင်ကာ နီမောင်တို့တစ်တွေသည် သေနတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်များကို အဆင်သင့်ပြင်ပြီး နတ်ဆရာတဲရှိရာသို့ တစ်ခေါ
ပြန်ဆင်းသွားကြသည်။

သူတို့ရောက်သွားသောအချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဖုံးစပြုနေသောအချိန်ဖြစ်သည်။

သူတို့အဖွဲ့သားများသည် နတ်ကွန်းရှိရာ အထက်နေရာလေး တွင် အသီးသီး နေရာယူကာ အခြေအနေကို စောင့်ကြည့်နေ လေသည်။

ခဏကြာတော့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဘာမှမမြင်ရလော အောင် အမှောင်ရိပ်က ဖုံးလွှမ်းလာသည်။

ထိုအချိန်တွင် နတ်ကွန်းထဲသို့ အဝင်အထွက်ပြုနေကြသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်နေရသည်။

ညဦးပိုင်းအချိန်ရောက်တော့ အရှေ့ဘက်မှာ လရောင်တ လာသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့်မြင်လာရသည်။

နတ်ကွန်းထဲမှ မီးရောင်အချို့လှမ်းမြင်ရပြီး ခဏကြာတော့ လူတစ်ယောက်ကိုတွဲပြီး အပြင်သို့ခေါ်ထုတ်လာသည်။ ထိုလူမှာ အိပ်ပျော်နေသည့်အလား ဒယိမ်းဒယိုင်ဖြင့် ပါလာခြင်းဖြစ်သည်။

သူတို့သည် ထိုလူကို နတ်ကွန်းရှေ့ မလှမ်းမကမ်းတွင်ရှိသော ကွက်လပ်ရှိရာသို့ ခေါ်ထုတ်လာပြီး ထိုတောင်ကုန်းပေါ်မှာ ထိုင် နိုင်းသည်။ ထိုအချိန်မှာ လရောင်ကလည်း မြင့်တက်လာပြီဖြစ်သော ကြောင့် အခြေအနေကို ကောင်းစွာမြင်နေရသည်။





ခဏကြာတော့ နတ်ဆရာဖြေ့ တက်လာပြီး ထိုလူအနီးမှာ ထိုင်ပြီး ကိုယ်ပေါ်သို့ သွေးကဲ့ ၊ ့အရည်များဖြင့် လောင်းချလိုက်ပြီး ဂါထာစပ်မှုလည်း ရွတ်ဆိုတိုင်တည်နေလေသည်။

ထိုသို့ပြုလုပ်နေစဉ်မှာပင် တောနက်အတွင်းမှ ကြောက်မက် ဖွယ်ကောင်းလှသော ကျားဟိန်းသံကို ကြားလိုက်ရသည်။

"ဒီနတ်ဆရာတော့ လူတွေကို အရှင်လတ်လတ် ကျားစာကျွေး နေတော့တာပဲ"

"ဘယ်လိုလုပ်ကြမလဲ"

"အဲဒီလူကိုကယ်ပြီး ဒီညတော့ နတ်ဆရာကို အပြတ်ရှင်းမှ အေးမယ် အဘရေ"

"ကောင်းတာပေါ့ကွာ"

ထိုသို့ပြောဆိုနေကြစဉ် နတ်ဆရာနှင့် သူ့လူများက ထိုလူကို တစ်ယောက်တည်းထားခဲ့ပြီး တဲအတွင်းသို့ ပြန်ဝင်သွားကြသည်။ သူတို့နှင့်ပါလာသော ဦးလူဆိုင် က ...

"အဲဒါ သူတို့ နတ်ရဲ့စီးတော်ကျားကို အစာကျွေးတာ"

ဟု ပြောသည်။

"ဘယ်ကလူဖြစ်မလဲ"

"ဂျပန်စခန်းက လူတစ်ယောက်ယောက် ဖြစ်မှာပေါ့"

"ဟိုလူက ဘာကြောင့် ထ,မပြေးနိုင်တာလဲ"

"သူတို့ ဆေးမိနေမှတော့ ဘယ်ထနိုင်တော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောဆိုနေစဉ် ကျားဟိန်းသံက တစ်စတစ်စ နီးသထက်နီးလာတော့သည်။

တောင်ကုန်းပေါ်မှာ ချထားခဲ့သောလူကတော့ ချထားသည့်အတိုင်းပင် ထိုင်နေလေသည်။

ခဏအကြာတွင် တောစပ်မှသစ်ပင်ကြီးတစ်ကောင်၏ ကြီးမားသောဦးခေါင်းဝိုင်းကြီးတစ်လုံး အပြင်သို့လျှောခနဲတိုးထွက်လာသည်။

နီမောင်တို့တစ်ဖွဲ့သားလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ နီမောင်က ၄၁၆ ဗို့ ချွဲဘီမော်ဖာရိုင်ဖယ်သေနတ်ကို မောင်းတင်ပြီး စိတ်ကိုတည်ငြိမ်စွာထားကာ ပစ်ကွင်းကိုချိန်သည်။ တောကောင်ကြီးက စားနေကျဖြစ်ပာန်ရှိသည်။

တစ်ချက်ဟိန်းလိုက်ပြီးနောက် ရှေ့သို့တိုးထွက်လာကာ တောင်ကုန်းပေါ်မှထိုင်နေသောလူရှိရာသို့ ခါးကြီးတန့်နွဲ့ဖြင့် တစ်လှမ်းချင်းလျှောက်လာလေသည်။

နီမောင်သည် သူရှိနေသောနေရာနှင့် ပစ်မှတ်မှာ မဝေးသောကြောင့် စိတ်တိုင်းကျအောင် အသေအချာချိန်နေသည်။ ထိုလူနှင့် မလှမ်းမကမ်းနေရာသို့ရောက်သောအခါ တောကောင်ကြီးပါးစပ်ကြီးကို အစွမ်းကုန်ဟကာ လူကို ခုန်အုပ်ရန် အားယူလိုက်စဉ် နီမောင်က သေနတ်မောင်းကို ဖြုတ်ချလိုက်လေတော့သည်။

"ဒိုင်း ..."

ယမ်းပေါက်ကွဲအားကြောင့် ပေါ်ထွက်လာသောသေနတ်သံ





တိတ်ဆိတ်နေသောပတ်ဝန်းကျင်တစ်ခွင်လုံး သိမ့်သိမ့်တုန်သွားတော့သည်။ တောကောင်ကြီးက လူကိုခုန်အုပ်လိုက်စဉ်မှာ သေနတ်ကျည်ဆန်က ကိုယ်ကိုဖောက်ဝင်သွားသောကြောင့် လမ်းခုလတ်မှာပင် နောက်သို့လန်ကျသွားလေတော့သည်။

ထိုအခိုက်မှာပင် သူတို့အတွက် နောက်ထပ်အန္တရာယ်များကပင်ရောက်လာလေတော့သည်။

အခြားမဟုတ်ပေ ...

တဲအတွင်းမှ ပစ်လွှတ်လိုက်သော မြားတံများက သူတို့ရှိရာသို့ပင်လာသောကြောင့် အချိန်မီရှောင်တိမ်းကာ ထိုတဲကို ပတ်ပတ်လည်ဝိုင်းမိရန် နေရာယူလိုက်ကြသည်။

ၐင်းအဖွဲ့သားများမှာ အတွေ့အကြုံရှိပြီးသူများမို့ ခဏချင်းမှာပင် ရန်သူကို ပတ်ဝိုင်းမိပြီး အန္တရာယ်ကင်းသောနေရာများတွင် နေရာယူပြီးကြလေပြီ။

တဲအတွင်းမှ ပစ်လွှတ်လိုက်သော အဆိပ်လူးမြားတံများကတော့ စောစောက သူတို့ရှိနေသောတောင်ကုန်းပေါ်သို့ တဖွဲဖွဲကျနေတော့သည်။

ထိုအချိန်မှာပင် နီမောင်က အချက်ပေးလိုက်သောကြောင့် တဲပတ်လည်နေရာများမှ သေနတ်သံများ တစ်ပြိုင်နက်တည်းလို ပေါ်လာပေတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

www.burmeseclassic.com



ချက်ချင်းဆိုသလို အတွင်းမှပစ်ခတ်မှုများ ရပ်တန့်သွားသည်။

သို့ကြောင့် ...

ရှေ့သို့ထပ်တိုးကာ သေနတ်များကို အဆက်မပြတ်ပစ်ရင်း နတ်ကွန်းအနီးသို့ရောက်အောင် တိုးဝင်သွားကြသည်။

သေနတ်သံများစဲသွားသည်နှင့် နတ်ကွန်းထဲမှအော်ဟစ် ညည်းညူသံ၊ ပြေးလွှားနေသံများကို အတိုင်းသား ကြားနေရသည်။

"အထဲကလူတွေ မင်းတို့ကိုဝိုင်းမိထားပြီ တစ်ယောက်မှ မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ ထပ်ပစ်မယ်"

ဟု အော်ဟစ်ပြောဆိုကာ တစ်ပြိုင်နက်တည်းလိုလို နတ်ကွန်းထဲဝင်သွားတော့ အထဲမှာ အလဲလဲအကွဲကွဲဖြစ်နေသည်ကို မြင်ရသည်။ ၎င်းတို့ကိုင်ဆောင်သောလက်နက်များမှာ ဒူးလေးလက်နက်များသာဖြစ်သည်။

အတွင်းသို့ရောက်သည်နှင့် ၎င်းတို့လက်နက်များကို သိမ်းခြင်း ဒဏ်ရာမရသူများကိုဖမ်းခြင်း ဒဏ်ရာရထားသူများ၊ သေဆုံးသူများကို အပြင်သို့ခေါ်ထုတ်သွားကြသည်။

"ဒီအထဲမှာ နတ်ဆရာဖေ့ဆိုတာ ဘယ်သူလဲဟေ့"

ဟု ဦးဗန်ကောင်းက မေးလိုက်သည်။

"ကျုပ်ပဲ"

နတ်ရုပ်ကြီးအနီးမှာ လဲကျနေသူတစ်ဦးက လှမ်းပြောသည်။

"မင်းလား နတ်ဆရာဖေ့ ဆိုတာ"





"ဟုတ်တယ်"

"မင်း ဘာရည်ရွယ်ချက်နဲ့ ဂျပန်စခန်းကလူတွေကို နည်းအမျိုးမျိုးနဲ့ သတ်ပစ်နေတာလဲ"

"ကျုပ်တို့နယ်ထဲကို လူစိမ်းလာတာ မကြိုက်လို့ သတ်တာ"

"သူတို့ကို မူးမေ့တွေဝေစေတဲ့ဆေးတွေ ခတ်နေတာလဲ မင်းပဲ မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီ့ မင်းလုပ်ထားတာတွေကို ဖြေဖို့ ဆေးရှိရင် ပေးပါ"

"မရှိဘူး။ ရှိလဲမပေးနိုင်ဘူး"

"ကောင်းကောင်းပြောလို့ရရင် မင်းကို အသက်ချမ်းသာပေးမယ်၊ မရရင် တစ်ခါတည်းပစ်သတ်လိုက်မယ်"

ဦးဗန်ကောင်း က သေနတ်ပြောင်းဝနှင့် သူ့မျက်နှာကိုချိန်၍ ပြောလိုက်သည်။

"သတ်ချင်ရင်သတ်၊ မပေးဘူး"

ဦးဗန်ကောင်း က သေနတ်မောင်းကို တင်လိုက်သည်။

ထိုအချိန်မှာ ဦးလှဆိုင် က အနားလာပြီး တစ်စုံတစ်ရ ကပ်ပြောလိုက်သည်။

ထိုအချိန်လေးမှာပင် နတ်ဆရာဖေ့ က အနားမှာကျနေသော ဓားကို ကောက်ကိုင်လိုက်သည်နှင့် ဦးဗန်ကောင်း က သေနတ်မောင်းကို ဖြုတ်ချလိုက်ရာ နတ်ဆရာဖေ့မှာ နောက်သို့လန်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ အသက်ပျောက်သွားလေတော့သည်။ ထိုအခါမှ သူ့လွယ်အိတ်ထဲမှဆေးထုပ်ကို နှိုက်ယူလိုက်သည်။

"အဘ ပြီးရင် ဖယ်လိုက်"

ဟု နောက်မှ အသံကြားသဖြင့် ဘေးသို့ဖယ်ပေးလိုက်ရာ သေနတ်သံများ ဆူညံစွာပေါ်ထွက်လာပြီး စင်ပေါ်မှာတင်ထားသော နတ်ရုပ်ကြီးနှင့် အခြားအရုပ်များ အပိုင်းပိုင်းပြတ်ကာ လွင့်စဉ်ထွက်ကုန်လေတော့သည်။

ထိုသို့ပြုလုပ်ပြီး အထဲမှ ယူစရာများကိုယူကာ တဲကြီးကိုမီးရှို့လိုက်ရာ မကြာမီ မီးတောက်ကြီးများထ,လာလေတော့သည်။ နီမောင်တို့လည်း ကျားသေကြီးနှင့် ဖမ်းမိထားသောလူများကို စခန်းသို့ခေါ်ကာ ပြန်ခဲ့ကြလေတော့သည်။

နောက်ပိုင်းမှာတော့ အယူအဆလွဲနေသော လူသားတစ်ယောက်ကြောင့် အမှောင်ဖုံးနေသော ကဝေမြောင်ရွာကလေးမှာ မီးတောက်များကြောင့် လင်းထိန်နေလေတော့သည်။

*****





အခန်း (၁၁)

## တောနက်ထဲမှ လျှို့ဝှက်ရန်သူ

ကဝေမြောင်ရွာမှ နတ်ဆရာ၏စခန်းကို ရှင်းလင်းပြီးသောအခါ နတ်ဆရာထံမှယူလာသော ဖြေဆေးများကိုယူပြီး ဂျပန်များ စခန်းချနေသောနေရာသို့ နောက်တစ်ခေါက်ပြန်သွားကြသည်။ ထိုစခန်းတွင် ထမင်းချက်တာဝန်ယူထားသူများထဲမှ နတ်ဆရာဆေး ထည့်ထားသူကို ဦးလူဆိုင်တို့မြေးအဘိုး အကူအညီဖြင့် အလွယ်တကူ တွေ့ရလေသည်။

ထိုသူနှစ်ယောက်ကိုခေါ်ပြီး စစ်ဆေးကြည့်သောအခါ ၎င်းတို့ အလည်း နတ်ဆရာကိုကြောက်၍ လုပ်ရတာပါဟု ပြောပြကြသည်။

"သူတို့က ဘာရည်ရွယ်ချက်နဲ့ အခုလိုဆေးမျိုးတွေခတ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျပန်တွေက ကျုပ်တို့ရွာကိုရောက်လာတော့ ကျောက်လက်ဝါးတောင်ကိုလမ်းပြပြီးလိုက်ခိုင်းကြတယ်"

"ဘာအတွက်တဲ့လဲ"

"ကျောက်လက်ဝါးတောင်မှာ အရေးကြီးတဲ့အလုပ်တွေ လုပ်စရာရှိတယ်လို့တော့ ပြောကြတယ်"

"ဒီရွာက လိုက်မပို့ကြဘူးလား"

"လိုက်ပို့ရင် သေမှာပေါ့"

"ဘာကြောင့်လဲ"

"ကျောက်လက်ဝါးတောင်သွားတဲ့လူတိုင်း ပြန်လာနိုင်တဲ့လူမရှိတာ၊ သွားတဲ့လူတိုင်း သေမှာပဲ၊ ဒါကြောင့် ဘယ်သူမှ လိုက်မပို့ဝံ့ကြပါဘူး"

"ဒီတော့ သူတို့က ဘာလုပ်သလဲ"

"ရွာကလူတွေကို နှိပ်စက်ကြတယ်၊ နောက်အလုပ်သမားနဲ့ ထမင်းချက်ဖို့လူတွေကို အတင်းခေါ်သွားကြတယ်၊ အဲဒါကြောင့် နတ်ဆရာက သူတို့ကို အားလုံးသတ်ပစ်ဖို့အကြံနဲ့ ကျွန်တော်တို့နှစ်ယောက်ကို ထည့်ပေးလိုက်တာပါ"

"ဒီမှာ မင်းတို့က ဘာတွေလုပ်ရသလဲ"

"ကျွန်တော်တို့က ဂျပန်တွေစားမယ့်အစားအစာတွေထဲမှာ အသိဉာဏ်ပျောက်ပြီး ထုံထိုင်းတွေဝေစေတဲ့ဆေးတွေ ထည့်ရပါတယ်။ အဲဒီဆေးမိသွားရင် ဘာမှလုပ်မရတော့ဘဲ ငေးငေးငိုင်ငိုင်နဲ့





တောထဲတောင်ထဲ လျှောက်သွားရင် သွားနေတော့တာပဲ။ အဲဒီလို သွားတဲ့လူတိုင်း တောထဲက ဘီလူးနီတွေ၊ ဆင်တွေ၊ ကျားတွေ၊ ကျားသစ်တွေနဲ့ တွေ့ပြီး သေကြတာ မနည်းတော့ပါဘူး"

ဟု ပြောပြကြသည်။

"ဂျပန်တွေ ကျောက်လက်ဝါးတောင်ကို ဘာကြောင့်သွားကြတယ်ဆိုတာ မင်းတို့ တကယ်မသိကြဘူးနော်"

"မသိပါဘူး။ သတင်းကြားတာကတော့ ကျောက်လက်ဝါးတောင်ရဲ့ တစ်နေရာမှာ ရတနာတွေရှိတယ်လို့ သတင်းကြားတယ်၊ သူတို့ အဲဒါတွေရှာဖို့သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

ထိုစကားကြားသောအခါ နီမောင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဦးဗန်ကောင်း က ...

"ကဲ ကဲ အခု မင်းတို့ကိုခိုင်းတဲ့ဆရာလဲ မရှိတော့ဘူးဆိုတော့ မင်းတို့လဲ ဒီအလုပ်တွေကို ဆက်မလုပ်ကြနဲ့တော့၊ ဒီအလုပ်မျိုးတွေက အဖြစ်မကောင်းဘူး"

"ကျွန်တော်တို့လဲ မလုပ်ချင်ပါဘူး။ သူ့ကိုကြောက်လို့ လုပ်ပေးရတာပါ"

"ကဲ ဒီမှာ ဖြေဆေးတွေရလာပြီ ဒီကနေ့က စပြီး သူတို့စားမယ့် အစားအစာတွေထဲမှာ ဒီဖြေဆေးတွေထည့်ပေးလိုက်ပေတော့ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဦးဇန်ကောင်းက ဆေးထုပ်ကို ထိုလူနစ်ယောက် လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"တကယ်လို့ ဖြေဆေးတွေထည့်မှေးရင်တောင် သူတို့ တော်တော်နဲ့ ပုံမှန်စိတ် ရကြမှာမဟုတ်ဘူး နောက်ပြီး သတိရလာရင်လဲ သူတို့ ကျောက်လက်ဝါးတောင်ကို ခရီးဆက်ကြမှာ သေချာတယ် ကျွန်တော်တို့ရှာနေတဲ့သတ္တုဝါကြီးတွေကလဲ အဲဒီနေရာတစ်ဝိုက်မှာ နေတာဆိုတော့ ကျွန်တော်တို့က အရင်ကြိုသွားရင် မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဂျပန်အဖွဲ့တွေနဲ့ပတ်သက်ပြီး တို့က ဘယ်လိုဆက်လုပ်ကြမှာလဲ"

"အခု ကျွန်တော်တို့ သူတို့ကိုတွေ့ပြီလေ၊ မကြာခင် သူတို့ အခြေအနေပြန်ကောင်းလာမှာပါ၊ ဌာနချုပ်ကိုတော့ ဒီမှာတွေ့နေရတဲ့အတိုင်း အစီရင်ခံစာ ရေးပို့လိုက်ရုံပေါ့၊ ကျွန်တော်တို့က သတ္တဝါကြီးတွေကို ရှင်းလင်းသုတ်သင်ပြီးမှ တာဝန်က ပြီးမှာ"

"မင်း ကောင်းသလိုသာစီစဉ်တော့၊ တို့ကတော့ လိုက်ရုံပဲ"

"ဒါဖြင့် ချက်ချင်း ခရီးထွက်ဖို့ပြင်ကြတာပေါ့"

"ထွက်တာကတော့ ဟုတ်ပါပြီ၊ သူတို့ကို ရွာပြန်ပို့ပေးရမှာ မဟုတ်လား"

ဦးဇန်ကောင်း က ဦးလူဆိုင်နှင့် မြေးမလေး စောမူတို့ နှစ်ယောက်ကို ကြည့်ပြီးပြောသဖြင့် နီမောင် က သူတို့ကို မေးကြည့်ရ





သည်။

"အဘတို့က ရွာကိုပြန်နေကြမှာမဟုတ်လား၊ အခု နတ်ဆရာလဲမရှိတော့ အေးသွားပါပြီ"

ထိုအခါ ဦးလူဆိုင် က ...

"ကျုပ် တစ်ခုတော့ပြောပါရစေ မောင်ရယ်၊ ရွာမှာက နတ်ဆရာ မရှိတော့ပေမယ့် သူ့တပည့်တွေက ရှိနေသေးတော့ ကျုပ်တို့ မြေးအဘိုးကို သစ္စာဖောက်ရပ့ါမလားဆိုပြီး ရန်ရှာကြမှာ ရှိပါသေးတယ်၊ ဒါကြောင့် ကျုပ်တို့မြေးအဘိုးကို ခိုင်းချင်ရာခိုင်းပါ၊ မောင်တို့နဲ့ပဲ လိုက်ခဲ့ပါရစေ"

ဟု တောင်းပန်သဖြင့် သနားသောကြောင့် လိုက်ခဲ့ဖို့ ခွင့်ပြုလိုက်ရလေသည်။ သူတို့အဖွဲ့မှာ တဖြည်းဖြည်းနှင့် လူအားများလာတော့သည်။ ကျောက်လက်ဝါးတောင်သို့ ခရီးဆက်တော့မည် ဆိုတော့ ထိုခရီးကို ကျွမ်းကျွမ်းကျင်ကျင်သွားဖူးသူ မြင့်ဆောင် ကိုပင် သမ်းပြခိုင်းရတော့သည်။

တစ်လမ်းလုံး တက်တက်ကြွကြွရှိနေသော မြင့်ဆောင်မှာ ကျောက်လက်ဝါးတောင်ဘက် သွားတော့မည်ဆိုသောအခါ မျက်နှာ ညှက်နေတော့သည်။ ထိုအခြေအနေကိုရိပ်မိသော နီမောင် က ...

"ကျုပ်တို့အဖွဲ့မှာ လူတွေလဲတောင့်တယ်၊ လက်နက်တွေလဲ အပြည့်အစုံပါလာတယ်၊ ဘာမှစိတ်ပူစရာမရှိဘူး၊ ကျုပ်တို့မှာပါလာတဲ့ သေနတ်တွေဟာ ကျားတွေ ဆင်တွေ မပြောနဲ့ ဒိုင်နိုဆောလို



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါမျိုးတောင် တစ်ချက်တည်းနဲ့ဖင်ထိုင်ကျသွားလောက်တယ်"

ဟု ပြောလိုက်မှ အနည်းငယ် စိတ်သက်သာရာရသွားဟန်ရှိသည်။

ထို့နောက် ...

သူတို့တစ်တွေသည် မိမိတို့စခန်းချရာနေရာသို့ပြန်လာကြပြီး ပစ္စည်းများကိုသိမ်း၍ ရှေ့သို့ခရီးဆက်ခဲ့ကြသည်။

ထိုခရီးတစ်လျှောက်လုံးမှာတော့ အန္တရာယ်အနှောင့်အယှက်ကြီးကြီးမားမား မတွေ့ခဲ့ကြပေ။

ကဝေမြောင်မှကျောက်လက်ဝါးတောင်သို့ရောက်ရန် လမ်းတွင် လေး၊ငါးညအိပ်ခရီးလောက် သွားကြရလေသည်။

အဖွဲ့သားများအတွက် ရိက္ခာကိုတော့ စခန်းထောက်သည့်နေရာများမှာ အမဲပစ်ကာ စားသောက်ကြလေသည်။

တစ်နေ့တွင် နီမောင်၊ ဦးဖန်ကောင်း၊ ဓာတီး၊ မဲအောင်တို့လေးယောက် တောနက်ထဲသို့ ဝင်ခဲ့ကြသည်။

သူတို့လေးယောက်စလုံး သေနတ်များပါလာကြသည်။ ထိုနေ့က နံနက်ပိုင်းတစ်ချိန်လုံး လှည့်လည်ရှာဖွေကြသော်လည်း အမဲတစ်ကောင်တလေမှပင် ပစ်ခတ်ခွင့် မရကြပေ။

သို့ကြောင့် ...

မောမောနှင့်ပါလာသော အစားအစာလေးများကို ဝေမျှစား သောက်ရန် တောင်ကုန်းတစ်ခုပေါ်တွင်တွေ့ရသော ညောင်ကုန်း





ပင်ကြီးတစ်ပင်အောက်သို့ ဝင်နားကြလေသည်။

အပင်ကြီးမှာ နှစ်ပေါင်းရာနှင့်ချီပြီးသက်တမ်းရှိနေဟန်ပင်။ တစ်ပင်လုံး အရွက်အခက်များပိတ်ဆို့ထားရာ နေပြောက်တစ်ချက် မထိုးအောင်ရှိနေသည်။

ထိုအပင်အောက်ရောက်တော့ အပုပ်နံ့အချို့ကို ရသဖြင့် လှမ်း ကြည့်လိုက်သောအခါ အပင်အောက်တွင် တိရစ္ဆာန်များ၏အရိုးစုများကို လှမ်းမြင်ရသည်။

သေနေသောတိရစ္ဆာန်များမှာ မျိုးစုံလှပြီး အချို့လည်း အရိုးကျ နေပြီး အချို့လည်း ပုပ်ပွနေဆဲပင်ရှိနေသေး၏။

ထိုအခြေအနေကို မြင်တော့ နီမောင် က ...

"ထူးဆန်းလှချည်လား။ ဒီအပင်ကြီးက အရိပ်အာဝါသကောင်း သလောက် အန္တရာယ်ရှိပုံရတယ်၊ ဒီအပင်အောက်ကို အေးအေး ဆေးဆေးဝင်အိပ်ကြတဲ့ သတ္တဝါမှန်သမျှ တစ်စုံတစ်ခုကြောင့် သေ ဆုံးကြတာဖြစ်မယ်"

သူပြောလို့မှမဆုံးမီ သစ်ပင်ကြီးအပေါ်ဘက် သစ်ကိုင်း သစ် ခက်များကြားမှ 'ကျလိ ကျလိ'ဟူသောအသံများ ပေါ်ထွက်လာ သည်။

"ဟင် ..."

"ကျလိ ... ကျလိ ... ကျလိ"

အသံမှာ သွားချင်းကြိတ်မိသောအသံမျိုးဖြစ်သည်။ ထိုအသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေနတ်များကို အဆင်သင့်ကိုင်၍ အပေါ်သို့မော့ကြည့်
လိုက်ကြသည်။

သို့သော်လည်း သစ်ရွက်များထူထပ်စွာပိတ်ဆီးနေကာ မှော
နေသောကြောင့် ဘာမှမမြင်ရပေ။

ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှ မိုးပေါက်ကဲ့သို့ တဖြောက်
ဖြောက်ကျလာသံများကြားရပြီး သူတို့ခေါင်းပေါ်မှ ဆောင်းထား
သောဦးထုပ်များပေါ်သို့ကျလာသည်။

"ဖောက် ဖောက်"

ဦးထုပ်များကို အသီးသီးချွတ်ကြည့်လိုက်သောအခါ ထိုအရော
ထိမိသောနေရာမှာ မီးခိုးငွေ့များထွက်နေပြီး ချက်ချင်းဆိုသလို
မီးလောင်ပေါက်ကဲ့သို့ ဖြစ်သွားလေတော့သည်။

"ဟေ့ ... ဟေ့ ဒီအပင်အောက်က အမြန်ထွက်ကြ၊ အပေါ်မှာ
အန္တရာယ်ရှိတယ်"

ဟု ပြောကာ လေးယောက်သား သစ်ပင်အောက်မှ အပြင်သို့
ထွက်လိုက်ကြသည်။

"ကျလိ ... ကျလိ ... ကျလိ"

ထိုအသံများကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် သစ်ပင်ပေါ်
မှ မည်းမည်းသဏ္ဌာန်ကြီးများ တဖြုန်းဖြုန်းနှင့်ခုန်ဆင်းလာလေ
တော့သည်။

"ဟင် ..."





"ဟာ ..."

အသေအချာကြည့်လိုက်တော့ ထိုမည်းမည်းသဏ္ဌာန်ကြီးမှာ
ခြားမဟုတ်ပေ ...၊

ဆန်ကောဝိုင်းခန့်အရွယ်ကြီးသောတောကြီးပင့်ကူနက်ကြီးများ
ဖြစ်ပေတော့သည်။

"ဟေ့ ... အမြန်ပြေး ... အမြန်ပြေးကြ၊ ပင့်ကူနက်ကြီးတွေရဲ့
ဆိပ်မိရင် ဘယ်သတ္တဝါမှမခံနိုင်ဘူး။ ချက်ချင်းသေနိုင်တယ်၊ လွတ်
အောက်ပြေးကြဟေ့"

ပြောပြောဆိုဆိုနှင့် လေးယောက်သား သစ်ပင်အောက်မှ ထ
ပြေးရလေတော့သည်။

ခါတောင်မှ အပင်အောက်ရောက်လာသော ပင့်ကူနက်ကြီး
ချို့က နောက်မှပြေးလိုက်လာကြသေးသည်။

မမီ၍သာ ကျန်ခဲ့ခြင်းဖြစ်သည်။

ထိုသစ်ပင်ကြီးနှင့် အတော်ဝေးသောနေရာရောက်မှ နားကြရ
သည်။ သူတို့ရောက်သွားသောနေရာမှာ တောင်နှစ်လုံးအလယ်ရှိ
ချိုင့်ဝှမ်းဖြစ်နေသောနေရာဖြစ်သည်။

ထိုနေရာရောက်သောအခါ မြေပေါ်မှာထင်နေသောခြေရာကြီး
တစ်ခုကိုတွေ့ကြရလေသည်။

"ဟာ် ..."

ခြေရာကြီးများမှာ ဖြက်နှစ်ထွာကျော်ခန့်ကျယ်၍ အလျား



www.burmeseclassic.com

www.burmeseclassic.com



တစ်တောင်ကျော်ခန့်ရှည်သော ခြေရာကြီးမျိုးဖြစ်သည်။ ထိုခြေ ကြီးမျိုးကို လမ်းမှာလည်း တစ်ကြိမ်မက တွေ့ခဲ့ကြသည်မို့ တ ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ...

သေနတ်များကို အဆင်သင့်ပြင်ပြီး ထိုခြေရာများအတိုင်း လိုက ခဲ့ကြရာ တောင်ကုန်းတစ်ကုန်းရှိရာသို့ ရောက်သောအခါ သင်း သောရနံ့တစ်ခုကို ရလိုက်ကြသည်။

လှမ်းကြည့်လိုက်တော့ သစ်တောအုပ်ရှိရာဘက်မှာ ပိန္နဲပင်ကြီ တစ်ပင်ကို လှမ်းမြင်ကြရသည်။

"အင်း ... စားရက်ကြံ့လို့ မုတ်ဆိတ်ပျားစွဲတာပဲ၊ ရှေ့မှာ ပိန္နဲ ကြီးတွေ့ပြီဟေ့၊ အခုရတဲ့အနံ့ဟာ ပိန္နဲသီးမှည့်ကရတဲ့အနံ့ မဟု လားကွ"

"ဟုတ်တယ်လေ"

"အခုနေ မောမောပန်းပန်းနဲ့ ပိန္နဲသီးမှည့်တစ်လုံး ကောက်သ ရလိုက်လို့ကတော့ ဟန်တာပဲ"

"ဒါပေမယ့် သတိလဲထားကြဦး၊ စောစောက တွေ့ရတဲ့ခြေ ကြီးတွေက အဲဒီဘက်ကို တက်သွားတာမဟုတ်လား"

ဟု တစ်ယောက်က သတိပေးသဖြင့် လေးယောက်သ သတိဝီရိယဖြင့် ပိန္နဲပင်ကြီးရှိရာတောင်ကုန်းပေါ်သို့ တက်ခဲ့ကြ သည်။





တောင်ကုန်းပေါ်ရှိ ပိန္နဲပင်ကြီးအောက်ရောက်သောအခါ လေး ယောက်သား အမောမပြေနိုင်အောင်ဖြစ်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် ...

ပိန္နဲပင်ကိုသာမြင်ရသော်လည်း အပင်ပေါ်မှာ အသီးတစ်လုံး မှ မတွေ့ရပေ။

အပင်အောက်တစ်ဝိုက်မှာတော့ ပိန္နဲသီးမှည့်အခွံများ ပြန့်ကျဲ နေသည်ကိုတွေ့ရသည်။

ဦးဇန်ကောင်းက ခြေရာကြီးများကို စိတ်ဝင်စားစွာလိုက်ကြည့် နေသည်။

"ဒီခြေရာတွေလောက်ဆိုရင် အကောင်ကလဲကြီး၊ အမြင့်ကလဲ ကြက်ပေအောက် လျော့မယ်မထင်ဘူး၊ ပိန္နဲသီးမှည့်တွေကို အားလုံး စားသွားတာ ဒီသတ္တဝါကြီးတွေပဲဖြစ်ရမယ်"

ဟု မှတ်ချက်ချသည်။

"သစ်သီးစားတယ်ဆိုတော့ ဘီလူးမဖြစ်တာတော့ သေချာ သွားပြီပေါ့၊ ကျွန်တော်တို့ထင်တဲ့အတိုင်း အရှင့်အရှတန်လို့ခေါ်တဲ့ တောလူတွေဖြစ်ဖို့များတယ်"

"အင်း ... ဒီသတ္တဝါတွေကလဲ လူလောက်နီးပါး အသိဉာဏ် ရှိတဲ့သတ္တဝါတွေဆိုတော့ ကြောက်စရာကောင်းတယ်"

"အဲဒါထက် ပိန္နဲသီးအနံ့သာရပြီး မစားလိုက်ရတာတော့ အတော်ကလေးနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ကွာ၊ မင်းတို့အတွက် စားဖို့ကျန်ပါသေးတယ်"

"ဘယ်မှာလဲ အဘရဲ့၊ အပင်ပေါ်မှာလဲ အသီးဆိုလို့ တစ်လုံးမှ မကျန်တော့ပါလား"

"ဒီနေရာမှာ တိရစ္ဆာန်တွေ ဉာဏ် ဘယ်လောက်ကောင်းကောင်း လူရဲ့အသိဉာဏ်ကို မမီသေးဘူးဆိုတာကို လက်တွေ့ပြသေးတာပေ့ါ။ ဟိုမှာ ပိန္နဲသီးပင်ရဲ့အခြေနားစ်တောင်သာသာလောက်မှာ မြေကြီးတွေ ပွတက်နေတာ တွေ့ရဲ့မဟုတ်လား"

"အင်း တွေ့တယ်"

"အဲဒီမြေပွပွကို ယင်မမည်းရိုင်းတွေ ဝိုင်းအုံနေတာကိုရော သတိပြုမိလား"

"တွေ့မိတယ်၊ ပိန္နဲသီးအခွံတွေကျနေလို့ ယင်တွေအုံနေတာ မဟုတ်လား"

"ရုတ်တရက်ကြည့်ရင်တော့ ဒီလိုပဲထင်စရာရှိတယ်၊ ကဲ မြေကြီးကိုသွားတူးကြည့်လိုက်၊ မင်းတို့စားဖို့ ပိန္နဲသီးကျန်နေပါသေးတယ်"

"ဟင် ... မြေကြီးထဲမှာ ဘယ်သူက လာထားတာလဲ အဘ"

"အဲဒါ လူတွေအတွက် နတ်တွေဝှက်ပေးထားတဲ့ နတ်ဝှက်တဲ့ အသီးလို့ခေါ်တယ်၊ ကဲ သွားဖော်ပြီး ယူလာခဲ့ကြ"

ဟု ပြောသဖြင့် စောထီးနှင့်ငမဲအောင်တို့က ပါလာသော ကပ်ပါးနှင့် ဓားများဖြင့် တူးကြည့်လေရာ မြေကြီးအောက် နှစ်





တောင်ခန့်အနက်တွင် ပိန္နဲသီးပင်၏အမြစ်ပင်စည်တွင် ကပ်သီးနေသော မြေအောင်းပိန္နဲသီးကိုပင် ခွဲ၍ လေးယောက်သား အမောပြေ စားသောက်ကြရလေသည်။

"အဘ ပြောတဲ့အတိုင်း နတ်ဝှက်တဲ့ ပိန္နဲသီးဆိုတဲ့အတိုင်းပါပဲ ချဉ်ရာကလဲ ခါတိုင်းအသီးတွေထက် ပိုကောင်းလှတယ်ဗျို့"

ထိုသို့စားသောက်နေစဉ်မှာ နီမောင် က မိမိနောက်မှ မသက်သာသည့် အသံတစ်သံ ကြားလိုက်ရသဖြင့် သေနတ်ကို ကောက်ကိုင်ပြီး နောက်ခနဲလှည့်ကြည့်လိုက်သောအခါ တောထဲမှ ပေါင်လုံးအရွယ်ခန့်ရှိသော သစ်ကိုင်းပြတ်ကြီးတစ်ခု ဝဲပျံထွက်လာသည်ကိုလှမ်းမြင်ရသဖြင့် လေးယောက်သား ဘေးသို့လွတ်အောင် ရှောင်ဖေးလိုက်ကြလေသည်။

"ဗုန်း ..."

လေးတောင်ခန့်ရှည်သော သစ်တုံးပိုင်းကြီးက စောစောက သူတို့ထိုင်နေသောနေရာသို့ အရှိန်ဖြင့်ကျလာလေသည်။

နီမောင် က သေနတ်ကိုမောင်းတင်ပြီး စောစောက သစ်တုံး ထွက်လာသောနေရာသို့ လှမ်းပစ်လိုက်သည်။

"ဒိုင်း ..."

ထိုနေရာဘက်မှ ဆူးဆူးဝါးဝါးအော်သံ ကြားလိုက်ရသဖြင့် ကျန်သူများကပါ သေနတ်များကို ကောက်ယူပြီး ထိုနေရာသို့ ဒိုင်းပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း … ဒိုင်း … ဒိုင်း"

သေနတ်သံများက ဆူညံစွာပေါ်ထွက်လာလေသည်။

အသံများမှာလည်း တောၡ်ရိုက်ခတ်မှုကြောင့် ပဲ့တင်သံများ လှိုင်းထနေလေသည်။

ခဏကြာတော့ အခြေအနေက ပြန်လည်ငြိမ်သက်သွားသည် အတန်ကြာသည်အထိ နားစွင့်ကြည့်သောအခါ ဘာသံမှထပ်မကြား ရတော့မှ လေးယောက်သား ထိုနေရာသို့ တဖြည်းဖြည်းတိုးသွား ရာ လဲကျနေသော သစ်ပင်ခြောက်ကြီးပေါ်မှာ သွေးစက်အချို့ တွေ့ရသည်။

သွေးစက်များမှာ ပူပူနွေးနွေးပင်ရှိသေးသောကြောင့် သူတို့ ပစ်လိုက်သော သေနတ်ကျည်ဆန်မှာ ရန်သူကို ထိမှန်သွားကြောင်း သိရလေသည်။

သွေးစက်များက တောထဲသို့ စွတ်ကြောင်းအတိုင်း ထင်ကျန် နေလေသည်။

"ဒဏ်ရာရသွားပုံပေါ်တယ်၊ ဆက်လိုက်သွားမလား"

တစ်ယောက်က မေးသည်။

"ဒီအတိုင်းဝင်လိုက်လို့မသင့်ဘူး၊ စခန်းကို ပြန်ပြီးမှ လူအင်အား များများနဲ့ လိုက်ကြရင် ပိုကောင်းမယ်"

"ဒီသတ္တဝါကြီးတွေ ပိန္နဲသီးစားနေတုန်း ကျွန်တော်တို့ အသံ ကြားလို့ ဝင်ပုန်းနေတာဖြစ်ရမယ်၊ နောက်မှ ရန်မူတာဖြစ်မယ်"





"ဘာပဲဖြစ်ဖြစ် တို့ပစ်လိုက်တဲ့ကျည်ဆန်က မဖြစ်စလောက် ထိမှန်သွားရင်တော့ အခြေအနေမကောင်းဘူး၊ ဒီသတ္တဝါမျိုးတွေက အငြိုးအတေးကြီးသလောက် တစ်ကောင်ထိရင် အုပ်စုလိုက် ဝိုင်းပြီး ရန်ရှာလေ့ရှိတယ်"

ထိုသို့ပြောနေစဉ် တောနက်ထဲမှ …

"အူ ဝူ ဝူး"

"အူ ဝူ ဝူး"

ဟူသော တစ်နေရာနှင့်တစ်နေရာ အချက်ပေးသံများကို ကြားကြရသဖြင့် လေးယောက်သား ထိုနေရာမှ နောက်ကြောင်းသို့ အလျင်အမြန် ပြန်ခဲ့ကြရလေတော့သည်။

✳✳✳✳✳



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

## ပွဲဦးထွက်ပစ်မှတ်

တကယ်တော့ သူတို့အပြစ်မှာ ခါချဉ်အုံကို တုတ်နှင့်ထိုးဆွသလိုမျိုး၊ ပျားအုံကို ခဲနှင့်ပစ်သလိုမျိုးဖြစ်တော့သည်။

သူတို့ စခန်းချရာသို့ပြန်ရောက်ပြီး ကျန်လူအားလုံးကို သတိဝီရိယနှင့်နေရန်ပြောပြပြီး ညဘက်ရောက်သောအခါ စခန်းပတ်လည်ရှိ တောနက်ထဲများမှ တောခြောက်သကဲ့သို့ စူးစူးဝါးဝါးအသံများကို ကြားကြရလေသည်။

သို့ကြောင့် ...

စခန်းပတ်လည်မှာ မီးပုံများဖိုထားပြီးနောက် ဘယ်သူမှ မအိပ်ကြဘဲ ထိုင်စောင့်ကြရလေသည်။

ညဦးနက်ပိုင်းရောက်သောအခါ အအေးဓာတ်ကပိုလာသည်နှင့် နှင်းများကလည်း ကျဆင်းလာသည်။





ထိုအချိန်တွင် တောထဲမှအော်သံများလည်း တိတ်ဆိတ်သွားသောကြောင့် အန္တရာယ်များကင်းသွားလောက်ပြီဟုထင်ကာ စိတ်ချလက်ချဖြစ်ပြီး ငိုက်မျဉ်းသူက ငိုက်နေကြစဉ်မှာ ၎င်းတို့စခန်းများအပေါ်သို့ ကျောက်ခဲလုံးကြီးများ တဝုန်းဝုန်းနှင့်ကျလာတော့သည်။

"ဝုန်း ဝုန်း ဝုန်း"

ကျောက်ခဲလုံးကြီးများမှာ အတော်ကြီးလှသောကြောင့် ယာယီထိုးထားသောတဲများပင် ပြိုကျကုန်တော့သည်။

သူတို့အတွက် ကံကောင်းသောအချက်မှာ ဘယ်သူမှမအိပ်ဝံ့ကြဘဲ မီးပုံနံဘေးနားမှာ ထွက်ထိုင်နေသောကြောင့် သက်သာရာရသွားခြင်းဖြစ်သည်။

ခက်တာက ကျောက်တုံးကျောက်ခဲများ စခန်းပေါ်သို့ ကျလာသော်လည်း နှင်းများကျနေသောကြောင့် ဘယ်နေရာမှ ထွက်လာမှန်းမသိရသဖြင့် အားလုံးမှာ သစ်ပင်များနံဘေး၊ ကျောက်တုံးကြီးများနံဘေးသို့ ပြေးကပ်နေကြရသည်။

အချို့က သေနတ်နှင့်ပြန်ပစ်ရန် တပြင်ပြင်ဖြစ်နေသောကြောင့် နီမောင် က တားထားရသည်။

"ဒီအချိန်မှာပစ်ရင် အပိုပဲ၊ ကျည်ဆန်ကုန်ရုံပဲရှိမယ်၊ ပိုင်လောက် တော့မှပစ်ကြ"

ဟု တားထားသောကြောင့် စိတ်လျှော့နေကြရသည်။

တစ်ညလုံး တဝုန်းဝုန်းနှင့်ကျနေသောကျောက်တုံးကြီးများမှာ



www.burmeseclassic.com

www.burmeseclassic.com



အရုဏ်တက်အချိန်လောက်ရောက်မှ ရပ်သွားတော့သည်။

စခန်းတစ်ခုလုံးမှာလည်း ကြေမွပျက်စီးနေသည်။

ဆင်များကတော့ အတော်ဝေးဝေးတွင် ရောက်နေသော ကြောင့် သက်သာသွားလေသည်။

အရှေ့ဘက်တွင် အရုဏ်တက်၍ အလင်းရောင်ရလာတော့မှ အမြင်သို့ပြန်ထွက်ကာ ပြန့်ကျဲနေသောပစ္စည်းများကိုပြန်သိမ်းကြရ လေသည်။

ထို့နောက် ...

နံနက်စာကို ဖြစ်သလိုစီစဉ်စားသောက်ကြပြီး အထွေးထည်ဗု ထုများကိုဝတ်၍ နှင်းတောထဲမှာပင် ခရီးဆက်ကြရလေသည်။

ထိုသို့ လာရာလမ်းတစ်လျှောက်မှာတော့ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရသဖြင့် တော်ရေ့သည်။

နံနက်ပိုင်း နေရောင်ခြည်တက်လာလောက်သောအချိန်တွင် တောင်ကြောတစ်ခုပေါ်သို့ရောက်နေပြီး ထိုတောင်ကြောပေါ်မှ လှမ်းကြည့်လျှင် တသွင်သွင်စီးနေသော ချောင်းတစ်ချောင်းနှင့် လွင် ပြင်တစ်ခုကို အပေါ်စီးမှ လှမ်းမြင်ရလေသည်။

နေရောင်ခြည်ဆမ်းထားသော ထိုချောင်းကလေးကို အပေါ်မှ လှမ်းကြည့်သောအခါ ငွေရောင်တောက်နေသော မြွေတစ်ကောင် နှင့် သဏ္ဍာန်တူလှပေသည်။

"ကျွန်တော်တို့ကို ဘီလူးနီတွေလိုက်လို့ သေပြေးရှင်ပြေး ပြေး





ခဲ့ရတာ အဲဒီသောင်ပေါ်မှာပေါ့"

ဟု မြင့်ဆောင် က ချောင်းကလေးရှိရာသို့ လက်ညှိုးထိုးပြရင်း ပြောသည်။

"ဒါဖြင့် ကျောက်လက်ဝါးတောင်နဲ့လဲ မဝေးလှတော့ဘူးပေါ့"

"ဟုတ်တယ် မဝေးတော့ဘူး။ ဒီချောင်းကလေးအဆုံးမှာ အပေါ် ကိုတက်တဲ့ လျှိုလမ်းတစ်ခုရှိတယ်၊ အဲဒီလမ်းက အပေါ်ကိုတက် သွားလို့ တမ်းထိပ်ပေါ်ရောက်တာနဲ့ ကျောက်လက်ဝါးတောင်ကို လှမ်းမြင်ရပြီ"

"အင်း ... ဒီလိုဆိုတော့လဲ တို့ရှာနေတဲ့ လူဝံနီတွေရှိတဲ့နေရာနဲ့ လဲ မဝေးလှတော့ဘူးပေါ့"

"ဟုတ်တယ်"

"ဒါထက် မင်း ဆေးဆရာတွေကိုထားခဲ့တာ ဘယ်နေရာမှာ လဲ"

"အဲဒီတောင်ခြေနားမှာပဲ"

ထိုသို့ပြောဆိုပြီး အားလုံးကို သတိဝီရိယပိုထားကြရန် မှာ ကြားပြီး လျှိုလမ်းအတိုင်း ချောင်းရှိရာသို့ ဆင်းသွားကြသည်။

ချောင်းကမ်းပါးရောက်သောအခါ အတော်နေမြင့်နေပြီ။ နှင်း များကွဲကာ အအေးဓာတ်လည်း မရှိတော့ပေ။

ချောင်းဘေးတွင် သောင်ပြန့်ရှိသည်ဆိုသော်လည်း ‌ဘေး တစ် ဖက်တစ်ချက်မှာ သစ်ပင်မြင့်ကြီးများက အုပ်ဆိုင်းနေလေသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



သူ မလှမ်းမကမ်းသို့ရောက်သောအခါ လူဝံနီကြီးက ချောင်းစပ်မှာရေချိုးနေသော စောမူ ကို လက်တစ်ဖက်နှင့်ဆွဲယူပြီး သစ်ပင်ပေါ်သို့ ပြန်တက်သွားသည်။

နီမောင်က သေနတ်ဖြင့်ချိန်လိုက်သော်လည်း လူနှင့်ကွယ်နေသောကြောင့် ပစ်ခွင့်မသာပေ။

"ကျုပ်မြေးလေး ပါသွားပြီ ကျုပ်မြေးလေး ပါသွားပြီ ကယ်ကြပါဦး၊ ကယ်ကြပါဦးဗျာ"

ဟု အော်ဟစ်နေလေသည်။

နီမောင် တောထဲအထိ အခြေအနေလိုက်ကြည့်တော့ ဘာအစအနမှပင် မတွေ့ရတော့ပေ။

သို့သော် ...

စောမူ ဆိုသော မိန်းကလေး၏အော်သံကိုတော့ သဲ့သဲ့ကြားလိုက်ရသည်။ ထို့ကြောင့် စခန်းချရာသို့ပြန်လှည့်လာပြီး ချက်ချင်းစခန်းသိမ်း၍ ဆက်လိုက်ရန်ပြင်ကြလေသည်။

"ဒီသတ္တဝါကြီးတွေက ကျောက်လက်ဝါးတောင်တစ်ဝိုက်မှာဆိုတော့ မိန်းကလေးကို အဲဒီနေရာကိုခေါ်သွားပြီထင်တယ်"

ဟု ပြောသဖြင့် နီမောင်တို့လည်း စခန်းသိမ်းပြီး ချက်ချင်းလိုက်ကြလေသည်။

သို့သော်လည်း ဆင်များပါနေသဖြင့် အပေါ်သို့တက်သော လျှိုသမ်းကို ခက်ခက်ခဲခဲတက်ရသောကြောင့် အချိန်အတော်ကြာမှ





သစ်ပင်များအပေါ်မှ စုံညင်းနွယ်ကြီးများကလည်း မြွေများကဲ့သို့ တလူးလူးတလွန့်လွန့်နှင့် တွဲလောင်းကျနေသည်။

ထိုနေရာရောက်တော့ ဦးဗန်ကောင်း က ...

"အပေါ်ရောက်ရင် ရေရဖို့ လွယ်ချင်မှလွယ်မယ်၊ ဒီတော့ ဒီမှာပဲ ရေဘူးတွေပြည့်အောင်ဖြည့်ကြ၊ ဆင်တွေကိုလဲ ရေချပေးလိုက်ကြဟေ့"

ဟု ပြောသဖြင့် ချောင်းကမ်းတစ်နေရာတွင် ခေတ္တစခန်းချကြလေသည်။ ထိုအခါ ဦးလူဆိုင် က ...

"ကျုပ်မြေးမလေးက ရေချိုးချင်တယ်ဆိုလို့ ဟိုဘက်နားက သစ်ချုံအကွယ်ကလေး လိုက်ပို့ပါရစေ"

ဟု ပြောကာ မြေးအဘိုးနှစ်ယောက် ထွက်သွားကြသည်။

အားလုံးကတော့ သူတို့မြေးအဘိုးကို ဂရုမပြုမိကြဘဲ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြလေသည်။

ခဏကြာတော့ တောစပ်တစ်နေရာမှ ဟူးဟူးဝါးဝါးအော်သံတစ်ချက် ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ သစ်ပင်တစ်ပင်ပေါ်မှ အနီရောင်သတ္တဝါကြီးတစ်ကောင်က နွယ်ကြိုးနှင့် လျှောဆင်းလာသည်ကို လှမ်းမြင်လိုက်ရသဖြင့် နီမောင် က သေနတ်ကို ကောက်ယူလိုက်သည်။

"ဟိုမှာ လူဝံနီကြီး ဆင်းလာနေပြီ"

ဟု ပြောကာ ထိုနေရာသို့ ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ရောက်ကြလေသည်။

သူတို့ရောက်သွားသောနေရာမှာ မြစိမ်းတောင်ညိုတောင်ကြော၏အနောက်ဘက်နယ်နိမိတ်ဖြစ်ပြီး ကျောက်လက်ဝါးတောင်ကြီးကိုလှမ်းမြင်နေရသောနေရာလည်းဖြစ်သည်။

အဖွဲ့သားများမှာ ကျောက်လက်ဝါးတောင်ဟုသာ နာမည်ကြားဖူးပြီး ယခုမှ ရောက်ဖူး၊ မြင်ဖူးကြသောကြောင့် တအံ့တသြဖြစ်နေကြသည်။

"ဆေးဆရာတွေကျန်ခဲ့တာ ဘယ်နေရာမှာလဲ"

"အဲဒီတောင်ခြေနားမှာ"

"ဒါဖြင့် ကျွန်တော်တို့တစ်တွေ အဲဒီတောင်ခြေအထိ မသွားဆဲ လုံခြုံစိတ်ချရတဲ့နေရာမှာ စခန်းချပြီး အခြေအနေစောင့်ကြည့်ရင် မကောင်းဘူးလား အဘ"

"အေး ကောင်းတာပဲ"

သို့ကြောင့် ...

ကျောက်လက်ဝါးတောင်နှင့် မလှမ်းမကမ်းတစ်နေရာရှိ ဂူတစ်ဂူအတွင်းမှာ နေရာယူကြသည်။

ဆင်များကိုတော့ အပြင်မှာလွှတ်ထားလေသည်။

ထိုနေရာတွင် စိတ်ချရအောင် စီစဉ်နေရာချပြီးမှ နီမောင်တို့တစ်တွေသည် လက်နက်များကို အဆင်သင့်ပြင်၍ ကျောက်လက်ဝါးတောင်ခြေသို့ဆင်းခဲ့သည်။





သူတို့ စခန်းချနေသောနေရာနှင့် ကျောက်လက်ဝါးတောင်မှာ ဝေးလှပေ။

သူတို့နှင့်အတူ မြင့်ဆောင်လည်း ပါလာသည်။

မြင့်ဆောင်သည် သူတို့အဖွဲ့နှင့် လိုက်လာခြင်းမှာ အကြံနှင့်လိုက်လာခဲ့ခြင်းဖြစ်သည်။

အကယ်၍ အခွင့်သာလျှင် ရတနာများကို တစ်ယောက်တည်းရှာဖွေယူရန် စိတ်ကူးထားလေသည်။

ပထမတစ်ခေါက် ဆေးဆရာများနှင့်လာစဉ်က မိုက်ကြီးအသတ်ခံရသောနေရာသို့ရောက်သောအခါ အရိုးကျနေပြီဖြစ်သောမိုက်ကြီးအလောင်းကို စ,တွေ့ရသည်။

"ဒါ ကျွန်တော့်ရဲ့အဖော်ပါ၊ ဆေးဆရာတွေကို လမ်းပြဖို့လိုက်လာရင်း ဒီနေရာမှာ သူ အသတ်ခံရတာပဲ၊ ဟိုအရိုးက သူ့အလောင်းပဲ"

"ခင်ဗျား လူဝံနီတွေနဲ့တွေ့လို့ ထွက်ပြေးလာတာ ဘယ်နေရာလဲ"

"ရှေ့ကို နည်းနည်းသွားရသေးတယ်၊ တောင်ခြေနဲ့ မနီးမဝေးသောက်မှာပါ"

"အရေးကြီးတာက ခင်ဗျား ထွက်ပြေးလာတော့ ကျန်ခဲ့တဲ့ဆေးဆရာတွေရဲ့ အခြေအနေကို သိရင် ပိုကောင်းမယ်၊ လာ သူတို့ကျန်ခဲ့တဲ့နေရာအထိ သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင် က ပြောသောအခါ မြင့်ဆောင်မှာ အနည်းငယ် နောက်တွန့်သွားလေသည်။

ယခင်တစ်ခေါက်လာစဉ်က ထိုနေရာတွင် လူ့ဝံနီများနှင့် ရင်ဆိုင်တွေ့ခဲ့ရသဖြင့် ယခုတစ်ခေါက်လည်း ထိုကဲ့သို့တွေ့ရမှာ ကြောက်နေတော့သည်။

ဒါကိုရိပ်မိသော နီမောင် က ...

"ဘာမှမကြောက်ပါနဲ့၊ ကျွန်တော်တို့မှာ သေနတ်တွေပါတာ တကယ်လို့ လူ့ဝံနီတွေနဲ့တွေ့တော့လဲ သူသေကိုယ်သေ ဆော်ကြ တာပေါ့"

ဟု ပြောလိုက်မှ အားရှိသွားဟန်ရှိလေသည်။

မြင့်ဆောင် ထွက်ပြေးလာစဉ်က ဆေးဆရာ သာဂရနှင့် တပည့် နှစ်ယောက်တို့ကျန်ခဲ့သောနေရာသို့ရောက်သောအခါ ပစ္စည်းပစ္စ များ မြေပေါ်မှာ တစ်စစီပြန့်ကျဲနေသည်ကိုတွေ့ရပြီး ...

ထိုနေရာနှင့် မလှမ်းမကမ်းမှာ ပုံပျက်ပန်းပျက်သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ရသည်။

အဝတ်အစားများ စုတ်ပြတ်နေသော်လည်း မြင့်ဆောင် က ကောင်းစွာမှတ်မိလေသည်။

"ဒါ ... ဒါ ဆေးဆရာသာဂရရဲ့အလောင်းပဲ၊ သူဝတ်တဲ့အဝတ် အစားတွေကို မှတ်မိတယ်"

"ဒါဖြင့် နောက်နှစ်ယောက်က ဘယ်မှာလဲမသိဘူး"





ဟု ပြောပြီး လိုက်ရှာသောအခါ မလှမ်းမကမ်းတောစပ် တစ် နေရာမှာ နောက်ထပ်လူတစ်ယောက်၏အလောင်းကို တွေ့ရပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေနှစ်ချောင်းမှကိုင်ပြီး သစ်ပင်နှင့် ရိုက်သတ်ခံထားရပြီး မရှုမလှသေဆုံးနေသော လူတစ်ယောက်ကို တွေ့ရသည်။

သေဆုံးသူများ၏အဝတ်အစားများကို ကြည့်ပြီး မြင့်ဆောင် က ...

"ဆေးဆရာတွေ သုံးယောက်စလုံး သေသွားပြီ"

ဟု ပြောသည်။

ထိုအခိုက်မှာ သစ်ပင်တစ်ပင်ပေါ်မှ အော်သံသဲ့သဲ့ကြားလိုက်ရ သဖြင့် လှမ်းကြည့်လိုက်သောအခါ သစ်ကိုင်းသစ်ခက်များကြားမှာ အနီရောင်သဏ္ဍာန်တစ်ခုကို ရိပ်ခနဲတွေ့လိုက်ရသဖြင့် နီမောင်တို့ တစ်တွေသည် လူစုခွဲ၍ လိုက်ကြလေသည်။

"လူ့ဝံနီကြီးရဲ့လက်ထဲမှာ ဟိုမိန်းကလေးရှိနေတယ်၊ သေနတ် နဲ့ အရမ်းမပစ်ကြနဲ့နော်"

ဟု မှာလိုက်ရသေးသည်။

နီမောင် နှင့် ငမဲအောင်က တစ်တွဲဖြစ်သည်။

အခြားသူများကလည်း နှစ်ယောက်တစ်တွဲ, သုံးယောက်တစ် တွဲ ခွဲထွက်သွားကြသည်။

နီမောင့်ဆီမှာ ၄၁၆ မော်ဇာမဂ္ဂဇင်းရိုင်ဖယ်သေနတ်ပါလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင်ဆီမှာ အသွားထက်လှသော ကပ်ပါးတစ်လက်ပါသည်။ အရေးအကြောင်းရှိလျှင် အသုံးပြုရန် နီမောင် က ခြောက်လုံးပြူး သေနတ်တစ်လက်ကို ပေးထားသည်။

တောထဲမှာ တစ်နေရာစီခွဲလိုက်သဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မျှ မပစ်မိရန်လည်း အရေးကြီးလှသည်။

သူတို့နှစ်ယောက်သည် တောအုပ်ထဲရောက်သောအခါ ခြေသံ လုံလုံ မျက်စိရှင်ရှင်ဖြင့် လိုက်သွားရာ အတန်ကြာသောအခါ မလှမ်း မကမ်းရှိသစ်ပင်ကြီးတစ်ပင်၏သစ်ကိုင်းသစ်ရွက်များကို ဖင်ခုချိတ်ထိုင် နေသော လူဝံနီကြီးတစ်ကောင်ကို မလှမ်းမကမ်းရှိ သစ်ပင်ကြီး၏ ကဖျင်းတစ်ခုနံဘေးသို့ ဝင်ကပ်လိုက်ကြသည်။

"နီမောင် ကောင်မလေးက သူ့လက်ထဲမှာပဲရှိသေးတယ် အရမ်းမပစ်နဲ့နော်"

ဟု ငမဲအောင် က သတိပေးလိုက်သည်။

လူဝံနီကြီးမှာ အကောင်ကြီးလှသောကြောင့် မိန်းကလေးကို လက်တစ်ဖက်နှင့်ဖက်ထားသည်မှာ ကလေးတစ်ယောက်ကို အသာ ပိုက်ထားသကဲ့သို့ ဖြစ်နေသည်။

ထိုအချိန်မှာ အဝေးဝေးနေရာဘက်မှ သေနတ်သံ တ ချက် ပေါ်ထွက်လာသည်။

သစ်ပင်ပေါ်မှာထိုင်နေသောလူဝံနီကြီးက ထိုသေနတ်သံကြား ရာဘက်သို့ လှမ်းကြည့်နေပြီး ခဏကြာတော့ တွဲလောင်းကျ





သော နွယ်ကြိုးကြီးကို လက်တစ်ဖက်နှင့်ကိုင်ပြီး အောက်သို့ဆင်း သာတော့သည်။

ထိုအခြေမှာ သူ့အတွက် အခွင့်ကောင်းပင်။

အောက်သို့ရောက်လျှင် ပစ်ခတ်ရန်လွယ်ကူတော့မည်မဟုတ် သေး အပေါ်မှဆင်းလာသော လူဝံနီကြီး တစ်ဝက်ကျော်ကျော်ခန့် ရောက်လာသောအခါ နီမောင် က သစ်ပင်ကွယ်မှ ဖျတ်ခနဲထွက် လိုက်သည်။ ယခုအခြေအနေသည် လူဝံနီကြီးအတွက် အပေါ်ပြန် တက်၍မရတော့ဘဲ အောက်သို့ရောက်ရန်သာ ဆင်းရတော့မည်ဖြစ် ရာ သူ ရပ်နေရာနှင့် နီးသည်ထက်နီးလာတော့သည်။

နီမောင် စိတ်ကိုငြိမ်အောင်ထားပြီး သေနတ်မောင်းကိုတင်ပြီး ခလုတ်ကွင်းကိုချိန်သည်။

အဓိက,က. မိန်းကလေးကို မထိရန် အရေးကြီးသည်။ နွယ် ကြိုးမှာ လူဝံနီကြီး၏ ကိုယ်အလေးချိန်ကြောင့် လေထဲမှာတွဲလောင်း ကြီးဖြစ်ကာ ချာလည်လည်နေလေသည်။

တစ်ကြိမ်တွင် သူရှိရာဘက်သို့ ကျောရောက်လာသည်နှင့် သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

ကော်၊ ဒိုက်၊ ယမ်းအား ၄၁၈ ဂရိတ်၏ ပြင်းထန်စွာ ပေါက်ကွဲ သံမှာ 'အုန်း'ခနဲပေါ်ထွက်လာပြီး ကျည်ဆန်မှာ လူဝံကြီး၏ကျောကို ဖောက်ထွက်သွားသည်။

လူဝံနီကြီးမှာ ပြုတ်ကျမလာဘဲ လေထဲမှာ တန်းလန်းကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။

မိန်းကလေးကို ဖက်ထားမြဲဖက်ထားသည်။

နီမောင် နောက်ထပ်ကျည်ထိုး၍ မောင်းတင်လိုက်သည်။ နွ

ကြိုးက တစ်ပတ်လည်လာပြီး သူ့ဘက်သို့ မျက်နှာရောက်လာ

သောအခါ ဦးခေါင်းကိုချိန်ပြီး နောက်တစ်ချက် ထပ်ပစ်သည်။ သည်

တစ်ကြိမ်တော့ မခံနိုင်တော့ပေ။

လူဝံနီကြီးမှာ နွယ်ကြိုးပေါ်မှ တအိအိလျှောကျလာပြီး မြေ

ပေါ်သို့ ဘုန်းခနဲပြုတ်ကျလာလေတော့သည်။

နီမောင်တို့နှစ်ယောက်က သေနတ်ကို ကျည်ထိုးမောင်းတ

ပြီး အနားရောက်အောင်ပြေးသွားသည်။

လူဝံနီကြီးမှာ သေနတ်ဒဏ်ရာနှစ်ချက်ကြောင့် မလှုပ်နိုင်

တော့ပေ။ မြေပေါ်မှာ ပက်လက်ကြီး အသက်ပျောက်နေတော

သည်။ သူ့လက်ထဲမှာတော့ မိန်းကလေးကို လက်တစ်ဖက်နှင့် ဖေ

ထားမြဲဖက်ထားလေသည်။

မိန်းကလေးမှာ သတိလစ်နေသည်။

သို့သော် ...

သူမ လွန်စွာကံကောင်းပါသည်။

အကယ်၍သာ လူဝံနီကြီးသာမှောက်ရက်ကျပါက သူ့ကိုယ်

လုံးကြီးနှင့်ပိပြီး သူမ ကံကောင်းနိုင်မည်မဟုတ်ပေ။

လူဝံနီကြီးသေနေတာ သေချာပြီဆိုတော့ အနားကပ်သွား





့လက်မောင်းကြားထဲမှ သတိမေ့နေသောမိန်းကလေးကို ခက်

က်ခဲခဲဆွဲထုတ်ရလေသည်။

လူဝံနီကြီး၏မျက်နှာကို အနီးကပ်တွေ့ရတော့မှ ဘီလူး တစ်

ောင်ကဲ့သို့ကြောက်မက်ဖွယ်မျက်နှာအနေအထားမျိုးရှိလေသည်။

သေဆုံးနေပြီဖြစ်သော်လည်း သူ့မျက်လုံးများက မိန်းကလေးကို

ကြည့်နေဆဲပင်ရှိသေး၏။

နီမောင်နှင့်ငမဲအောင်တို့လည်း သတိမေ့နေသော မိန်းကလေး

မိတို့ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်၍ ဝတ်ပေးပြီး စခန်း

ခါ လာခဲ့ကြသည်။

✳✳✳✳✳



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

## ရင်ဆိုင်တိုက်ပွဲ

စခန်းပြန်ရောက်တော့ စောမူ ဆိုသော မိန်းကလေးကို သတိပြန်ရအောင် တော်တော်ပြုစုပေးရသည်။

ဒါတောင်မှ သတိပြန်ရလာသောအခါ ကယောင်ကတမ်းနှင့် ထ,အော်နေသေးသည်။

ဦးလှဆိုင် ကတော့ မြေးမလေးကိုပြန်ရအောင်ကယ်တင်လာသော နီမောင်တို့အဖွဲ့ကို ကျေးဇူးတင်မဆုံးအောင်ရှိနေတော့သည်။

"မောင်ရင် ပြန်ကယ်လာတာ မြန်ပေလို့၊ မဟုတ်ရင် ကျုပ်မြေးမ လေး ဘဝတော့ ဒုက္ခပါပဲကွယ်"

"တခြားလူတွေကိုတွေ့တာနဲ့ ချက်ချင်းသတ်ပစ်ပြီး သူ့ကျ မသတ်ဘဲ ဘာကြောင့် သွားလေရာ ဖွေ့ခေါ်နေသလဲမသိဘူး"

နီမောင် က ပြောလိုက်သည်။





"လူဝံတွေက ဒီလိုပဲကွယ့်၊ လူတွေကိုသတ်တယ်ဆိုတာ သူတို့ကို ဒုက္ခရောက်အောင်လုပ်တဲ့လူ၊ ရန်ငြိုးရန်စ ရှိတဲ့လူတွေမှသာ သတ်ပစ်တာပါ၊ သူတို့ကို ဘာမှအန္တရာယ်မပေးတဲ့လူဆိုရင် အန္တရာယ် မပေးပါဘူး"

"ဒါဖြင့် ဒီမိန်းကလေးက သူတို့ကို ဘာမှအန္တရာယ်မပေးဘဲနဲ့ ဘာကြောင့်ခေါ်သွားရတာလဲ"

"ဒီလိုပဲလေ၊ လူဝံအထီးက လူမိန်းမကိုတွေ့ရင် ခေါ်သွားပြီး မယားလုပ်ပြီးပေါင်းတယ်၊ လူဝံအမက လူယောက်ျားကိုခေါ်သွားရင် လင်အဖြစ်ပေါင်းတယ်"

"ဟင် … ဒီလိုပေါင်းလို့ရသလားဟင်"

"ရပါတယ်၊ လူဝံနဲ့ လူနဲ့ပေါင်းလို့ရတဲ့ ကလေးတွေ ဘာတွေ တောင် ရှိပါတယ်"

ထိုစကားကြားသောအခါ အားလုံးက အံ့ဩသွားကြလေသည်။

"အခု ကျုပ်မြေးမလေးကိုခေါ်သွားတာ သတ်ဖို့မဟုတ်ပါဘူး၊ မယားလုပ်ပေါင်းဖို့ ခေါ်သွားတာပေါ့၊ ဒါကြောင့် သူသွားတဲ့နေရာ ခေါ် သွားတာပေါ့၊ အစကတည်းက သတ်ဖို့ဆိုရင် နေရာမှာတင် သတ် သွားတာ ကြာပေါ့"

ဟု ဦးလှဆိုင် က ပြောသည်။

"ဟင် … ဒီလိုဖြင့် ကျုပ်တို့အဖွဲ့ သူတို့နဲ့ရန်ငြိုးရန်စ မရှိပါဘဲ

www.burmeseclassic.com



ဘာကြောင့် တစ်လမ်းလုံးလိုက်ပြီး ရန်ရှာနေတာလဲဗျ"

ဟု ဦးဗန်ကောင်း က ပြောလိုက်သည်။

"လူဝံတွေက သူတို့နဲ့ ရန်ငြိုးရန်စမရှိဘဲနဲ့တော့ အကြောင်းမဲ့ ရန်ရှာလေ့မရှိပါဘူး။ ဒီအဖွဲ့ထဲမှာပါတဲ့ လူတစ်ယောက်ယောက်က သူတို့ငြိုးထားတဲ့လူ ပါလို့ဖြစ်မှာပါ"

ဟု ပြောလိုက်သောအခါ ဦးဗန်ကောင်းနှင့်နီမောင်က မလှမ်းမကမ်းမှာရှိနေသော မြင့်ဆောင် ကို တစ်ချက်လှမ်းကြည့်လိုက်ကြရာ မြင့်ဆောင် က ခေါင်းငုံ့ထားလေသည်။

နီမောင် က ...

"ကိုမြင့်ဆောင် ...၊ ခင်ဗျား လူဝံနီတွေနဲ့ တွေ့တုန်းက သေနတ်နဲ့ပစ်ခဲ့သေးတယ်မဟုတ်လား"

"ပစ် ... ပစ်ခဲ့တယ်"

"ထိသွားသေးလား"

"အဲဒါတော့ မသိလိုက်ဘူး ဆရာ"

"အင်း ... ခင်ဗျားပစ်တဲ့ သေနတ်ကျည်ဆံ မှန်တယ်ဆိုရင်တော့ ဒဏ်ရာရချင်ရ၊ မဟုတ်ရင်တော့ သေမှာပဲ၊ ဒါကြောင့် သဲကြီးမဲကြီးလိုက်ပြီး ရန်ရှာနေတာဖြစ်ရမယ်"

"ဒီအတိုင်းမှန်ရင်တော့ အခု မင်းလဲ လူဝံနီတစ်ကောင်ကို သတ်ခဲ့ပြီမဟုတ်လား။ တို့အတွက် အန္တရာယ်ပိုကြီးလာနိုင်တာပေါ့"

ဟု ဦးဗန်ကောင်း က ပြောသည်။





"အခုမှတော့ နောက်မဆုတ်သာတော့ဘူး အဘရေ၊ တွေ့ချင်တဲ့သတ္တဝါတွေ့ပါစေ ဆော်ရတော့မှာပဲ"

နီမောင် က အားရပါးရ ပြန်ပြောလိုက်သည်။

"ဒါတ အရေးမကြီးဘူး၊ အခုအချိန်ကစပြီး တို့အဖွဲ့သားတွေ သတိဝီရိယပိုထားကြမှဖြစ်မယ်၊ လူဝံနီဆိုတာ အငြိုးသိပ်ကြီးပြီး ကလဲ့စားချေတာလဲမြန်တယ်၊ တို့စခန်းကို အုပ်စုလိုက်ဝင်မတိုက်ဘူးလို့ မပြောနိုင်ဘူး"

ဦးဗန်ကောင်း ကြိုတင်ပြောခဲ့သည့်အတိုင်းပင် ညအက်ရောက်သောအခါ လူဝံနီအော်သံများကြားရပြီး သူတို့စခန်းချရာအနီးသို့ရောက်လာကာ သစ်တုံးသစ်ကိုင်းများ၊ ကျောက်တုံးကျောက်ခဲများဖြင့် လာရောက်ပစ်ခတ်ကြလေသည်။

သူတို့တစ်တွေမှာ ကျောက်ဂူအတွင်းရောက်နေကြ၍သာတော်ရှေ့သည်၊ ဒါတောင်မှ မလှမ်းမကမ်းရှိ ဂူပေါက်ဝသို့ ကျောက်တုံးကျောက်ခဲကြီးများ တဝုန်းဝုန်းနှင့်ကျနေသည်ကို လှမ်းမြင်နေရသည်။

လူဝံနီများသည် ဂူပေါက်အတွင်းသို့တော့ ဝင်မလာကြပေ။ သို့သော်လည်း သူတို့ပစ်လိုက်သော ကျောက်တုံးကြီးများကတော့ ဂူမ ဝသို့ရောက်လာကာ အတွင်းသို့ရောက်အောင် ကျောက်တုံး ကျောက်ခဲအပိုင်းအစများက ဝင်ရောက်လာသည်။

ထိုမျှသာမကသေးဘဲ တစ်နေရာမှတစ်နေရာ အကျက်ပေးသံ



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်း အတိုင်းသားကြားနေရသည်။

"အူ အူ ဝူး"

"အူ အူး အူး အူး"

"အူ ဝူး ဝူး"

သံတို သံရှည် အမျိုးမျိုးဖြင့် တစ်နေရာစီမှ ခွဲအော်နေသော အသံများကို ကြားသောအခါ လူဝံနီများမှာ နှစ်ကောင်၊ သုံးကောင်ထက် မနည်းလှဟုတော့ ခန့်မှန်းကြသည်။

"ကျွန်တော်ဝူပေါက်ဝနားကို နည်းနည်းတိုးပြီး အခြေအနေ သွားကြည့်လိုက်ဦးမယ်ဟု အဖွဲ့ထဲမှာပါလာသော အေးကျော် ဆိုသူက ဂူပေါက်ဝရောက်အောင် တိုးသွားသည်။

ဂူပေါက်ဝသို့ရောက်သောအခါ သူရပ်နေသောနေရာအနီးသို့ 'ဘုတ်' ခနဲအသံမြည်ကာ အရာဝတ္ထုတစ်ခု ပြုတ်ကျလာသဖြင့် ငုံ့ကြည့်လိုက်သောအခါ လူလက်တစ်ဖက်နှင့်တူသော အရာဝတ္ထုတစ်ခုကို တွေ့ရသဖြင့် ကောက်ယူကြည့်လိုက်သည်။

"အမယ်လေး ...'

ဟု အော်ကာ လက်ထဲမှအရာကို အောက်သို့ပြန်လွှတ်ချလိုက်သည်။ ထိုအသံကြားသဖြင့် နီမောင်နှင့်ဦးဗန်ကောင်းက သေနတ်များကိုင်ပြီး ပြေးထွက်လာကြသည်။

"ဘာဖြစ်တာလဲ အေးကျော်"

"ဟို ... ဟိုမှာ ..."





အေးကျော် လက်ညှိုးထိုးပြသော မည်းမည်းသဏ္ဌာန်ကို ကောက်ယူကြည့်လိုက်သောအခါ လူဝံတစ်ကောင်၏လက်ပြတ်ကြီး တစ်ခုက် ဖြစ်နေသည်ကိုတွေ့ရသည်။

ထိုအခိုက်မှာပင် သူတို့ရပ်နေရာအနီးသို့ 'ဘုတ် ဘုတ်' ဟု အသံမြည်လျက် အရာဝတ္ထုနှစ်ခု ကျလာပြန်သဖြင့် မီးရောင်ဖြင့် ထိုး ရှာ၍ ယူကြည့်လိုက်သောအခါ ကြောက်မက်ဖွယ်ရာကောင်းလှသော လူဝံနီ၏မျက်လုံးကြီးနှစ်လုံးကိုတွေ့ရသဖြင့် ပိုမိုထိတ်လန့်သွားကြသည်။

"ဟင် ... ဒါတွေ နေ့လယ်ခင်းက ကျွန်တော်တို့ပစ်သတ်ခဲ့တဲ့ လူဝံနီကြီးရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေဖြစ်ရမယ်"

"သေချာတာပေါ့ ကောင်လေးရာ၊ ဒါ တို့တစ်တွေကို မျက်လုံး့ မျက်လုံးချင်း၊ လက်၊ လက်ချင်း ဆုံပြန်မယ်ဆိုတဲ့ စိန်ခေါ် မှုပဲပေါ့၊ သူ တို့အထဲက တစ်ကောင်သေသလို တို့တစ်တွေကိုလဲ အဲဒီလို ပြန်သတ်မယ်လို့ ပြောတဲ့သဘောပေါ့ကွာ"

ဟု ဦးဗန်ကောင်းက မှတ်ချက်ချသည်။

နောက်တစ်နေ့နံနက်လင်းသောအခါမှ ပတ်ဝန်းကျင်မှအသံများ ငြိမ်သွားလေတော့သည်။

"တို့ ဘယ်လိုလုပ်မလဲ၊ ဒီဂူထဲမှာ ကြာကြာဆက်နေလို့လဲ မဖြစ်ဘူး။ အပြင်မှာ ဆင်တွေလွှတ်ထားတာလဲရှိသေးတယ်၊ အော်ကြာ ဒီသတ္တဝါကြီးတွေက လူတွေရန်မမူရလို့ ဆင်တွေ ရန်မူမှ ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလဲ သူဒေဇကိုယ်သေ ထွက်တိုက်ကြတာပေါ့ အဘာရာ မကောင်းဘူးလား"

"ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့် အရမ်းလုပ်လို့တော့ မဖြစ်ဘူး။ ဘယ်လိုပြန်တိုက်ရမယ်ဆိုတာ အားလုံး တိုင်ပင်ကြသေးတာပေါ့"

ဟု ပြောကာ အသေးစိတ်တိုင်ပင်ကြလေသည်။

သူတို့သည် နေအတော်မြင့်တော့မှ သေနတ်များကို အဆင်သင့်ပြင်ကာ အဖွဲ့လိုက် အပြင်သို့ထွက်ခဲ့ကြသည်။

သေတက်ရေနှင့်ရိကွာရှာရင်း ကျောက်လက်ဝါးတောင်ရှိရာဘက်သို့ ဆင်းသွားကြသည်။ ကျောက်လက်ဝါးတောင်မှာ မြေကြီးအတွင်းမှ အပေါ်သို့ လူ့လက်တစ်ဖက် ထိုးထွက်နေသည်နှင့် သဏ္ဌာန်တူလှသည်။

ကျောက်တောင်ကြီးပေါ်မှ ကျောက်စွန်းများက လက်ချောင်းများသဏ္ဌာန် အပေါ်သို့ထွက်နေခြင်းဖြစ်ပြီး ကြည့်ရှုနှင့်ပင် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပေသည်။

လက်ချောင်းများသဏ္ဌာန် အပေါ်တက်နေသော ကျောက်စွန်းကျောက်ချွန်များမှာ အတော်မြင့်လှပြီး ၎င်းလက်ကြီး၏အောက်ဘက်တောင်ခြေတစ်ဝိုက်မှာတော့ ဂူပေါက်ဝကြီးများကို တွေ့ရသေသည်။

ထိုဂူပေါက်ဝများအနီးမှာလည်း လူဝံနီခြေရာများကို တွေ့ရ





သဖြင့် လူဝံနီများသည် ထိုဂူများအတွင်းမှာ မှီအောင်းနေထိုင်မည်ဟု ခန့်မှန်းမိကြသည်။

သူတို့တစ်တွေက ဂူပေါက်ဝများကို စိတ်ဝင်စားစွာ လိုက်ကြည့်နေစဉ်မှာ နောက်ဘက်ရှိ တောထဲမှ အသံတစ်သံကြားလိုက်ရသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်သောအခါ နေရောင်ခြည်များ ထိုးကျနေသောသစ်ချုံတစ်ချုံအတွင်းမှ နီရဲနေသောမျက်လုံးပြူးပြူးကြီးနှစ်လုံးကို အရင်မြင်လိုက်ရသည်။

အမှတ်တမဲ့မို့ ကြောင်ရှုံကြည့်နေစဉ်မှာ သစ်ချုံများနောက်မှ တဖြည်းဖြည်း ထရပ်လာသော လူဝံနီတစ်ကောင်၏ကိုယ်လုံးအပေါ်ပိုင်းကို လှမ်းမြင်လိုက်ရသည်။

လူဝံနီမှာ သာမန်လူထက် နှစ်ဆခန့်မြင့်ပြီး ကိုယ်လုံးကိုယ်ထည်မှာလည်း ကြီးမားထွားကျိုင်းလှသည်။

၎င်းတို့ကို မျက်လုံးပြူးပြူးကြီးများဖြင့် လှမ်းကြည့်နေရင်းမှပင် သူ၏ရင်ဘတ်ကို လက်ကြီးနှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန်ထုရင်း ဝူးဝူးဝါးဝါးအော်ဟစ်နေတော့သည်။

"ဝူး အူး အူး"

"ဝူး အူး အူး"

ထိုသို့အော်နေရာမှ သူ၏ရင်ဘတ်ကို လက်ကြီးနှစ်ဖက်ဖြင့် ထုနေရာမှ တဘုန်းဘုန်းမြည်သံကြီးကိုလည်း အတိုင်းသားကြားနေရသည်။ ထိုအချိန်မှာပင် နီမောင် က သေနတ်ဖြင့်ပစ်ရန် ထိုးချိန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ဦးဗန်ကောင်းက သေနတ်ပြောင်းကို ဆွဲဖယ်လိုက်သည်။

"မပစ်နဲ့ မောင်၊ သူ့ကြည့်ရတာ တို့ကို ရန်မူချင်ပုံမရဘူး။ တစ်ခုခုကို မကျေမနပ်နဲ့ ပြောနေတဲ့ပုံမျိုးပေါ်နေတယ်၊ သူ ဘာလုပ်မလဲ ဆိုတာ အသာကြည့်နေ၊ တို့ကို ရန်မူမယ့်ပုံပေါ်မှ ဆော်တန်ဆော်ပေါ့"

ဟု ပြောသဖြင့် နီမောင် က မပစ်ဘဲနေလိုက်သည်။

လူဝံနီကြီးသည် အတန်ကြာသည်အထိ သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်များဖြင့်ထုလိုက်၊ အော်လိုက် လုပ်နေရာ ခဏကြာတော့ တောနက်ထဲမှ နောက်ထပ်အော်သံများကို ဆက်တိုက်ကြားလာရတော့သည်။

"အဲဒီ နောက်ထပ်ရောက်လာမယ့်သတ္တဝါတွေကမှ တို့ကို ရန်မူမယ့်ကောင်တွေဖြစ်မယ်၊ လစ်ကြစို့"

"ဒီအကောင်ကြီးကိုရော ဘယ်လိုလုပ်မလဲ"

"ထားလိုက်ပေါ့၊ သူက တို့ကို ရန်မူတာမှမဟုတ်ဘဲ မပစ်ပါနဲ့ မင်း တစ်နေ့ကသတ်ထားခဲ့တဲ့ လူဝံနီရှိတဲ့နေရာ တစ်ခေါက်ပြန်သွားရအောင်"

ဟု ပြောဆိုကာ ထိုနေရာမှ လှည့်ထွက်ခဲ့ကြသည်။

နောက်ဘက်မှာကျန်ရစ်ခဲ့သော လူဝံနီကြီးအော်သံကို သော်လည်းကောင်း၊ အခြားလူဝံနီများ အော်သံကို သော်လည်းကောင်း ကြားနေရသည်။





တစ်နေ့က စောမူ ဆိုသော မိန်းကလေးကိုကယ်ရင်း လူဝံနီ တစ်ကောင်ကို ပစ်သတ်ခဲ့ရသောနေရာကို ရောက်သောအခါ ထိုနေရာတွင် သွေးကွက်ကြီးများကိုသာတွေ့ရပြီး လူဝံနီကြီး၏ အလောင်းကိုတော့ မတွေ့ရပေ။

သစ်ရွက်သစ်ဖက်များပေါ်မှာကျနေသော သွေးကွက်ကြီးများ မခြောက်သေးဘဲ ထိုနေရာတွင် ယင်ကောင်များ တဝေါဝေါဖြင့် ဝင်းအုံနေသည်ကိုတွေ့ရသည်။

"မနေ့က နီမောင် ပစ်သတ်ခဲ့တဲ့ လူဝံနီကြီး ဘယ်ရောက်သွားသလဲ၊ အသက်မသေသေးလို့များ ထ,သွားရော့သလား"

ဟု တစ်ယောက်က ပြောသည်။

"မဟုတ်ဘူးကွ၊ မနေ့ကပစ်သတ်ခဲ့တဲ့ လူဝံနီကြီးက မရှိတော့ဘူး၊ ညတုန်းက တို့ ဂူပေါက်ဝက လာပစ်သွားတဲ့ ခြေပြတ်၊ လက်ပြတ်တွေ, မျက်လုံးတွေဟာ အဲဒီလူဝံကြီးရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေဖြစ်ဖို့များတာပေါ့"

ဟု ဦးဗန်ကောင်းက ပြောပြနေစဉ် သူတို့ရပ်နေရာနေရာ၏ အားပတ်လည်ရှိ သစ်တောများအတွင်းမှ လှုပ်ရှားသံကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် သစ်ပင်များနောက်ကွယ်မှ လူဝံနီကြီး လေး၊ ငါးယောက်တို့ တစ်ပြိုင်နက်ထွက်လာသည်ကို မြင်လိုက်ရသည်နှင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သေနတ်များဖြင့် ပစ်ခတ်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဝံကြီးများထွက်လာသောနေရာမှာ မဝေးလှသောကြောင့် သေနတ်များဖြင့် ပစ်နေရင်းကြားမှပင် လက်ကြီးများကို ဆန့်တန်း၍ ဝူးဝူးဝါးဝါးအော်ရင်း အနားသို့ရောက်လာကြသည်။

လူတစ်သိုက်နှင့် လူဝံနီတို့၏ အနီးကပ်တိုက်ပွဲမှာ ကြောင် စရာကောင်းလှသည်။ အနီးကပ်တွင် သေနတ်နှင့်ပစ်ခွင့်မသာသော ကြောင့် ဓား၊ ကပ်ပါးများနှင့်ထိုးခုတ်တိုက်ခိုက်သော်လည်း အင်အား ချင်းမမျှသောကြောင့် ဘယ်လိုမှ ထိရောက်မှုမရှိပေ။

လူဝံနီတို့၏ကိုယ်ပေါ်တွင် အမွေးရှည်ကြီးများရှိသောကြောင့် ဓားဖြင့်ခုတ်၍မရ၊ လှံဖြင့်ထိုး၍မပေါက်နိုင်အောင်ဖြစ်နေရာ နီအောင် တို့ဘက်မှ အရေးနိမ့်စပြုနေပြီ။

လူဝံနီများက သေနတ်ကိုကြောက်သဖြင့် သေနတ်ကိုင်ထား သူများလက်မှ သေနတ်များကိုလုယူကာ အပိုင်းပိုင်းဖြစ်အောင် ရိုက် ချိုးပစ်ကြလေသည်။

သို့ကြောင့် ...

သူတို့လက်ချက်နှင့်မိလိုက်သူများမှာ မြေပေါ်သို့ ဘိုင်းခနဲ လဲကျသွားတော့သည်။

လူဝံနီတို့က လူကိုမိလိုက်သည်နှင့် ဇက်ကိုလိမ်ချိုးခြင်း၊ ခြေ လက်တို့ကို ဆွဲဖြုတ်ခြင်း၊ ခြေထောက်နှစ်ချောင်းမှဆွဲပြီး သစ်ပင်နှင့် တိုင်ရိုက်သတ်ခြင်းများဖြင့် ရက်ရက်စက်စက်သတ်ပစ်ကြသည်။

နီအောင်နှင့်ဦးဝန်ကောင်းတို့နှစ်ယောက်မှာ ၎င်းတို့လက်ထဲမှ





သေနတ်များကို လူဝံနီတို့လက်သို့ အရောက်မခံဘဲ အခွင့်အရေးရ သည်နှင့် တစ်ကောင်ပြီးတစ်ကောင် ပစ်သတ်ကြလေသည်။ ၎င်းတို့ နှစ်ယောက်ကိုင်သော 'ဒွာဖ်' မဂ္ဂဇင်းရိုင်ဖယ်သေနတ်ကျည်ဆန် ထိ မှန်သောလူဝံနီတို့မှာလည်း မခံနိုင်တော့ဘဲလဲကျသွားကြလေသည်။

သည်တော့မှ အားတက်လာပြီး နှစ်ယောက်သား တက်ညီ လက်ညီပစ်ကြရာ လူဝံနီနှစ်ကောင် သေဆုံးသွားသောအခါ ကျန် လူဝံနီများမှာ တောတွင်းသို့ ဝင်ပြေးသွားကြလေသည်။

မိမိတို့ဆီမှ သေနတ်သံများကြားသဖြင့် ခဏကြာသောအခါ အခြားအဖွဲ့များကလည်း ရောက်လာကြလေတော့သည်။

အခြေအနေငြိမ်သွားမှ စစ်ဆေးကြည့်လိုက်တော့ လူဝံနီ နှစ် ကောင် သေဆုံးသွားပြီး သူတို့ဘက်မှ သုံးယောက် သေဆုံးသွား သည်။

သေနတ်အချို့လည်း ရိုက်ချိုးဖျက်ဆီးခြင်းခံလိုက်ရသည်။ သေ ဆုံးသွားသူများကို ထိုနေရာမှာပင် မြေမြှုပ်သင်္ဂြိုဟ်ပြီး မိမိတို့စခန်း သို့ ပြန်လာခဲ့ကြလေသည်။

✳✳✹✳✳

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

## လောဘသားတို့၏နိဂုံး

ညဦးပိုင်းအချိန်ဖြစ်သောကြောင့် လရောင်က ကျောက်လက်ဝါးတောင်တစ်ဝိုက်သို့ ကျဲကျဲပါးပါးကျဆင်းနေလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ တစ်ခါတစ်ရံတွင် ...

ညဥ့်ငှက်များအော်သံ ...၊

အဲစာရှာထွက်လာသော တောကောင်ကြီးများ၏ ဟိန်းဟောက်မာန်ဖီသံများလောက်သာ ကြားရသည်။

နီမောင်တို့ စခန်းချနေသောဂူပေါက်ဝတစ်ဝိုက်မှာ လရောင်ဖြာကျနေသော်လည်း လူသူအရိပ်အယောင်မတွေ့ရပေ။ ခါတိုင်းညက ဂူပေါက်ဝအနီးမှာ မီးဖိုထားပြီး လူတစ်ယောက်စ နှစ်ယောက်စ





တွေ့ရသော်လည်း ယခုညမှာတော့ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေ၏။

ဤသို့ဖြင့် ညဦးပိုင်းအချိန်ကျော်လွန်လာပြီး သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ လရောင်က တဖြည်းဖြည်းနှင့် အားကောင်းလာလေရာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ သဲသဲကွဲကွဲမြင်နိုင်သောအခြေအနေသို့ ရောက်လာသည်။

လမွန်းတည့်ချိန်သို့ရောက်သောအခါ လရောင်က ကျောက်လက်ဝါးကြီး အပေါ်တည့်တည့်သို့ ထိုးကျလာလေရာ ကျောက်လက်ဝါးကြီး၏ လက်ခလယ်ချောင်းမှထွက်လာသော အရိပ်တစ်ခုသည် ဂူပေါက်ဝတည့်တည့်ဆီသို့ ထိုးကျနေသည်။

ရုတ်တရက်ကြည့်လျှင် လက်ချောင်းကြီးက ဂူပေါက်ဝသို့ ညွှန်ပြနေသည်နှင့်တူနေတော့သည်။

ထိုအခိုက်မှာပင် ဂူပေါက်ဝမှ မည်းမည်းသဏ္ဌာန်များ ထွက်လာတော့သည်။

ထိုမည်းမည်းသဏ္ဌာန်များမှာ အခြားမဟုတ်ပေ။

ဂူထဲမှာခိုအောင်းနေသာလင်းနို့များပင်ဖြစ်တော့သည်။ လင်းနို့များမှာ လေးငါးကောင်ခန့်ရှိပြီး သူတို့သည် နီမောင်တို့ စခန်းချနေသောဂူဘက်သို့ သွားကြလေသည်။

ဂူပေါက်ဝနှင့်နီးသောနေရာသို့ရောက်သောအခါ ကျောက်တုံးကျောက်ခဲ သစ်တုံးများဖြင့် ဂူပေါက်ဝသို့ လှမ်းပစ်ကြလေသည်။

www.burmeseclassic.com



အတန်ကြာအောင်ပစ်သော်လည်း အတွင်းမှ ဘယ်လိုမှ တုံ့ပြန်မှု
မှန်းသိသောအခါ တဖြည်းဖြည်းနှင့် အနီးသို့တိုးကပ်သွားကြ
သည်။

ယခုအချိန်အထိ ဂူထဲမှာ ဘယ်လိုလှုပ်ရှားမှုမှ မတွေ့ရ
ပေ။ အတွင်းမှလူများမှာ မောမောပန်းပန်းနှင့် အိပ်ပျော်နေကြ
ရှိပေ၏။

သို့ကြောင့် ...

လူဝံနီများမှာ တစ်စတစ်စ ရဲလာပြီး ကြီးမားသော ကျော
တုံးများ၊ သစ်ကိုင်းများကို ကိုင်ဆောင်ကာ ဂူအတွင်းသို့ ရဲရဲ
တင်း ဝင်သွားကြလေသည်။

သူတို့ ဂူအတွင်းဝင်သွားတော့မှ ဂူပေါက်ဝနှင့် မလှမ်းမ
တွင် စောင့်ဆိုင်းနေကြသော နီမောင်တို့အဖွဲ့သားများ ထွက်လာ
သည်။

သူတို့လက်ထဲမှာလည်း သေနတ်များက အဆင်သင့်
ထားကြသည်။

နီမောင်တို့က ဂူပေါက်ဝသို့သွားပြီး မိုးမခ စခန်းမှ ယူဆော
လာသော လက်ပစ်ဗုံးတစ်လုံးကိုပင် ဖြုတ်၍ ပစ်သွင်းလိုက်သည်

"ဝုန်း ... ဂလုံး"

ဟူသော အသံကြီးပေါ် ထွက်လာပြီး မရှေးမနှောင်းမှာ
အထဲမှဆူဆူညံညံအသံများ ကြားရသည်။





မီးခိုးငွေ့များ အလုံးလိုက် အပြင်သို့ထွက်လာသည်။

ထိုသို့ပစ်ထည့်ပြီး နီမောင် က နောက်ဘက်နားရှိ ကျောက်တုံး
ကြီးတစ်လုံးနံဘေးသို့ ပြေးကပ်ပြီး သေနတ်ကို အဆင်သင့်ဖြစ်ထား
လိုက်သည်။

မကြာမီ ...

ဂူအတွင်းမှ လူဝံနီကြီးလေးကောင် အပြင်သို့ပြန်ထွက်လာ
သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

တစ်ပြိုင်နက်ဖစ်လိုက်သော သေနတ်သံများ ဆူညံစွာ ပေါ်
ထွက်လာလေတော့သည်။

၄၅၀ ဗို့ နစ်လုံးပြူးရိုင်ဖယ်၊

၄၂၃ မော်ဇာမဂ္ဂဇင်း ရိုင်ဖယ်၊

၄၁၆ ရှာဘီမော်ဇာရိုင်ဖယ်၊

၄၇၀ နစ်လုံးပြူးရိုင်ဖယ်

တို့၏ ကျည်တွန်းကန်အားမှ ထွက်လာသော သေနတ်သံများ
မှာဆူညံစွာထွက်ပေါ် လာသည်နှင့် ဂူထဲမှထွက်သော လူဝံနီများမှာ
ဗရိုဖရဲနှင့် အလဲလဲအပြိုပြို ဖြစ်သွားလေသည်။

အချို့မှာလည်း ဂူအတွင်းမှာကတည်းက လက်ပစ်ဗုံးမှန်က
အဆိုရာရလာကြဟန်ရှိပြီး ယခုကဲ့သို့ အင်အားတောင့်တင်းသော
သေနတ်များဖြင့် ထိမှန်လိုက်သောအခါ မဟန်နိုင်တော့ဘဲ လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

ထိုအခွင့်အရေးကို အမိအရယူကာ နီမောင် တို့က ရှေ့သို့ထိုး သွားပြီး ချက်ကောင်းနေရာများကို သေနတ်ဖြင့်ချိန်ပြီး အနီးကပ် ပစ်ချလိုက်လေသောအခါ သတ္တဝါကြီးလေးကောင်မှာ မဟန်နိုင် တော့ဘဲ လဲကျသေဆုံးသွားလေတော့သည်။

ထိုအခါမှ ဂူအတွင်းသို့ဝင်ကြည့်သောအခါ ဂူအတွင်းမှာလည်း လက်ပစ်ဗုံးဒဏ်ကြောင့် လူဝံနီတစ်ကောင် သေဆုံးနေသည်ကို တွေ့ ကြရသည်။

ထိုအထဲမှ လူဝံနီကြီးကိုပါ အပြင်သို့ဆွဲထုတ်လာကြပြီး ထိုလူဝံ နီအလောင်းများကို ကျောက်တောင်စွန်းမှ ချောက်အတွင်းသို့ ပစ်ချ ရန် စီစဉ်နေကြသည်။

ထိုသို့ အလုပ်ရှုပ်နေစဉ်မှာပင် သူတို့အဖွဲ့နှင့်အတူလိုက်လာ သော လူတစ်ယောက်သည် အခြားသူများမရိပ်မိအောင် စမ်းမှ တိတ်တဆိတ်ထွက်ခွာသွားသည်ကိုတော့ ဘယ်သူမှ မမြင်လိုက် ကြပေ။

ထိုလူမှာ အခြားသူ မဟုတ်ပေ။

မြင့်ဆောင် ပင်ဖြစ်သည်။

မြင့်ဆောင်သည် အကြံနှင့်လိုက်လာသူပီပီ အခွင့်အရေးကို စောင့်နေသူဖြစ်သည်။

ယခုအခါ ကျောက်လက်ဝါးတောင်မှ လက်ချောင်းကြီး ညွှန်ပြ





သော ဂူပေါက်ဝကိုလည်းတွေ့ရပြီး အထဲမှာလည်း လူဝံနီများ မရှိ တော့ဟု သိရသောအခါ အဖွဲ့နှင့်ခွဲကာ တစ်ယောက်တည်း ထိုဂူ ပေါက်ဝရှိရာသို့ လာခဲ့ခြင်းဖြစ်သည်။

သူသည် ဆေးဆရာသာဂရနှင့်လိုက်လာစဉ်ကပင် ကျောက် လက်ဝါးတောင်မှ လက်ချောင်းကြီးအရိပ်ကျသောဂူပေါက်ထဲမှာ အင်္ဂလိပ်များ မြှုပ်နှံထားခဲ့သော ရတနာများရှိသည်ကို သိထားပြီး ဖြစ်သောကြောင့် ထိုရတနာများကို တစ်ယောက်တည်းယူ၍ ထွက် ပြေးရန်အကြံနှင့် လာခဲ့ခြင်းဖြစ်သည်။

ထိုဂူရှိရာသို့လည်း စောစောက လရောင်အရိပ်ကျစဉ်က အသေအချာမှတ်ထားသောကြောင့် အလွယ်တကူ ရောက်လာ လေသည်။

အပြင်မှာလင်းနေသော်လည်း ဂူ၏အတွင်းပိုင်းမှာ မှောင်နေ လေသည်။ သူ့ဆီမှာ လက်နှိပ်ဓာတ်မီးတစ်လက် အဆင်သင့်ပါလာ သောကြောင့် ဂူအတွင်းပိုင်းသို့ လှမ်းထိုးကြည့်လိုက်တော့ ဂူမှာ အတော်အတန်ရှည်လျားဟန်ရှိပြီးအတွင်းလမ်းတစ်လျှောက်မှာ ဘာမှမတွေ့ရပေ။

"အင်း ... ဟိုအဖွဲ့ဆော်ထည့်လိုက်တာ လူဝံနီတွေတော့ ကုန် လောက်ပြီထင်တယ်"

မြင့်ဆောင် သဘောကျစွာတွေးလိုက်မိသည်။

သူ့ဆီမှာ ကိုင်နေကျသေနတ်တစ်လက်ပါလာသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကိုအားပြုပြီး ဂူအတွင်းပိုင်းသို့ ဝင်လာခဲ့သည်။ ဂူမှာ အတွင်းပိုင်းရောင်လာလေလေ ပိုကျယ်လာလေလေဖြစ်ပြီး မြေပေါ်မှာလည်း လှုံ့နီခြေရာများကိုတွေ့ရလေသည်။ ယခင်က ထိုဂူထဲမှာ လှုံ့နီများနေခဲ့သောကြောင့် ထိုခြေရာများရှိနေသည်ဟု ထင်လိုက်ပါသည်။

အတွင်းပိုင်းတစ်နေရာသို့ရောက်သောအခါ အရိုးစုဘဝရောက်နေသော လှုံ့နီနှစ်ကောင်ကို တွေ့ရလေသည်။

ထိုအရိုးစုများကို လူသေအလောင်းများတင်ထားသကဲ့သို့ ကျောက်ခုံများပေါ်မှာ တင်ထားလေသည်။

"လှုံ့နီတွေဟာ ဆင်တွေလိုပဲ သုံ့တို့သချိုင်းမှာ ပြန်သေကြသလားမသိဘူး"

ထိုအလောင်းများကို ကျော်ဝင်လာသောအခါ မီးရောင်အောက်တွင် ထူးဆန်းသောသတ္တဝါကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရသဖြင့် ထိတ်လန့်သွားလေသည်။

လက်ထဲမှာကိုင်ထားသောသေနတ်ကိုလည်း ကမျာကယာ ပြင်လိုက်လေသည်။

ရှေ့မှာမြင်နေရသောသတ္တဝါကြီးမှာ အခြားမဟုတ်ပေ။ လှုံ့ကြီးတစ်ကောင်ပင်ဖြစ်၏။

အတန်ကြာသည်အထိ မီးရောင်ဖြင့်ထိုးကြည့်နေသော်လည်း လှုံ့ကြီးက မလှုပ်ပေ။





သို့ကြောင့် ...

သံသယရှိလာသဖြင့် အနီးသို့တိုးသွားလေသည်။ ထိုအခါမှ သဘောပေါက်လေတော့သည်။ မြင်နေရသောလှုံ့ကြီးမှာ သက်ရှိလှုံ့တစ်ကောင်မဟုတ်ဘဲ ကျောက်တုံးကို လှုံ့သဏ္ဌာန်ထုထားသောအရုပ်ကြီးပင်ဖြစ်၏။

"ဟူး တော်ပါသေးရဲ့၊ ငါက တကယ့်သက်ရှိလှုံ့တစ်ကောင်မှတ်ပြီး လန့်သွားတာပဲ"

ဟုတွေးကာ အနီးသို့ကပ်၍ကြည့်သောအခါ ထိုကျောက်ရုပ်သဏ္ဌာန်လှုံ့ကြီးမှာ သက်ရှိလှုံ့တွေထက်ပင် ပိုကြီးနေပြီး ရေညှိများကပ်နေသောကြောင့် အစိမ်းရောင်လှုံ့ကြီးသဖွယ်ဖြစ်နေတော့သည်။

ထိုလှုံ့ကြီးနောက်ဘက်ကို မီးရောင်ဖြင့်ထိုးကြည့်လိုက်တော့ ဂူနံရံများကသာတွေ့ရပြီး လမ်းမရှိတော့ပေ။

"ဟင် ... အထဲသွားဖို့ လမ်းလည်းမရှိတော့ဘူး။ ဟိုဆေးဆရာပြောသွားတဲ့ ဒီဂူထဲမှာ ရတနာတွေရှိတယ်ဆိုတာ ဘယ်နေရာမှာရှိတာပါလိမ့်၊ ဟုတ်ရောဟုတ်ရဲ့လားမသိပါဘူး။ 'သိုက်စာဖတ်ရာနားထောင်ပါ၊ ဥစ္စာရနိုးနိုး။ ဆေးစာဖတ်ရာနားထောင်ပါ ရောဂါပျောက်နိုးနိုး' ဆိုတဲ့စကားလို ငါတော့ ဆေးဆရာပြောတာကို မဟုတ်တာကို အဟုတ်မှတ်နေရော့သလားမသိဘူး"

ဟု တစ်ယောက်တည်းတွေးရင်း ထိုလှုံ့ရုပ်ကြီးအား ပတ်



www.burmeseclassic.com

www.burmeseclassic.com



တော်လည်နေရာများကို လိုက်ကြည့်သော် ဘာမှ အခြေအနေထ မထူးခြားပေ။

ထိုသို့လိုက်ကြည့်နေစဉ် ဂူနံရံတစ်နေရာတွင် ကျောက်သား ပေါ်မှာထွင်းထားသောစာအချို့ကို တွေ့ရသည်။

စာများမှာ ကျောက်သားပေါ်မှာထွင်းထားသောကြောင့် မညီ မညာနှင့် အကြွအစိတ် အကွာအဝေးကလည်း မညီပေ။

ထွင်းထုထားတာကြာပြီဖြစ်သောကြောင့် ဖုန်များတက်နေ သောကြောင့် ဖုန်များကိုသုတ်သင်ပြီး မီးရောင်ဖြင့်ထိုးကာ ဖတ် ကြည့်လိုက်သောအခါ အောက်ပါအတိုင်းတွေ့ရလေသည်။

လူဆိုတာ ဝန်တိုတတ်တယ်
ရင်ကိုခွဲကြည့်ရင် ရတာတွေမလို
မလိုတာတွေနဲ့ နာသာခံစက်ရှိကြတယ်
ညဏ်ရှိသလိုသာ စဉ်းစားယူပေါ့
ဘုရားတစ်ဝက်လူ့ လူတစ်ဝက်စား
အပယ်မလားဘူး။

ဟူသော စာသားများဖြစ်လေသည်။

မြင့်ဆောင်မှာ စာကို သေစာရှင်စာလောက်သာဖတ်တတ်သူမို့ ထိုစာများကိုဖတ်ပြီး အဓိပ္ပာယ်ကိုနားမလည်ပေ။





အကြိမ်ကြိမ်ထပ်ဖတ်ကြည့်သော်လည်း သံဝေဂလက်ာလိုလို တရားစာလိုလို ထင်မှတ်နေမိသည်။

သို့ကြောင့် ...

စိတ်ပျက်လက်ပျက်နှင့် ဂူအတွင်းမှပြန်ထွက်ရန်မြင်လိုက်သည် နှင့် သူ့ကိုယ်ပေါ်သို့ အရိပ်မည်းကြီးတစ်ခု ကျလာလေတော့သည်။

"ဟင် ..."

အလန့်တကြားလှမ်းကြည့်လိုက်တော့ အပြင်ဘက်မှအတွင်း သို့ တစ်လှမ်းချင်းဝင်လာကြသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်း မြင်လိုက်ရလေသည်။ သူ့လက်နှိပ်မီးဖြင့် လှမ်းထိုးလိုက်သောအခါ ကြောက်မက်ဖွယ်ရာမျက်နှာသွင်ပြင်နှင့် လူဝံနီကြီးတမ်ကောင်ကို လှမ်းမြင်လိုက်ရသဖြင့် လက်နှိပ်ဓာတ်မီးကိုဆေးချပြီး သေနတ်ကို ကောက်ကိုင်လိုက်သည်။ မြင့်ဆောင်အတွက် ထွက်ပေါက် မရှိ တော့ပေ။

ဂူလမ်းတစ်ချောက်လုံး လူဝံနီကြီးက ပိတ်ထားသလိုဖြစ်နေ တော့သည်။

မထူးတော့ပြီမို့ သေနတ်မောင်းကိုဆွဲတင်ပြီး လှမ်းပစ်သည်။ သေနတ်သံက ဂူအတွင်းမှာ ဟိန်းထွက်သွားသည်။ သေနတ်ကျည် ဆန်က လူဝံကြီးကို ထိဟန်ရှိသည်။ နောက်သို့ အနည်းငယ်ယိုင် သွားသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



လဲကျမသွားပေ။

မောင်းတင်ပြီး နောက်တစ်ချက်ထပ်ပစ်သည်။

စောစောကလိုပင် နောက်သို့ အနည်းငယ်ယိုင်ရုံသာယိုင်သွားပြီး ရှေ့သို့တိုးမြဲတိုးလာလေသည်။

မြင့်ဆောင်က နောက်တစ်ချက်ထပ်ပစ်တော့ သေနတ်ထဲမှာ ကျည်ဆန်မရှိတော့ပေ။

"ချောက် ချောက် ချောက်"

ထိုအချိန်မှာပင် လူဝံကြီးက အနီးသို့ရောက်လာပြီး သူ့လက်ထဲမှသေနတ်ကို ဆွဲယူပြီး နံရံနှင့်ရိုက်ချိုးလိုက်သည်။

"ဖြောင်း"

မြင့်ဆောင် ကြံရာမရတော့ဘဲ အပြင်သို့ပြေးထွက်ရန် ကြံလေသည်။ ဒါကိုရိပ်မိသောလူဝံကြီးက သူ့ကို ထွက်ပေါက်မပေးတော့ပေ။ လိုက်ဖမ်းလေသည်။

မြင့်ဆောင် က လူဝံရုပ်ကြီးကို ပတ်ပြေးရန်ကြံလေသည်။ ထိုသို့ပြေးရန်ပြင်လိုက်စဉ်မှာပင် အမှောင်ထဲမှ သူ့ခြေထောက်ကို တစ်စုံတစ်ခုက ဖမ်းဆွဲလိုက်သကဲ့သို့ဖြစ်ကာ ဘိုင်းခနဲပစ်လဲကျသွားတော့သည်။

အမှန်တော့ သူ့ခြေထောက်တစ်ဖက်မှာ လူဝံရုပ်ကြီး၏ ခြေထောက်တစ်ဖက်ကြားထဲသို့ ညပ်သွားကာ ကျသွားခြင်းပင် ဖြစ်၏။ ထိုအခိုက်မှာပင် ဒဏ်ရာရထားသောလူဝံနီကြီးက အနီးသို့





ရောက်လာပြီး သူ့ကို ဆွဲယူလိုက်ကာ ကျယ်လောင်စွာ ဟစ်အော်လိုက်သည်။

ထို့နောက် ...

မြင့်ဆောင် ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ ဇက်ကို ချိုးလိုက်လေတော့သည်။

"အား ..."

ထိုအော်သံကိုတော့ အပြင်ဘက်မှ ဘယ်လိုမှမကြားနိုင်ကြတော့ပေ။

✳✳✳✳✳

www.burmeseclassic.com



အခန်း (၁၅)

## လူဝံနီတို့ရဲ့ လျှို့ဝှက်သချိုင်း

နီမောင်တို့တစ်တွေမှာ လူဝံနီများ၏အလောင်းများကို ချောက်ထဲပစ်ကြပြီး ဝှမှာသင် မီးပုံများဖိုကာ နားနေကြရလေသည်။ မိမိတို့အဖွဲ့သားများကို စစ်ကြည့်သောအခါ မြင့်ဆောင် ပျောက်နေသောကြောင့် အနီးဝန်းကျင်သို့ လိုက်ရှာကြသောအခါ မတွေ့ရသဖြင့် တစ်နေရာမှာ အန္တရာယ်နှင့်တွေ့နေပြီလားဟု စိတ်ပူနေမိကြသည်။

ထိုအခါ ဦးလူဆိုင် က ...

"သူ ဒီနေရာတစ်ဝိုက်မှာရှိတော့မယ်မထင်ဘူး။ ကျောက်လက်ဝါးတောင်တစ်နေရာမှာရှိတဲ့ လူဝံဝှထဲကို အရင်သွားနှင့်ရောပေါ့"

ဟု ပြောသည်။

"ဟင် ... အဘက ဘယ်လိုသိတာလဲ"





"ကျုပ် ဒီသူငယ်ကို ကောင်းကောင်းသိပါတယ်၊ သူက ဆင်ာင်ရွှာကပါ။ ကဝေမြောင်နဲ့ ဆင်တောင်က ဝေးလှတာမှမဟုတ်ာ"

"ဪ ... ဒါကြောင့်ကိုး ..."

"သူက ဒီအဖွဲ့နဲ့လိုက်လာတာ သူ့မှာ အကြံရှိပါတယ်"

"ဘယ်လိုအကြံလဲ အဘ"

"ဒီကျောက်လက်ဝါးတောင်မှာ အင်္ဂလိပ်တွေလက်ထက်က ပ်ထားခဲ့တဲ့ ရတနာတွေရှိတယ်ဆိုတာ သူ သိပုံရတယ်၊ ဒါကြောင့် ကိုလိုက်လာရင် သူ့အတွက် အန္တရာယ်များမယ်ဆိုတာ သိရက်နဲ့ ခင်လိုက်လာတာပါ"

ဦးလူဆိုင် က ထိုသို့ပြောသောအခါ အားလုံးက အံ့ဩနေလေသည်။

"ဒါဖြင့် ကျောက်လက်ဝါးတောင်မှာ အင်္ဂလိပ်တွေလက်ထက် မြှုပ်ခဲ့တဲ့ရတနာတွေရှိတယ်ဆိုတာ အမှန်ပဲပေါ့"

"ကျုပ် သိရသလောက်တော့ အဲဒီသတင်းက အမှန်ဖြစ်မှာပါ"

"ဒီလောက်ကြာမှဆိုတော့ ဟုတ်တယ်ဆိုရင်တောင်မှ တခြားတွေ ယူသွားလောက်ရောပေါ့ အဘရယ်"

"မယူနိုင်လောက်သေးဘူးနဲ့တူတယ်"

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ အဘ"

"မောင်ရင်တို့မြင်တဲ့အတိုင်းပဲလေ၊ ဒီဝှထဲမှာ လူဝံနီတွေရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်သူက ဝင်ဝံ့မှာလဲ၊ ဂူထဲဝင်ဖို့ခြေကြာနဲ့ ဒီနယ်တစ်ဝိုက်ကြီး
တော့ ဘယ်သူမှ မလာဝံ့ကြပါဘူး”

“ဒါဖြင့် အဲဒီဂူရှိတဲ့နေရာကို အဘ သိတယ်ပေါ့”

ဦးလူဆိုင် က ခေါင်းညိတ်ပြသည်။

“ဒါဖြင့် သွားကြရအောင်”

“အခု သွားလို့မသင့်သေးဘူး။ မနက်ဖြန်နေမွန်းတည့်ချိန်လော
မှသွားမှရမယ်”

“ဘာကြောင့်လဲ အဘ”

“အဲဒါမှ ဘယ်ဂူပေါက်ဝကိုဝင်ရမယ်ဆိုတာ အတပ်သိနိုင်မယ်”

“တကယ်လို့ ရတနာတွေရှိတယ်ဆိုရင်တောင်မှ မြင့်ဆော
က အရင်သွားနှင့်ပြီဆိုတော့ သူက အရင်ယူသွားရင် မခက်ပေ
လား”

နီမောင်က စိတ်ပူစွာပြောလိုက်သည်။

“စိတ်မပူပါနဲ့ သူလို အရည်အချင်းမျိုးနဲ့ တကယ်လို့ ရတ
တွေရှိနေရင်တောင်မှ သူ ရှာမတွေ့နိုင်ပါဘူး”

ဟု ဦးလူဆိုင် က စိတ်အေးလက်အေး ပြောလေသည်။

သို့ကြောင့် ...

ထိုနေ့ညတွင် ဘယ်သူမှ ကောင်းစွာမအိပ်ကြတော့ဘဲ မီး
ရင်း စကားပြောရင်းနှင့်ပင် အချိန်ကုန်ကြလေသည်။

နံနက်လင်းခါနီးသောအခါ သူတို့ စခန်းချနေသောနေရာ





အတန်ငယ်ဝေးသောနေရာဆီမှ သေနတ်သံများ ကြားရလေသည်။

“ဟင် ... ဘယ်ကပစ်တဲ့သေနတ်သံတွေပါလိမ့်”

“ဒီတောထဲမှာ သေနတ်ကိုင်နိုင်တာ တောအုပ် တောခေါင်း
တွေနဲ့ စစ်ဆင်ရေးသွားတဲ့အဖွဲ့ တွေပဲရှိမယ်”

“အမဲလိုက်မုဆိုးတွေပစ်တဲ့ သေနတ်သံရော မဖြစ်နိုင်ဘူးလား”

“ဘာပဲဖြစ်ဖြစ် ဒီသေနတ်သံဟာ သိပ်မဝေးလှဘူး။ တို့တစ်တွေ
သတိတော့ထားရလိမ့်မယ်”

ဟု ပြောဆိုကာ နံနက်ပိုင်းတစ်ချိန်လုံး ထိုဂူပေါက်ဝနားမှာပင်
နက်ပြုတ်စားသောက်ကြပြီး အတော်ကလေးနေမြင့်လာသောအခါ
မှ စခန်းအားလုံးသိမ်းကာ ထိုနေရာမှထွက်ခဲ့ကြသည်။ ကျောက်
သက်ဝါးတောင်တစ်နေရာရောက်သောအခါ နေမွန်းမတည့်သေး
သောကြောင့် စောင့်စောင့်ကြရသည်။

ထိုသို့စောင့်နေကာမှ ဆီးနှင်းများက ကျလာသောကြောင့်
နေရောင်ခြည်ကို မမြင်ရအောင် ဖြစ်နေကြရသည်။

“သြော် ...ဒီအချိန်ကျမှပဲ နှင်းတွေက ကျလိုက်တာ၊ မွန်းတည့်
သို့မှ နေရောင်ခြည်မမြင်ရရင်တော့ အခက်ပါပဲ”

ဟု ဦးလူဆိုင်က စိတ်ပူစွာပြောလိုက်လေသည်။ ထိုသို့ပြောနေ
နေစဉ်မှာပင် မွန်းတည့်ချိန်နီးသောအခါ ဆီးနှင်းများကျဲသွားပြီး နေ
ရောင်ခြည်ကလေး လင်းစပြုလာသည်။ မွန်းတည့်ချိန်ရောက်သော
အခါ နှင်းများ လုံးဝကင်းသွားပြီး တိမ်တိုက်များကြားမှ နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြည်က ထိုးဆင်းလာသည်။ ထိုသို့ကျလာသောနေရောင်ခြည်သည် တောင်ပေါ်မှကျောက်လက်ဝါးကြီးပေါ်သို့ ထိုးကျလာလေရာ ရှေ့ လက်ကြီး၏ လက်အလယ်မှထိုးကျလာသောအရိပ်များသည် ရှေ့ တစ်ဂူ၏အဝသို့ ထိုးကျနေလေတော့သည်။

ထိုနေရာတစ်ဝိုက်တွင် အခြားဂူပေါက်များလည်း ရှိပေသည်။

"အဲဒါ လှုဝံဂူပဲ၊ သွားကြစို့"

ဟု ပြောသဖြင့် အားလုံး သေနတ်များကို အဆင်သင့်ပြင်ပြီး ထိုဂူရှိရာသို့ ထိုးဆင်းသွားကြသည်။

သူတို့ရောက်သွားသည့်အချိန်မှာပင် နေရောင်ခြည်က သစ်ပင် ထိပ်ဖျားတစ်ခုဖြင့် ကွယ်သွားသောကြောင့် နေရောင်ခြည် ပြ ပျောက်သွားလေ၏။

နေရောင်ခြည်ကြောင့် လက်အရိပ်ပေါ်လာသောအချိန်မှာ မိနစ်ပိုင်းအချိန်မျှသာရှိသည်။

ဂူပေါက်ဝရောက်သောအခါ သူတို့လူများထဲမှ အချို့ကို သေနတ် များပေးထား၍ အစောင့်ခိုင်းပြီး အချို့က ဂူအတွင်းသို့ ဝင်ခဲ့ကြလေ သည်။

ဂူအတွင်းသို့ရောက်သောအခါ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေ ဆုံးနေသော မြင့်ဆောင် အလောင်းကို အရင်တွေ့ရပြီး အထဲ ဆက်ဝင်သွားသောအခါ လှုဝံရုပ်ကြီးအနီးတွင် လဲကျသေဆုံး သော လှုဝံနီကြီးတစ်ကောင်ကို တွေ့ကြရသည်။





"အင်း ... မြင့်ဆောင်တော့ လှုဝံနီကြီးလက်ချက်နဲ့သေတာ ဖြစ်မယ်။ ဟိုလှုဝံကြီးကလဲ သူ့ သေနတ်နဲ့ပစ်လို့ သေတာဖြစ်နိုင် တယ်"

ဟု အမျိုးမျိုး ပြောနေကြသည်။

နေ့အခါဖြစ်သောကြောင့် ဂူထဲမှာ အလင်းရောင် အတန်အသင့် ရှိနေသောကြောင့် လက်ရာမြောက်လှသော လှုဝံရုပ်ကြီးကို ကြည့် ပြီး တအံ့တသြဖြစ်နေကြလေသည်။

ထိုအချိန်မှာ နီမောင် က ဂူအတွင်းမှစာများကို စိတ်ဝင်တစား ဖြင့် မီးရောင်ဖြင့်ထိုးကာ ဖတ်ကြည့်နေလေသည်။

"လူဆိုတာ ဝန်တိုတတ်တယ်
ရင်ကိုခွဲကြည့်ရင် ရတာတွေရှိသလို
မလိုတာတွေနဲ့ နာသာခံခက်ရှိကြတယ်
ညဏ်ရှိသလိုသာ စဉ်းစားယူပေါ့
ဘုရားတစ်ဆူလက်လှူ လူတစ်ဝက်စား
အပယ်မလားဘူး"

ဟူသော စာများပင်ဖြစ်ပေသည်။

ဦးဇန်ကောင်းကလည်း အနားရောက်လာပြီး ထိုစာများကို စိတ်ဝင်စားစွာဖတ်ကြည့်နေသည်။

ထိုအချိန်မှာပင် သူတို့အနီးသို့ ဦးလူဆိုင် ရောက်လာသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာတွေရဲ့ အဓိပ္ပာယ်က ဘာတွေလဲ အဘ"

ဟု နီမောင် က မေးလိုက်သည်။

"အဲဒါတော့ ကျုပ် မသိပါဘူး။ ရတနာပစ္စည်းတွေကို အင်္ဂလိ
တွေသယ်လာတုန်းက ကျုပ် ဒီနေရာကို ပါလာခဲ့တယ်၊ အင်္ဂလိ
တွေက အတင်းခေါ်လာပြီး ပစ္စည်းတွေထမ်းခိုင်းတာဆိုပါတော့
ဒီဂူထဲကို ပစ္စည်းတွေလဲသွင်းပေးပြီးရော အထမ်းသမားတွေအား
ကို သေနတ်နဲ့ပစ်သတ်ပြီးတော့ ချောက်ထဲပစ်ချကြတယ်၊ ကျုပ်
တော့ ကံကောင်းလို့ ပခုံးကိုသာမှန်ပြီး အသက်မသေခဲ့ဘူး"

ဟု ဦးလှဆိုင် က ပြောပြသည်။

"ဒါဖြင့် ဒီဂူထဲမှာ ရတနာတွေထားတဲ့နေရာနဲ့ ဒီလှုဝံရုပ်ကြီး
ဘယ်သူ ထုခဲ့တယ်ဆိုတာ အဘ မသိဘူးပေါ့"

ဦးလှဆိုင် က ခေါင်းခါပြရင်း 'မသိပါဘူးကွယ်' ဟု ပြောသည်

ထို့နောက် ...

နီမောင်တို့တစ်တွေသည် နံရံမှစာများကို အထပ်ထပ်ဖတ်
ရင်းမှပင် ထူးခြားသောစာလုံးများကို သတိပြုမိလာသည်။ ထို
လုံးများမှာ အခြားစာလုံးများဖြင့် အနည်းငယ်ချဲ၍ ရေးထားခြင်း
၏။

သို့ကြောင့် ...

စာပိုဒ်တွင် အရေးမကြီးသောစာလုံးများကို သတိထား၍ ဖ
လိုက်သောအခါ အောက်ပါအဓိပ္ပာယ်ပေါ် လာလေတော့သည်။





"လှု ဆိုတာ ဝန့် တိုတက်တယ်
ရင်ကိုခွဲကြည့်ရင် ရတာတွေမလို
မလိုတာတွေနဲ့ နာ သာခံကော်ရှိကြမယ်
ညာဏ်ရှိသလိုသာ စဉ်းစားယူပေါ့
ဘုရားကို တစ်ဝက်လှူ လူက တစ်ဝက်စား
အပယ်မလားဘူး"

ထိုစာသားများကို မလိုတာများဖျက်ပစ်ပြီး ရေးချကြည့်သော
အခါ အောက်ပါအတိုင်း တွေ့ရသည်။

(လှုဝံရင်ကိုခွဲ ရတနာတွေရှိတယ်
ဘုရားတစ်ဝက်လှူ လူတစ်ဝက်စားပါ)

ဟူ၍ ဖြစ်တော့သည်။

"ဟုတ်ပြီ၊ ဒီစာအတိုင်းဆိုရင် အင်္ဂလိပ်တွေမြှုပ်ခဲ့တဲ့ ရတနာ
တွေဟာ ဒီလှုဝံရုပ်ကြီးရဲ့ ရင်ဘတ်ထဲမှာရှိနိုင်တယ်၊ ခွဲကြည့်ကြရ
အောင်"

ဟု ပြောဆိုကာ လှုဝံကြီး၏ရင်ဘတ်တစ်ဝိုက်တွင် လိုက်လံ
ကြည့်သောအခါမှ အံဝှက်တစ်ခုကိုတွေ့ရပြီး ထိုအံဝှက်ကို ဖတ်၍
ကြည့်လိုက်တော့မှ အထဲမှာ ရွှေငွေရတနာများကို တွေ့ကြရလေ
တော့သည်။

သူတို့သည် ဝမ်းသာအားရဖြင့် ထိုရတနာများကို အပြင်ထုတ်
ကြည့်သောအခါ အတော်များများမှာ လက်ဝတ်ရတနာများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"အင်း ... တို့နဲ့ထိုက်လို့ တို့ ရတာပဲ၊ တခြားနေရာတွေထဲ သေသေချာချာ ကြည့်ကြပါဦး"

ဟု ပြောသဖြင့် လှုဝ်ရုပ်တုကြီး၏နေရာအနှံ့ လိုက်လံရှာဖွေ ကြည့်သောအခါ နောက်ဘက်ကျောက်တုံးနေရာတွင် နောက်ထပ် အံဝှက်တစ်ခုကို တွေ့ရပြန်သည်။

ထိုအထဲမှာတော့ ဗုံးများ၊ လက်ပစ်ဗုံးများနှင့် ပေါက်ကွဲစေနိုင် သော လက်နက်ပစ္စည်းမျိုးစုံကို တွေ့ကြရသည်။

"အင်္ဂလိပ်တွေက သူတို့ ထွက်ပြေးကြတော့ လက်နက်တွေ ရော၊ ရတနာပစ္စည်းတွေရော ဒီဝှထဲမှာ ထည့်ထားခဲ့တာဖြစ်မယ် နောက် အေးအေးဆေးဆေးရောက်မှ လာယူဖို့ အစီအစဉ်ရှိပုံရတယ်"

"ဘာပဲဖြစ်ဖြစ် ရတနာပစ္စည်းတွေရော၊ လက်နက်တွေရော ရလိုက်တာ တို့အတွက် ကံကောင်းတာပေါ့"

ဟု ပြောဆိုနေကြစဉ်မှာပင် အပြင်ဘက်မှ သေနတ်သံများ ဆူညံစွာ ကြားလိုက်ရလေသည်။

သေနတ်သံများက မိမိတို့ဂူဝဘက်မှရော အခြားတစ်နေရာမှ ကပါ အဆက်မပြတ် ကြားနေရသည်။

ခဏကြာတော့ အပြင်ဘက်မှတစ်ယောက် အထဲသို့ဝင်လာ သည်။

"ဘာဖြစ်တာလဲဟေ့"





"ဂျပန်တွေလိုက်လာပြီ ဆရာကြီး၊ သူတို့က ဂူပေါက်ဝကို ဝိုင်း ထားပြီ၊ သူတို့က စ,ပစ်လို့ ကျွန်တော်တို့က ပြန်ပစ်ရတာ"

"အင်း ... ငါထင်တဲ့အတိုင်းတော့ မှန်နေပြီ ဒီဂျပန်တွေ သုတေ သနလုပ်ငန်းကိုအကြောင်းပြပြီးတော့ ရတနာတွေ လိုက်ရှာနေတာ ဖြစ်မယ်"

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"တို့နိုင်ငံက ရတနာပစ္စည်းတွေကိုတော့ သူတို့လက်ထဲ ဘယ် နည်းနဲ့မှ အပါမခံနိုင်ဘူး၊ သူတို့က မိတ်ဆွေလိုမဆက်ဆံရင် အနားကို အကပ်မခံနဲ့ ပြန်သာခေါက်ကွာ"

ဟု ပြောလိုက်သောအခါ ထိုလူက ပြန်ထွက်သွားသည်။ အပြင် ဘက်မှာတော့ သေနတ်သံများ၊ အော်ဟစ်သံများက ဆူညံလျက် ရှိနေသည်။

"ဘယ်လိုလုပ်မလဲ နီမောင်၊ ဒီကောင်တွေကတော့ တို့ကို အလွတ်ပေးချင်မယ်မထင်ဘူး၊ ဒီရနာတွေကိုယူပြီး တို့တစ်တွေကို ရှင်းပစ်ချင်တဲ့သဘောပဲ"

"ဒီတော့လဲ သူသေကိုယ်သေ ဆော်ကြပေါ့ အဘရာ"

ထိုသို့ပြောဆိုပြီး ရတနာပစ္စည်းများကို ကျော်ပိုးအိတ်တစ်လုံး ထဲသို့ စုထည့်ကာ ထိပ်မှပိတ်ချည်လိုက်သည်။

ထိုအခိုက်မှာပင် ဂူပေါက်ဝဘက်ဆီမှ လေထင်ချာလက်နက်များ ဖြင့်ပစ်ခတ်ရာမှ ပေါ်ထွက်လာသော ပေါက်ကွဲသံမျိုး ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"ဒီကောင်တွေမှာ အဝေးပစ်လက်နက်ကြီးတွေ ပါလာပုံရတယ်၊ ဘယ်လိုလုပ်မလဲ"

"တတ်နိုင်သမျှတော့ ခံပစ်ကြည့်သေးတာပေါ့၊ မရတော့မှ တစ်မျိုးကြံမယ်"

ဂူပေါက်ဝဘက်မှာ ပေါက်ကွဲသံများ အဆက်မပြတ် ကြားလာရသည်။ ခဏကြာတော့ အပြင်မှလူများ အတွင်းသို့ပြေးဝင်လာကြသည်။

"ဆရာ သူတို့က လောင်ချာတွေနဲ့ ဆော်နေကြတာ၊ ကြာရင်ခံနိုင်မယ်မထင်ဘူး"

အဝင်ဝဘက်မှ ပြေးဝင်လာသူများထဲမှာ ဦးလူဆိုင်နှင့် စောရှုတို့မြေးအဘိုးလည်းပါလာကြသည်။

"ကျုပ် မှတ်မိတာ တစ်ခုရှိတယ်၊ ရတနာတွေ လာထားစဉ်တုန်းက ဒီဂူထဲမှာ အခြားကိုထွက်တဲ့ ထွက်ပေါက်တစ်ပေါက် ရှိတယ်ဆိုလားပဲ၊ ရှာကြည့်ပါလား"

ဟု ပြောသဖြင့် ဂူအတွင်းဘက်မှ အပေါက်ဖြစ်နိုင်သောနေရာမှန်သမျှကို လိုက်လံကြည့်ရှုနေကြသည်။ ထိုအချိန်မှာ အပြင်ဘက်မှ ပစ်ခတ်သံများကလည်း နီးသည်ထက်ပိုနီးလာသည်။

ဂူပေါက်ဝမှာ ပေါက်ကွဲသံများ အဆက်မပြတ်ကြားနေရပြီး ဂူတစ်ခုလုံးမှာလည်း သိမ့်သိမ့်တုန်နေတော့သည်။





ခဏကြာတော့ အော်ဟစ်ဆူညံသံများကြားရပြီး လောင်ချာများက အထဲသို့ဝင်လာရာ ကျောက်တုံးကျောက်ခဲများကြားမှာ နေရာယူထားကြရလေသည်။

ဂျပန်များကလည်း ဂူအတွင်းသို့တော့ အရမ်းမဝင်သဲကြသေး၊ ဝင် လာသည်နှင့်အတွင်းမှပစ်လိုက်သောကျည်ဆန်များက ပစ်မလွဲဖြစ် နေသောကြောင့် ဝင်လာသူမှန်သမျှ ကျည်ဆန်ထိပြီး လဲကျသွား လေတော့သည်။

သို့ကြောင့် ...

အတွင်းသို့မဝင်တော့ဘဲ အပြင်ဘက်မှ လောင်ချာကျည်ဆန်များဖြင့် တစ်လုံးပြီးတစ်လုံး ပစ်သွင်းနေရာ ဂူထဲရှိကျောက်တုံးကျောက်ခဲများကို တဝုန်းဝုန်းထိမှန်ပြီး မီးခိုးလုံးများလည်း မှောင်နေတော့သည်။

နီမောင်တို့တစ်တွေမှာ ကျောက်တုံးကျောက်ခဲများနောက်မှာသော်လည်းကောင်း၊ လှုဏ်ချပ်ကြီးနောက်မှ သော်လည်းကောင်း ဝပ်နေကြရှာသာ သက်သာရာရနေကြခြင်းဖြစ်၏။

ထိုသို့ဝပ်နေရင်းမှပင် ဂူထဲဝင်လာသောရန်သူမှန်သမျှကို မလွတ်တမ်းပစ်ချနိုင်သဖြင့် ရန်သူများကလည်း အတွင်းသို့မဝင်ရဲဘဲ အပြင်မှလက်နက်ကြီးများဖြင့် ပစ်နေကြသည်။

ခဏကြာတော့ ဂူနေရာအနှံ့အပြားမှာ မီးတောက်များ ထလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ အဘ၊ ကြာရင် လွယ်ပါ့မလား"

"မတတ်နိုင်ဘူး၊ မသေခင်တော့ ခံရုံရမှာပဲ၊ အပေါက်လိုက်ရှာနေကြတာလဲ မတွေ့သေးဘူးထင်တယ်"

"ဦးလှဆိုင်က အထင်နဲ့ပြောတာဆိုတော့ ဟုတ်ချင်မှဟုတ်မယ်၊ အခုအထိတော့ ဘယ်နေရာမှမတွေ့သေးဘူး"

ထိုသို့ပြောနေစဉ် အပြင်မှဝင်လာသောလောင်ချာကျည်ဆန်ဖြစ်ရက လှဝံရုပ်ကြီးကို လာရောက်ထိမှန်လေရာ အရုပ်ကြီးက လှုပ်သွားတော့သည်။

"ဟင် ... ဒီကျောက်ရုပ်ကြီးက လှုပ်နေပါလား၊ ဝိုင်းတွန်းကြည့်ရအောင်"

ဟု ပြောကာ လူအင်အားနှင့် ဝိုင်းတွန်းသောအခါ တဖြည်းဖြည်းနှင့် လှုပ်လာသည်၊ ဆက်တွန်းကြည့်သောအခါ ဘေးသို့ရွေ့သွားသည်၊

သို့ကြောင့် ...

အားရှိလာပြီး ကြိုးစား၍ဆက်တွန်းကြည့်သောအခါ ဘေးသို့ အတော်ရွေ့သွားသောအခါ အောက်ဘက်မှ အပေါက်ကြီးကို တွေ့ကြရသည်။

"ဦးလှဆိုင် ပြောတာ မှန်တယ်ဗျာ၊ ဒီမှာ အောက်ကိုဆင်းတဲ့ အပေါက်ကြီးကို တွေ့ရပြီ"

ဟု ဦးဗန်ကောင်း က ဝမ်းသာအားရ အော်ပြောသည်။ မီးဖြင့်





ထိုးကြည့်သောအခါ အောက်ဘက်သို့ဆင်းသော ကျောက်လှေကားအထစ်များကို တွေ့ရသည်၊

သို့ဖြင့် မိမိတို့လူများကိုခေါ်ပြီး အစီအစဉ်များကို ပြောပြလေသည်။

"ဟော့ ... ဒီမှာတွေ့တဲ့ လက်ပစ်ဗုံးတွေ၊ ဒိုင်းနမိုက်တွေကို ယူတ်ကြ ပြီးရင် ဒီဂူပေါက်ဝတစ်ဝိုက်မှာ ဒိုင်းနမိုက်တွေကို ဆင်ထားခဲ့ကြ၊ ကျန်တာတွေကိုတော့ ထည့်ယူလာခဲ့ကြ"

ဟု ပြောကာ ထိုကျောက်လှေကားများအတိုင်း ,အောက်သို့ဆင်းခဲ့ကြသည်။

ပေ(၂၀)ခန့်အောက်သို့ရောက်သောအခါ မြေပြင်တစ်နေရာသို့ ရောက်သွားသည်၊

အတွင်းမှာ မှောင်နေသောကြောင့် ဘယ်နေရာမျိုးရောက်သွားသည်ကို မသိရသော်လည်း လိုဏ်ခေါင်းတစ်ခုအတွင်း ရောက်နေမှန်းတော့ ခန့်မှန်းမိသည်၊

မလှမ်းမကမ်းနေရာဆီမှ ရေစီးသံကိုလည်း ကြားရသည်၊ မြေပေါ်သို့ မီးရောင်ဖြင့်ထိုးကြည့်လိုက်သောအခါ လက်ဖျံရိုး၊ ခြေမှုံရိုးများကိုတွေ့ရသည်၊

လူအရိုးတော့မဟုတ်ပေ၊

လူအရိုးထက် အလုံးရော အရွယ်အစားပါကြီးသည့်အရိုးများ ဝင်ဖြစ်၏။ နီမောင် က ထိုအရိုးတစ်ချောင်းကို ကောက်ယူပြီး အထို



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်ဖြင့်ပတ်ကာ မီးရှို့လိုက်ရာ ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်သော မီးတုတ်ဖြစ်သွားတော့သည်။

ထိုအခါမှ သူတို့ရောက်နေသောနေရာမှာ တသွင်သွင်စီးနေသော စမ်းချောင်းတစ်ခုနှင့် မဝေးလှသောနေရာတွင် ရောက်နေမှန်း သိရလေသည်။

"အင်း ဟုတ်ပြီ ရေက ထွက်ပေါက်ရှိတဲ့နေရာကို စီးလေ့ရှိတာ ဆိုတော့ ဒီရေစီးကြောင်းအတိုင်း လိုက်သွားရင်တော့ ထွက်ပေါက် ရှိတဲ့နေရာကို ရောက်တော့မှာသေချာတယ်ဟေ့"

"ဒါဖြင့် ရန်သူတွေနောက်က ဆင်းလိုက်မလာခင် အမြန်သွား ကြစို့ရဲ့"

"ဒီလောက်လဲ စိတ်မပူပါနဲ့ကွာ၊ ဒီကောင်တွေ ဂူထဲကို အရမ်း မဝင်ဝံ့ပါဘူး။ တကယ်လို့ဝင်လာလို့ရှိရင်လဲ ဂူထဲရောက်ရင် တို့ ထောင်ခဲ့တဲ့ဗုံးတွေပေါက်ပြီး ဒုက္ခတွေ့မှာပါပဲ"

ဟု ပြောဆိုကာ ချောင်းရိုးအတိုင်း အောက်သို့ဆင်းခဲ့ကြသည်။ လိုဏ်ဂူမှာ အတော်ကျယ်ပြီး တစ်နေရာရောက်သောအခါ အရိုးစု များပုံနေသည်ကိုတွေ့ရသဖြင့် မီးရောင်ဖြင့် အသေအချာကြည့် သောအခါ လူဝံနီများ၏အရိုးစုများဖြစ်သည်ကို အံ့သြဖွယ်ရာတွေ့ရ သည်။

အချို့အရိုးများမှာ တစ်စစီပြုတ်ထွက်နေပြီး အချို့အရိုးများမှာ ပုံစံမပျက်ရှိနေသေးသည်။





"လူဝံနီအရိုးတွေ အများကြီးပါလား"

"ဟုတ်တယ်၊ ဒါ လူဝံနီတွေရဲ့ လျှို့ဝှက်သင်္ချိုင်းပဲ၊ ဆင်တွေ ဟာ သေခါနီးရင် သူတို့သင်္ချိုင်းရှိရာကို မရောက်ရောက်အောင်သွား ကြသလို လူဝံနီတွေလဲ သေတဲ့အခါမှာ သူတို့သင်္ချိုင်းမှာ လာပြီး သေကြပုံရတယ်"

ဟု ပြောဆိုကာ ထိုနေရာမှ ဆက်လက်လျှောက်လာသော အခါ အတန်ကြာသောအခါ ရေများတဝေါဝေါနှင့်စီးကျနေသော ရေတံခွန်ထွက်ပေါက်ရှိရာသို့ ရောက်သွားကြလေတော့သည်။

*****



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

## ရန်ငြိုးရန်ချေ ကျေပါစေတော့

တကယ်တော့ သူတို့ထွက်သွားသော ရေတံခွန်ထွက်ပေါက်မှာ လူဝံဂူဝင်ပေါက်နှင့် မဝေးလှသောနေရာ၌ ရှိပေသည်။ သူတို့သည် ထိုနေရာမှထွက်ပြီး ဂူအဝင်ပေါက်ရှိရာသို့ လျှို့ဝှက်စွာဖြင့် နောက်ဘက်မှ ပြန်တက်သွားကြသည်။ ထိုနေရာသို့ရောက်သောအခါ ဂျပန်များနှင့် လက်နက်ကိုင်ထားသူများက လူဝံဂူပေါက်ဝသို့ သဲကြီးမဲကြီးပစ်ခတ်နေသည်ကို မြင်နေရသည်။

သေနတ်သံများကိုလည်း ဆူညံစွာကြားနေရသည်။

သူတို့သည် လျှို့ဝှက်သောနေရာများမှ စောင့်ဆိုင်းကာ အခြေအနေကို စောင့်ကြည့်နေစဉ်မှာပင် ဂျပန်များခေါင်းဆောင်သောအဖွဲ့သည် သေနတ်များကိုင်ကာ ဂူအတွင်းသို့ ဝင်သွားကြသည်ကို လှမ်းမြင်ရသည်။





ဂူပေါက်ဝမှာ သေနတ်ကိုင်ထားသူ နှစ်ယောက်၊ သုံးယောက်သာ အစောင့်အနေဖြင့် ကျန်ခဲ့လေသည်။

ထိုအခြေအနေကိုမြင်သောအခါ နီမောင် က ဓားပစ်ကျွမ်းကျင်သော ဇော်ဝင်းနှင့် လုံထိုးကောင်းလှသော ခွန်သာတို့ နှစ်ယောက်ကိုခေါ်ပြီး ဂူပေါက်ဝရှိရာသို့ လျှို့ဝှက်စွာသွားကြလေသည်။ ကျောက်တုံးများ၊ သစ်ပင်များကို အကာအကွယ်ယူပြီး ထိုနေရာသို့ ရောက်သောအခါ နီမောင် က ဖျတ်ခနဲခုန်ထွက်သွားပြီး လက်နက်ကိုင်ထားသူတစ်ယောက်ကို ပြေးကန်လိုက်သည်။ ထိုအခြေအနေကို မြင်သောအခါ ကျန်နှစ်ယောက်က သေနတ်များကို ပစ်ခတ်ရန် ပြင်ဆိုက်သည်နှင့် တစ်နေရာစီမှထွက်လာသော ဓားမြှုံတစ်လက်နှင့် ဒုံတစ်ချောင်းတို့က တစ်ယောက်ကို လည်မျိုကိုထိမှန်၍ ကျန်တစ်ယောက်မှာ ကျောသို့ဖောက်ဝင်သွားသောကြောင့် တအံ့တသြ သေကျသွားလေသည်။

နီမောင် ကန်လိုက်သောလူမှာ သေနတ်တခြား လူတခြား ဖြစ်သာ လဲကျသွားပြီး သေနတ်ကို ပြန်ကောက်ရန်ကြိုးစားနေစဉ်မှာ နီမောင်က ဓားကိုဆွဲထုတ်ပြီး လည်ပင်းကို ဖြတ်လိုက်တော့မှ ငြိမ်သွားသွားသည်။

အခြေအနေငြိမ်သွားသောအခါ ကျန်လူများကို လက်ပြ၍ ခေါ်လိုက်ရာ ခဏကြာတော့ ဦးဗန်ကောင်းတို့ ရောက်လာသည်။ ရောက်လာသည်နှင့် ပါလာသောဗုံးနှင့် လက်ပစ်ဗုံးများကို ဂူပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဝနေရာ အတော်များများတွင် ချထားလိုက်ပြီး ဒိုင်းနမိုက်စနက်တံများကို မီးရှို့လိုက်ကြသည်။

"ဒီတစ်ခါတော့ မင်းတို့အလှည့်ပဲပေါ့ကွာ"

ဦးဇန်ကောင်း က ကျေနပ်စွာရေရွတ်လိုက်ပြီး ဂူပေါက်ဝနှင့်မလှမ်းမကမ်းရှိ ကျောက်တုံးများ၊ သစ်ပင်များနောက်မှာ နေရာယူလိုက်ကြသည်။

ထိုအခိုက်မှာပင် ဂူအတွင်းပိုင်းဘက်ဆီမှ ပြင်းထန်သော ပေါက်ကွဲသံများကိုကြားလိုက်ရသည်။

အပြင်မှာစောင့်နေသူများက သေနတ်များကို ဂူပေါက်ဝရှိရာသို့ ချိန်လိုက်ကြသည်။

ဂူအတွင်းပိုင်းမှထွက်လာသောမီးခိုးငွေ့များနှင့်အတူ ဆူညံညံအော်သံများကို ကြားရသည်။

ခဏကြာသောအခါ အပြင်သို့ပြေးထွက်လာသောခြေသံအချို့ကို ကြားလိုက်ရသဖြင့် နီမောင်တို့က ဂူပေါက်ဝတွင်ချထားသော မိုင်းများကိုချိန်ပြီး သေနတ်များဖြင့် ပစ်ခတ်လိုက်ရာ ပေါက်ကွဲမှုများဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း ဝုန်း ဒိုင်း"

ထိုပေါက်ကွဲမှုများကြောင့် ဂူပေါက်ဝမှကျောက်တုံးကျောက်ခဲများပြိုကျလာပြီး ဂူပေါက်ဝ ပိတ်သွားလေတော့သည်။ အတွင်းဘက်မှအသံများလည်း ငြိမ်သက်သွားလေတော့သည်။





"အင်း ... ရှေ့ရောနောက်ရော မိုင်းတွေ၊ ဗုံးတွေ ပေါက်ကွဲတာနဲ့ အထဲကလူတွေတော့ ကိစ္စချောကုန်ပြီထင်တယ်"

ဟု အတန်ကြာအောင် အခြေအနေကို စောင့်ကြည့်ကြသော်ည်း မထူးခြားတော့သဖြင့် အထဲဝင်သွားသူများအားလုံး သေဆုံးသွားပြီဟုသာ ယူဆရန်သာရှိပေတော့သည်။

ထိုအခိုက်မှာပင် သစ်တောထဲမှထွက်လာသောလူများကို မ်းမြင်လိုက်ရသဖြင့် ကြည့်လိုက်သောအခါ ဦးထန်ဖုန်းရှိန် ခေါင်းဆောင်သော မိုးမခသစ်တောစခန်းမှ မိမိတို့လူများဖြစ်သည်ကို မြင်ရသည်။

အနီးသို့ရောက်သောအခါ ဆင်မတောင်ရွာလူကြီး ဦးဘိုးရှံ၊ သစ်ပိုင်ရွာသူကြီး ဦးဘဟန်၊ ကျောက်ဖာစ်လုံးရွာသူကြီး ဦးပန်းခြင့် ကစေမြောင်ဟု အမည်ဆိုးတွင်ခဲ့သော ကညင်မြောင် ရွာကြီး ဒဿ ဆိုသူကိုပါ တွေ့ရသည်။

၎င်းတို့နှင့်အတူ ရွာသူရွာသားအချို့လည်း ပါလာလေသည်။ များသို့ရောက်သောအခါ ဦးထန်ဖုန်းရှိန် က ...

"ဘယ်လိုလဲ ကောင်လေး၊ အခြေအနေကောင်းရဲ့လား"

ဟု မေးလေသည်။

"ကောင်းပါတယ်၊ ဆရာကြီးရှာခိုင်းတဲ့ ဂျပန်အဖွဲ့ကတော့ အဲဒီထဲရောက်နေပြီ"

နီမောင် က ပြောလိုက်သောအခါ ဦးထန်ဖုန်းရှိန် က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သိပြီးပါပြီကွာ၊ သူတို့က သုတေသနလုပ်ငန်းကို အကြော
ပြုပြီး တစ်ခုခုလုပ်တော့မယ်ဆိုတာ အစောကြီးကတည်းက ရိပ်
တယ်၊ ကဝေမြောင်ရွာရောက်တော့ ပောဒ်ီသူကြီး ဦးအသ
အကြောင်းစုံပြောပြတော့မှ သူတို့ရည်ရွယ်ချက်ကို သိရတော့တ
ဌာနချုပ်ကလူတွေက သူတို့ကို စစ်ရေးနဲ့ပတ်သက်တဲ့ လျှို့ဝှ
ချက်တွေလုပ်နေတယ်လို့ ထင်နေကြတာ၊ သူတို့က ရတနာ
နောက်ကို လိုက်နေကြတော့တာကိုး ..."

ဟု ပြောပြလေသည်။

နီမောင် နှင့် ဦးဗန်ကောင်းတို့က ကဝေမြောင်သူကြီး ဦးအ
ပါလာသည်ကို မြင်သောအခါ များစွာ အံ့ဩနေလေသည်။

ထိုအခါ ကဝေမြောင်သူကြီးက ...

"ကျုပ်ကို အထင်မလွဲကြပါနဲ့၊ အရင်က မောင်ရင်တို့နဲ့ တစ်ဦး
တစ်ဦး အထင်မှားပြီးဖြစ်ခဲ့ကြတာတွေကို တောင်းပန်ဖို့ လိုက်လ
တာပါ။ အရင်တုန်းကတော့ ကျုပ်တို့တစ်ရွာလုံးက နတ်ဆရာ
ဆိုတဲ့လူကို ကြောက်လို့ သူခိုင်းတဲ့အတိုင်း လုပ်ရတာပါ။ အခု
မရှိတော့ ကျုပ်တို့တစ်ရွာလုံးက အရင်လိုမဟုတ်တော့ပါဘူး။ ဘ
သူဝင်ဝင် ဘယ်သူထွက်ထွက် ရွာတံခါးတွေကို အမြဲဖွင့်ထားလိုက်
ပြီ။ ရွာရဲ့အမည်ကိုလည်း ကဝေမြောင်လို့ မခေါ် ရတော့ဘဲ ကည
မြောင်လို့ပဲ ပြောင်းခေါ်ဖို့ သတ်မှတ်လိုက်ပါပြီ"

ဟု ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလေသည်။





"ကောင်းတာပေါ့ သူကြီးရာ၊ ဒီလိုဆိုတော့ အားလုံးကောင်း
တာပေါ့"

ထို့နောက် ...

ဆင်မတောင်သူကြီး ကသစ်ပိုင်သူကြီး၊ ကျောက်တစ်လုံးရွာ
ကြီးတို့ကလဲ သူတို့နယ်တစ်ကြောမှာ ဒုက္ခပေးနေသော ဘီလူးနီ
သုဝ်နီ)များကို ရှင်းလင်းသုတ်သင်ပေးသဖြင့် ကျေးဇူးတင်ကြောင်း
င်းပန်းပြောဆိုကြလေသည်။

ထိုသို့ပြောသောအခါ နီမောင် က ...

"ဒီသတ္တဝါကြီးတွေက သူကြီးတို့ထင်သလို ဘီလူးတွေ မဟုတ်
ဘူး။ မလေးရှားစကားနဲ့ အူရင့်အူတန်လို့ခေါ်တဲ့ တောလူကြီးတွေ
ပါ တကယ်တော့ လူဝံကြီးတွေလို့ ပြောရင်လဲ ရပါတယ်"

ဟု ပြောပြသည်။

"ဩော် ... ကျုပ်တို့က ခန္ဓာကိုယ်ကကြီးကြီး မျက်နှာပေါက်
ကြောက်စရာနဲ့ ရက်ရက်စက်စက် လူတွေကို လိုက်သတ်နေ
တော့ ဘီလူးလို့ ထင်မိတာပေါ့ကွယ်"

"တောလူတွေက လူသားနဲ့တိရစ္ဆာန်တွေရဲ့ အသားကို လုံးဝ
စားပါဘူး၊ သစ်သီး သစ်ဥနဲ့ သစ်ရွက်တွေကိုပဲ စားကြတာပါ။ ဒီ
တောလူတွေဟာ စွမ်းအားကြီးသလောက် အသိဉာဏ်ကလဲ လူ
လောက်နီးပါးရှိပါတယ်။ တကယ်ဆိုရင် တောလူတွေဟာ ဘယ်သူ့
ကိုမှ ရန်မူလေ့မရှိဘဲ သူ့မိသားစုနဲ့သူ၊ သူ့အဖွဲ့နဲ့သူ အေးအေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းနေလေ့ရှိတဲ့ သတ္တဝါတွေပါ”

“ဟင် ... ဒီလိုဖြင့် လူတွေကို ဘာကြောင့် ရက်ရက်စက်စက်ထေ
လိုက်သတ်နေတာလဲကွယ်”

“သူတို့တွေဟာ မိသားစုအပေါ် သံယောဇဉ်ကြီးသလော
အဲဒီမိသားစုတွေကို နာကျင်အောင်၊ ထိခိုက်ဒဏ်ရာရအောင်၊ ေ
အောင်လုပ်မိရင်တော့ အငြိုးကြီးတတ်တယ်၊ ကလဲ့စားချေတ
တယ်၊ သူတို့ကို ဒဏ်ရာအနာတရဖြစ်အောင်လုပ်သွားရင် အဲဒီလူ
မတွေ့တွေ့အောင် လိုက်ရှာပြီး ကလဲ့စားချေတတ်ကြတယ်”

“ကြောက်စရာပဲ”

“အခု ဒီရိုးမထဲမှာဖြစ်ခဲ့တဲ့ကိစ္စတွေဟာလဲ တောလူတွေကို ၎
တွေက စပြီး အန္တရာယ်ပြုမိလို့ မီးခိုးမဆုံး မိုးမဆုံး အန္တရာယ်ေ
ပေါ်လာတာပေါ့၊ တခြားမကြည့်နဲ့ ဆင်မတောင်က မြင့်ဆောင် ဒ
ဆေးဆရာတွေနဲ့ လမ်းပြလိုက်သွားရင်း လူဝံနီတစ်ကောင်ကို သေ
နဲ့ပစ်ခဲ့တယ်၊ ဒါကြောင့် ကျန်တဲ့လူဝံနီတွေက သူ့နောက်ကိုလို
လာရင်း ရွာတွေကိုရောက်လာပြီး လူတွေကို လိုက်ပြီးအန္တရာယ်
ကြတာပါ”

“အော် ... ဒါကြောင့်ကိုး၊ မြင့်ဆောင် တစ်ယောက် တော
က ပြန်ပြေးလာပြီးတာတောင် ရွာမှာ ဆက်မနေဝံ့တဲ့ မော်ဘီဘ
အထိ ဆင်းပြေးရတာ သူ့အပြစ်နဲ့သူကိုး”

“လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ်၊ ကြီးတယ်၊ ငယ်တယ် မဟုတ





ဘူး ကိုယ့်ကို နာကျင်အောင်၊ ထိခိုက်အောင်လုပ်မယ်၊ ကိုယ့်မိသား
စုကို ထိခိုက်အောင်၊ ပြိုကွဲအောင်လုပ်လာရင် အသက်ကို ပမာန
မထားတော့ဘဲ ရက်ရက်စက်စက် တုံ့ပြန်တိုက်ခိုက်ကြပါတယ်။
ပုရွက်ဆိတ်တစ်ကောင်ကတောင်မှ သူ့ကို နာအောင်လုပ်ရင် သူ့
ထက် အဆပေါင်းများစွာကြီးတဲ့လူကို အသက်အသေခံပြီး ပြန်ကိုက်
တဲ့ နမူနာမျိုးပါပဲ၊ လူဝံနီတွေက လူတွေကို အကြောင်းမဲ့ ရန်ရှာချင်
ကြလို့မဟုတ်ပါဘူး။ စည်းမစောင့်တဲ့လူတစ်ယောက်ယောက်က
သူတို့ မခံနိုင်အောင်သွားလုပ်မိလို့ ခါချဉ်အုံကို တုတ်နဲ့ဆွမိသလို
အန္တရာယ်တွေ မိုးမဆုံး မြေမဆုံး ဖြစ်လာတော့တာပါပဲ”

ဟု နီမောင် က ရှင်းပြတော့မှ အားလုံးလည်း သဘောပေါက်
သွားကြပြီး လူတစ်ယောက် မကောင်းခဲ့မှုကြောင့် အပြစ်မဲ့သောလူ
များလည်း အကြောင်းမဲ့ သေကျေပျက်စီးကြ၊ အပြစ်မဲ့သော လူဝံနီ
ကြီးများလည်း မျိုးတုံးလုမတတ် သေကျေပျက်စီးမှုဖြစ်ကြသည်ကို
စိတ်မကောင်းဖြစ်ကြလေတော့သည်။

ထို့နောက် ...

နီမောင် တို့က ဂူထဲမှရလာသောရတနာများကို ဦးထန်ဖုန်းရှိန်
လက်သို့ အပ်လိုက်ကြလေသည်။

ဦးထန်ဖုန်းရှိန် က ရတနာများကို ကြည့်ရင်း ...

“မင်းတို့ ဒီရတနာတွေကို ဘယ်လိုရှာတွေ့ခဲ့သလဲ”

ဟု ခပ်ပြုံးပြုံး မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂူထဲမှာ သိုက်စာလိုလို၊ ဘာလိုလို အညွှန်းစာတစ်ခုတွေ့တာနဲ့ အဲဒီအညွှန်းအတိုင်း လှုဝံရုပ်ကြီးရဲ့ရင်ဘတ်ထဲက ရခဲ့တာပါ"

"အဲဒီလှုဝံရုပ်ကြီး ဘယ်သူလုပ်တာလို့ထင်သလဲ"

"ကျွန်တော်မသိဘူး ဆရာကြီး"

"အဲဒီလှုဝံရုပ်ကြီးရဲ့ လက်ရာရှင်က တခြားမဟုတ်ဘူး၊ ဟောဒီ ဦးလူဆိုင် ပေါ့ကွယ်"

"ဦးလူဆိုင် ... ဟုတ်လား"

နီမောင်ရော ဦးဗန်ကောင်း ပါ အံ့သြသွားကြသည်။

"ဟုတ်တယ်၊ ဦးလူဆိုင်ဆိုတာ တခြားမဟုတ်ဘူး၊ မင်းတို့နှစ်ယောက်ကို အကူအညီပေးနိုင်ဖို့ ငါ လွှတ်ပေးလိုက်တဲ့ ငါ့ရဲ့မိတ်ဆွေပါပဲ"

"ဆရာကြီးရယ် ကျွန်တော်တို့ နားလည်အောင်လဲရှင်းပြပါဦး"

"ဒီလိုလေ။ ဦးလူဆိုင် က အင်္ဂလိပ်တွေ ရတနာတွေ လာခိုးတော့ သူပါ ပါလာတယ်၊ လှုဝံရုပ်ကိုထုပြီး ရတနာတွေထည့်တာ သူတို့အဖွဲ့ပဲ၊ ပြီးတော့မှ အင်္ဂလိပ်တွေက ပစ်သတ်ခဲ့တာ။ အဲဒီလို သတ်တော့ အားလုံး သေပြီး သူတစ်ယောက်ကတော့ ကံကောင်းထောက်မပြီး အသက်မသေဘဲ ကျန်နေခဲ့တယ်၊ အင်္ဂလိပ်တွေ ထွက်သွားတော့မှ ဂူနံရံပေါ်မှာ စာတွေထွင်းထားခဲ့တာ"

"ဒါနဲ့တောင် သူက အစကတည်းက ဒီအကြောင်းတွေကို ဘာကြောင့်ဖွင့်မပြောခဲ့တာလဲ"





"ဒါကလဲ ငါ့ရဲ့အစီအစဉ်တွေပဲ၊ မင်းတို့အစွမ်းအစတွေ ဘယ်လောက်ရှိသလဲ သိချင်လို့ တမင်မပြောခိုင်းတာပါ"

"တတ်လဲတတ်နိုင်ပါပေ့ ဆရာကြီးရယ်၊ ဒါထက် သူကျွန်ရော ဆရာကြီးကပဲ ထည့်ပေးလိုက်တာလား"

နီမောင် က စောမူ ဆိုသော မိန်းကလေးကိုကြည့်ရင်း မေးလိုက်လေသည်။

"အင်း ... သူကတော့ ဦးလူဆိုင်ရဲ့ မြေးမလေးအစစ်ပါပဲ၊ ယှဉ်တွဲရှိအောင်လို့ သူ့ကိုပါ တမင်ထည့်ပေးလိုက်တာ"

ထိုအခါ စောမူ ဆိုသော မိန်းကလေး က ...

"ကျွန်မရဲ့အသက်ကို ကယ်ခဲ့တဲ့အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်"

ဟု အပြုံးကလေးဖြင့် စကားဆိုသည်။

"မလိုပါဘူး ညီမရယ်၊ တို့တစ်တွေက ခရီးသွားဖော်သွားဖက်တွေပဲ၊ ဒီလိုပဲ ကူညီကြရမှာပေါ့၊ မင်းတို့မြေးအဘိုးရဲ့အကူအညီပေးမှုတွေကလဲ တို့အတွက် အများကြီးအထောက်အပံ့ရှိပါတယ်"

ဟု နီမောင် က ပြောလိုက်သည်။

ထိုအခါ ဦးထုန်ဖုန်းရှိန် က ...

"နီမောင်ရေ သူတို့မြေးအဘိုးက အရင်ကတော့ အထက်ပိုင်းက သစ်တောစခန်းတွေမှာ နေကြတာကွ၊ အခု ဒီကပြန်သွားရင်တော့ တို့ရဲ့ မိုးမခစခန်းမှာပဲ ခေါ်ထားမလားလို့ စိတ်ကူးထားတယ်၊



www.burmeseclassic.com

မကောင်းဘူးလား”

ဟု မေးသောအခါ နီမောင် က အဖြေမပေးခင် ဦးဖန်ကောင်းက ပြုံးစေ့စေ့အမူအရာဖြင့် ...

“ကောင်းတာပေါ့ ဆရာကြီး။ ဒီအစီအစဉ် ကောင်းတယ်၊ နီမောင်လဲ အဝေးကြီးသွားလည်စရာမလိုတော့ဘူး။ ကိုယ့်စခန်းထဲမှာ ဆိုတော့ အချိန်မရွေး လည်လို့ပတ်လို့ရတာပေါ့”

ဟု ပြောလိုက်ရာ စွန့်စားမှုများတွင် တော်သလောက် အချစ်ရေးအချစ်ရာနှင့်ပတ်သက်လာလျှင် သတ္တိနည်းလှသော နီမောင်ခမျာ မျက်နှာမထားတတ်အောင်ရှိလေသည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ ဦးလှဆိုင် နှင့် စောမူ တို့သည် စခန်းရွှေ့ပြောင်းသောအခါ သူကိုယ်တိုင် ကမကထ ပြုလုပ်ကာ လိုက်လံဆောင်ရွက်ပေးလေသည်။

အခြားလုပ်ဖော်ကိုင်ဖက်များကတော့ တက်တက်ကြွကြွ လုပ်ကိုင်နေသော နီမောင့် အမူအရာကိုကြည့်ရင်း သဘောပေါက်စွာ ပြုံးကြလေသည်။

ဦးလှဆိုင်တို့ ပထမနေသောနေရာနှင့် မိုးမခသစ်တောစခန်းမှာ အတန်ငယ်ဝေးသောကြောင့် လမ်းမှာ ခရီးတစ်ထောက်နားကြလေသည်။

ထိုသို့နားကြစဉ် လုပ်ဖော်ကိုင်ဖက်များက နီမောင့်ကို ခြောက်ပေးကြသည်။





“နီမောင် ဒီလိုအခွင့်အရေးမျိုးက နောက်ဆိုရင် ရဖို့မလွယ်ဘူး။ အခု အခြေအနေပေးတုန်း မိန်းကလေးကို ဖွင့်ပြောစရာရှိတာ ပြောပါလား”

“ဒါက ဘာပြောရမှာလဲ”

“မင်း သူ့ကို စိတ်မဝင်စားဘူးလား”

“အင်း ...”

နီမောင် က ဘာမှပြန်မပြောဘဲ အီလည်လည်လုပ်နေသည်။

“ပွင့်ပွင့်လင်းလင်းပြောစမ်းကွာ၊ မင်း သူ့ကို ချစ်နေတယ် မဟုတ်လား”

“ဒါ သူ့ကို သဘောကျပါတယ်”

အဖြေကို တည့်တည့်မပြောဘဲ ဝေ့လည်ကြောင်ပတ် ပြောနေသည်။

“ဟေ့ကောင် တစ်ယောက်နဲ့တစ်ယောက် လက်ထပ်တော့မယ်လို့ ရည်ရွယ်ချက်ရှိရင် သဘောကျရုံနဲ့မရဘူး။ တစ်ယောက်နဲ့ တစ်ယောက် ချစ်မှ ရမှာ၊ မင်း သူ့ကိုချစ်နေတယ်မဟုတ်လား”

ခေါင်းညိတ်ပြသည်။

ထိုသို့ခေါင်းညိတ်ပြရသည်ကိုပင် ငါးကြော်ပန်းကန်ကို ဝင်နှိုက်စဉ် လူမိသွားသော ကြောင်တစ်ကောင်၏ပုံစံမျိုးဖြစ်နေလေသည်။

“ဒီလိုဖြင့် ဘာမှ တွေတွေထူးထူး စဉ်းစားမနေနဲ့တော့၊ ကောင်မလေး ဟိုဘက်ချောင်းစပ်ကို တစ်ယောက်တည်းဆင်းသွားတာ

www.burmeseclassic.com



တွေ့လိုက်တယ်၊ အဲဒါ မင်း လိုက်သွားပေတော့”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်ကွာ၊ အဲဒါ သွယ်ဝိုက်တဲ့နည်းနဲ့ အခွင့်အရေးပေးတယ်လို့ ခေါ်တယ်၊ အစကတည်းက အခွင့်အရေးမပေးချင်ရင် အဖော်ခေါ်သွားမှာပေါ့ကွ၊ သွားသာသွားပါကွာ”

ဟု တိုက်တွန်းသဖြင့် နီမောင်မှာ စိတ်လှုပ်ရှားစွာဖြင့် ချောင်းစပ်သို့ ဆင်းလာခဲ့သည်။

သစ်တောများ ဖုံးလွှမ်းနေသော ချောင်းကမ်းနံဘေးရောက်တော့ ရေခပ်နေသော စောမူ ကို တွေ့ရသည်။

သူ့ခြေသံကြားတော့ စောမူ က လှည့်ကြည့်သည်။

နီမောင့်ကိုမြင်တော့မှ မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ သမ်းသွားလေသည်။

“လန့်လိုက်တာ အစ်ကိုရယ်၊ ကျွန်မလဲ တစ်ယောက်တည်းထွက်လာပြီးမှ စိတ်ထဲက ကြောက်နေတာ၊ အစ်ကိုရောက်လာမှပဲ စိတ်သက်သာရာ ရသွားတော့တယ်”

နီမောင် ကပင် စောမူ ရှိရာ ချောင်းစပ်သို့ဆင်းသွားသည်။

“ဒီတောထဲမှာ အန္တရာယ်တွေက အများကြီးရှိတယ်၊ အဖော်မပါဘဲ ဘာကြောင့် တစ်ယောက်တည်းလာရတာလဲ”

“အစ်ကို့ခေါ်ရတာ အားနာလို့ပါ”

“ဘာများအားနာစရာရှိလို့လဲ စောမူ ရယ်၊ တကယ်လို့ စောမူ





တစ်ခုခုဖြစ်သွားရင် အစ်ကိုလဲ ဘယ်ကောင်းပါ့မလဲ”

“ဒါကြောင့် ဆင်းလာတာပေါ့နော်”

“ဒါကြောင့်မဟုတ်ပါဘူး၊ စောမူ ကိုလဲ စိတ်မချလို့ပါ”

“ဟင် ... အစ်ကိုက ကျွန်မကို စိတ်မချဘူး ဟုတ်လား”

နီမောင် က ပြုံးပြီးခေါင်းညိတ်ပြကာ စောမူအနီးသို့ သွားထိုင်လေသည်။

“ဘာဖြစ်လို့ စိတ်မချတာလဲဟင်”

“စောမူ တစ်ခုခုဖြစ်သွားမှာ စိုးလို့ပေါ့”

“အစ်ကိုက ကျွန်မကို အမြဲလိုက်ပြီး စောင့်ရှောက်ပေးနိုင်မှာမို့လား”

“စောမူကသာလက်ခံမယ်ဆိုရင် တစ်သက်လုံး စောင့်ရှောက်ပေးချင်ပါတယ်၊ စောမူ လက်ခံမှာလား”

“အို... အစ်ကိုလဲ ...”

စောမူ က ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းငုံ့သွားလေသည်။

နီမောင်ကလည်း ပြောလက်စနှင့် မထူးတော့သဖြင့် ဆက်ပြောလေသည်။

“ပွင့်ပွင့်လင်းလင်းပြောရရင် အစ်ကို စောမူ့အပေါ်မှာ မေတ္တာရှိနေတယ်၊ စောမူကသာ အစ်ကို့မေတ္တာကို လက်ခံမယ်ဆိုရင် လူကြီးတွေကိုဖွင့်ပြောပြီး လက်ထပ်ချင်ပါတယ်”

“မမြန်လွန်းဘူးလား အစ်ကိုရယ်”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်သဘော တစ်ယောက်သိကြပြီဆိုမှတော့ နေးတယ်၊ မြန်တယ် ဆိုတာတွေ မလိုပါဘူး စောမူ သဘောကို ပြောဦးလေ"

"ကျွန်မ စဉ်းစားပါရစေဦး အစ်ကိုရယ်"

ထိုသို့ပြောနေစဉ် မလှမ်းမကမ်းနေရာမှ 'ဝုန်းခနဲ'အသံ ကြားလိုက်ရပြီး မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် ချောင်းစပ်သို့ ခုန်ချလာသည်။

အခြားမဟုတ်ပေ၊ လူဝံနီတစ်ကောင်ပင်ဖြစ်၏။

"အမယ်လေး ..."

စောမူ က ကြောက်လန့်တကြားအော်ဟစ်ကာ နီမောင့်ရင်ခွင်ထဲသို့ တိုးဝင်လာကာ ဖက်ထားလေသည်။

နီမောင်ကလည်း ပြန်ဖက်ထားရင်း အခြေအနေကို လှမ်းကြည့်နေသည်။

လူဝံနီက ၎င်းတို့အား ရန်မူလိုဟန်မရှိဘဲ သူတို့ရှိရာသို့ လှမ်းကြည့်နေသည်။

ပြီးလျှင် ရေသောက်ပြီးနောက် အေးအေးဆေးဆေး အမူအရာနှင့် တောထဲ ပြန်ဝင်သွားတော့သည်။

ထိုအခါမှ နီမောင်မှာ သက်ပြင်းချနိုင်တော့သည်။

"အစ်ကို ကျွန်မကိုလွှတ်ဦးလေ"

"ဟိုမှာ လူဝံကြီးရှိနေသေးတယ်"





"ဘယ်မှာလဲ"

"ဟိုတောစပ်မှာ ချောင်းကြည့်နေတယ်"

"အစ်ကို ညာတာမများနဲ့နော်"

နီမောင် က ရယ်ရယ်မောမောဖြင့် စောမူ ကိုယ်ကလေးကို တိုး၍ဖက်ထားလိုက်သည်။

စောမူ ကလည်း မရုန်းတော့ပေ။

ယခုတော့လည်း ကြောက်မက်ဖွယ်ရာများဖြင့် ပြည့်နေသော တောနက်ကြီးတစ်နေရာတွင် အလှတရားဖြင့် လှပသာယာလျက် ရှိနေပြန်သည်။

ဤနေရာတွင် ကျွန်ုပ် ရေးသားသော (ယက္ခလိုက်ဂူမာယာ) အမည်ရှိ ဂန္ထဝင်ရှာ၊ ဆန်းကြယ်ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံး တမှတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

*အနိစ္စ ဟောဘော သုခီအတ္တာနံ ပရိဟာရန္တု*

ကြိုးစည်

စာပြီးချိန် ။ ။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်၊ ကြာသပတေး နေ့ နံနက်(၉)နာရီ။



www.burmeseclassic.com